# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

**အကျိုးစီးပွားဖြစ်ထွန်းနိုင်**

မိမိရရှိထားသော ဥစ္စာပစ္စည်းတို့သည်လည်းကောင်း၊ သဒ္ဒါတရားတို့သည်လည်းကောင်း ပိုင်ဆိုင်ထားရုံ၊ မိမိနှင့် အတူရှိရုံမျှနှင့် အကျိုးမရှိချေ။ ယင်းတို့ကို အသုံးပြု၍ ကုသိုလ်ကောင်းမှု အမျိုးမျိုးကို ပြုလုပ်နိုင်ခြင်းသည်သာလျှင် အကျိုးစီးပွားဖြစ်ထွန်းနိုင်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၃)

၁၃၈၁ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၀ ရက် ၂၀၁၉ ခုနှစ်၊ ဇွန် ၂၇ ရက်၊ ကြာသပတေးနေ့ အတွဲ (၅၈)၊ အမှတ် (၂၇၀)




နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။ သတင်းစဉ်

# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အခမ်းအနားတွင် မိန့်ခွန်းပြောကြား

**နေပြည်တော် ဇွန် ၂၆**

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် တက်ရောက် မိန့်ခွန်းပြောကြားသည်။

အခမ်းအနားသို့ ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ဒေါက်တာ မြင့်ထွေး၊ ဒေါက်တာဝင်းမြတ်အေး၊ ဦးကျော်တင်၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ ဒုတိယဝန်ကြီးများ၊ လွှတ်တော်ဥပဒေကြမ်းကော်မတီဝင်များ၊ သံအမတ်ကြီးများနှင့် စစ်သံမှူးများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ မူးယစ်ဗဟိုအဖွဲ့ဝင်များ၊ လူမှုအဖွဲ့အစည်းများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က မိန့်ခွန်းပြောကြားသည်။

**(နိုင်ငံတော်သမ္မတ၏ မိန့်ခွန်းအား စာမျက်နှာ ၃ တွင် သီးခြားဖော်ပြထားပါသည်။)**

**သဝဏ်လွှာ ဖတ်ကြား**

ထို့နောက် ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံးမှ Regional Representative Mr. Jeremy Douglas က ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ထံမှ ပေးပို့သော သဝဏ်လွှာကို ဖတ်ကြားသည်။

*စာမျက်နှာ ၄ ကော်လံ ၁* ◆

## မိုက်ပွန်ပီအိုအား နျူကလီးယားဆွေးနွေးပွဲများ ဟန့်တားနေသူတစ်ဦးအဖြစ် မြောက်ကိုရီးယား ဖော်ပြ

*စာမျက်နှာ - ၁၄*

## မြိတ်-တနင်္သာရီ-မောတောင်ကားလမ်းပေါ်ရှိ တနင်္သာရီတံတား ၇၃ ရာခိုင်နှုန်းပြီးစီး

*စာမျက်နှာ - ၁၉*

KBZ BANK
BEST BANK IN MYANMAR
Awarded by
World Finance
Awarded by
Euromoney
Awarded by
The FinanceAsia

မြန်မာ့အလင်း

# ထုတ်ကုန်သီးနှံတို့အတွက် ဈေးကွက်

ခေတ်အဆက်ဆက်မှသည် ယနေ့အထိ မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံ၍ ရပ်တည်နေရဆဲနိုင်ငံဖြစ်သည်။ လယ်ယာစိုက်ပျိုးရေးဖြင့် အသက်မွေးရပ်တည်နေကြရသည့် မြန်မာနိုင်ငံ၏ အများစုသော တောင်သူလယ်သမားတို့မှာ အခက်အခဲများနှင့် ရင်ဆိုင်ကြရသည့်အနက် လက်ရှိအခြေအနေတွင် စိုက်ပျိုးရေးထွက်ကုန်များအတွက် သေချာခိုင်မာသော ဈေးကွက်တို့ ပျောက်ကွယ်နေခြင်းပင်ဖြစ်သည်။ တောင်သူတို့၏ စိုက်ပျိုးသီးနှံများအတွက် ဈေးကွက်မရှိခြင်း၊ ထိုက်သင့်သည့် ဈေးနှုန်းမရရှိခြင်း စသည့်အကြောင်းတရားတို့ကြောင့် စိုက်ပျိုးရေးကဏ္ဍမှာ တဖြည်းဖြည်းနှင့် ဆုတ်ယုတ်လာပြီလောဟု တွေးစရာဖြစ်လာသည်။ တောင်သူတို့၏ သားသမီးမျိုးဆက်များက လယ်ယာစီးပွားရေးကို စွန့်ခွာကြသည်။ စားဝတ်နေရေးအတွက် ဇာတိဒေသကို စွန့်ခွာကာ အခြားအလုပ်အကိုင်များဆီသို့ ကူးပြောင်းကြသည်။

တောင်သူတို့ စိုက်ပျိုးထုတ်လုပ်ကြသည့် ထွက်ကုန်အများစုမှာ ဈေးကွက်တစ်ခုတည်းကိုသာ မှီခိုကာ စိုက်ပျိုးထုတ်လုပ်ကြခြင်းဖြစ်သည့်အတွက် ၎င်းတို့ မှီခိုထားသည့် ဈေးကွက်က ဝယ်ယူခြင်းမရှိသည့်အခါ (သို့မဟုတ်) ထုတ်လုပ်ထားသလောက် ဝယ်ယူခြင်း မရှိသည့်အခါ (သို့မဟုတ်) ဈေးနှိမ်ဝယ်ယူသည့်အခါ စိုက်ပျိုးထုတ်လုပ်သူ တောင်သူလယ်သမားတို့မှာ ထိခိုက်ဆုံးရှုံးမှုများနှင့် ရင်ဆိုင်ကြုံတွေ့ကြရသည်။ တစ်ဖက်တွင်လည်း ပတ်ဝန်းကျင်နိုင်ငံများမှ တောင်သူလယ်သမားများနှင့် စိုက်ပျိုးထုတ်လုပ်မှုချင်း ယှဉ်ပြိုင်နိုင်စွမ်း မရှိသည့်အတွက် ထုတ်ကုန်သီးနှံများ၏ ထုတ်လုပ်နိုင်မှုပမာဏ၊ ထုတ်ကုန်သီးနှံများ၏ အရည်အသွေး၊ ထုပ်ပိုးမှုပုံစံ၊ တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်မှု စသည်တို့တွင် နောက်ကျကျန်ခဲ့သည့်အလျောက် ဈေးကွက်တွင်လည်း ဝယ်သူကသာ အကဲသာသည့် အခြေအနေတို့နှင့် ရင်ဆိုင်ကြရသည်။

တောင်သူတို့၏ အခက်အခဲနောက်တစ်ခုမှာ မျိုးကောင်းမျိုးသန့် ရရှိရေးဖြစ်သည်ဟူ၍လည်း သိရသည်။ စိုက်ပျိုးသီးနှံများအတွက် မျိုးများကို အိမ်နီးချင်းနိုင်ငံများမှ တင်သွင်းကြရပြီး အရည်အသွေးအာမခံချက်မရှိသည့်အတွက် ထိခိုက်ဆုံးရှုံးမှုများ တွေ့ကြုံကြရသည်။ ဈေးကွက်အာမခံချက်မရှိခြင်း၊ မျိုးစေ့အာမခံချက်မရှိခြင်းတို့အပြင် နောက်တစ်မျိုးမှာ ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေးစသည့် စိုက်ပျိုးရေးသုံး ဓာတုပစ္စည်းများ၏ အရည်အသွေးနှင့် စပ်လျဉ်း၍ အာမခံချက်မရှိခြင်းဖြစ်သည်ဟု တောင်သူတို့က ဆိုကြသည်။ ဈေးကွက်အတွင်း အချို့တရားမဝင်ရောင်းချနေကြသည့် စိုက်ပျိုးရေးသုံးဆေးဝါးများကြောင့် စိုက်ပျိုးမြေများ ပျက်စီးမှုဖြစ်ပေါ်ရသည်ဟုလည်း ဆိုကြသည်။ စိုက်ပျိုးရေးကဏ္ဍအတွက် နောက်ထပ်အခက်အခဲတစ်ခုမှာ လုပ်သားရှားပါးမှုပြဿနာဖြစ်သည်။ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတွင် လုပ်ကိုင်သည်ထက် ပို၍ဝင်ငွေကောင်းသော၊ ပို၍သက်သာသောလုပ်ငန်းများဆီသို့ ကူးပြောင်းသွားကြခြင်းကြောင့် လုပ်သားရှားပါးမှုဖြစ်ပေါ်လာပြီး လုပ်အားခကြီးမြင့်မှုကြောင့် ထုတ်လုပ်မှုအတွက် ကုန်ကျစရိတ်များလည်း မြင့်တက်လာရသည်။

အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း မြန်မာ့လယ်ယာစီးပွားရေး ကဏ္ဍ၏ အခက်အခဲများအတွက် အစိုးရဘက်မှ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် စိုက်ပျိုးထုတ်လုပ်သူ တောင်သူလယ်သမားတို့အကြား အချိတ်အဆက်အားကောင်းကောင်းနှင့် ပူးပေါင်းဖြေရှင်းသွားကြဖို့လိုအပ်သည်ဟု ယူဆမိသည်။ စိုက်ပျိုးရေးထွက်ကုန်တစ်ခုစီအတွက် ဈေးကွက်တစ်ခုတည်းကိုသာ မှီခိုထုတ်လုပ်နေရမှုမှ လွတ်မြောက်နိုင်ရန် ဈေးကွက်သစ်များ ရှာဖွေရေး၊ သီးနှံဈေးကွက်များ၏ အခြေအနေများကို အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်စေရန် ဈေးကွက်သတင်းများ ဖြန့်ဝေရေး၊ အရည်အသွေး ပြည့်ဝကောင်းမွန်သော သီးနှံများစိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် နည်းပညာနှင့် အခြားလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေးစသည်တို့အတွက် သက်ဆိုင်ရာတို့မှ ဆောင်ရွက်ပေးသကဲ့သို့ ကာယကံရှင်တောင်သူများအနေဖြင့်လည်း ဥစ္စာရှင်လို ဥစ္စာရှင်ခဲဆိုသကဲ့သို့ ဉာဏ်နှင့် ဝီရိယတို့ကို အားထည့်စိုက်ထုတ်နိုင်ပါမှ နိုင်ငံတကာဈေးကွက်တွင် ယှဉ်နိုင်မည်ဟု ယုံကြည်မိပါကြောင်း။ ။

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပသည့် CLMVT Forum သို့တက်ရောက်ဆွေးနွေး



ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် CLMVT Forum 2019 သို့ တက်ရောက်ခဲ့စဉ်။

**နေပြည်တော် ဇွန် ၂၆**
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ Renaissance Bangkok Ratchaprasong Hotel ၌ ဇွန် ၂၄ ရက်ကကျင်းပသည့် CLMVT Forum 2019 သို့ ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုနိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ ဝန်ကြီးများနှင့်အတူ တက်ရောက်ဆွေးနွေးခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲတွင် ထိုင်းနိုင်ငံဝန်ကြီးချုပ် ပရာယွတ်ချန်အိုချာက အဖွင့်အမှာစကား ပြောကြားသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် Ministerial Conversation– CLMVT ၌ Region of Endless Opportunities ခေါင်းစဉ်ဖြင့် ဆွေးနွေးခဲ့ရာ ဒေသတွင်းနိုင်ငံများအနေဖြင့် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုတွင် ဖြစ်ပေါ်နေသည့် အခြေအနေများအပေါ် မူတည်၍ ရရှိလာနိုင်မည့်အခွင့်အရေးများကို အကျိုးရှိစွာ အသုံးချနိုင်ရန်အတွက် အချင်းချင်းပူးပေါင်းဆွေးနွေးလေ့လာရန်နှင့် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားနိုင်ရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။ ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသော ပုဂ္ဂိုလ်များက သိရှိလိုသည့် မေးမြန်းချက်များအပေါ် သက်ဆိုင်ရာဝန်ကြီးများက ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့သည်။

ယင်း CLMVT Forum 2019 သို့ ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုနိုင်ငံ၊ ဗီယက်နမ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ တာဝန်ရှိသူများ၊ ကျွမ်းကျင်သူများ၊ ပညာရှင်များနှင့် စီးပွားရေး လုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ၂၀၁၉ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာသမဝါယမနေ့အထိမ်းအမှတ် ဈေးရောင်းပွဲတော်နှင့် ထုတ်ကုန်ပစ္စည်းပြပွဲကျင်းပမည်

**နေပြည်တော် ဇွန် ၂၆**
ဇူလိုင် ၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာသမဝါယမနေ့အထိမ်းအမှတ်အဖြစ် ဈေးရောင်းပွဲတော်နှင့် ထုတ်ကုန်ပစ္စည်းပြပွဲကို ဇူလိုင် ၅ ရက်မှ ၇ ရက်အထိ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၆ နာရီအထိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရုံးအမှတ်(၁၆) နေပြည်တော်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ဈေးရောင်းပွဲတွင် မြန်မာနိုင်ငံအနှံ့အပြားမှ ဒေသထွက်ကုန်ပစ္စည်းများဖြစ်သည့် စားသောက်ကုန်များ၊ အဝတ်အထည်အမျိုးမျိုး၊ လူသုံး၊ အိမ်သုံးပစ္စည်းများ၊ အလှကုန်ပစ္စည်းများနှင့် လက်မှုပစ္စည်းများကို ဈေးနှုန်းချိုသာစွာဖြင့် ခင်းကျင်းပြသရောင်းချသွားမည်ဖြစ်ရာ ပြည်သူများအနေဖြင့် လာရောက်ကြည့်ရှု၍ လွတ်လပ်စွာဝယ်ယူအားပေးနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

## ဖြူးမြို့နယ်၌ ရထားခဲပေါက်မှုဖြစ်စဉ်များနှင့် ရထားတိုက်မှု မဖြစ်စေရေး အသိပညာပေး

**ပဲခူး ဇွန် ၂၆**
ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ဇေယျဝတီမြို့ မြို့မ ၄ ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးတွင် ဇွန် ၂၄ ရက်က ရထားရဲတပ်ဖွဲ့ အမှတ် ၁၁ တပ်ခွဲ တပ်စု ၃ ဖြူးမှ ရဲအုပ် ကျော်တင်ဦး ဦးစီးသော ရဲတပ်ဖွဲ့ဝင်များနှင့် ဇေယျဝတီ ဘူတာရုံပိုင်ကြီး ဦးအောင်ဇော်ဦး၊ မြို့မ ၄ ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးစောဖိုးထွန်းတို့သည် ရပ်ကွက်နေ ပြည်သူများအား ရထားအား ခဲနှင့်ပစ်ပေါက်မှုဖြစ်စဉ်များ မဖြစ်စေရေးနှင့် ရထားနှင့် ယာဉ်တိုက်မှုဖြစ်စဉ်များ၊ ရထားတိုက်၍ ကြိတ်ခံရပြီး ထိခိုက်ဒဏ်ရာရ သေဆုံးမှုဖြစ်စဉ်များနှင့် ရထားပို့ဆောင်ရေးလုပ်ငန်းဥပဒေများကို အသိပညာပေး ဟောပြောခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ခင်ကို (ကျောက်တံခါး)**

## ဥပဒေအရာရှိများ မွမ်းမံသင်တန်း အမှတ်စဉ် (၃၁) သင်တန်းဆင်းပွဲ ကျင်းပ

**နေပြည်တော် ဇွန် ၂၆**
ပြည်ထောင်စုရှေ့နေချုပ်ရုံး ဥပဒေအရာရှိများ မွမ်းမံသင်တန်းအမှတ်စဉ် (၃၁) သင်တန်းဆင်းပွဲ အခမ်းအနားကို ယမန်နေ့က ပြည်ထောင်စုရှေ့နေချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးက ဥပဒေအရာရှိများ၏ လုပ်ငန်းတာဝန်များတွင် တရားစွဲနှင့် အမှုလိုက်လုပ်ငန်းသည် တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုကဏ္ဍတိုးတက်ရေးအတွက် များစွာ အရေးကြီးပါကြောင်း၊ အဆိုပါလုပ်ငန်းတာဝန်များကို ပြည်ထောင်စုရှေ့နေချုပ်ဥပဒေ၊ နည်းဥပဒေတို့နှင့်အညီ ထမ်းဆောင်ကြရန်လိုအပ်ပါကြောင်း၊ မျှတသောတရားစီရင်မှုစနစ် တိုးတက်ကောင်းမွန်ရေးအတွက် တရားလို၊ တရားခံများ၏ အခွင့်အရေးများကို ဥပဒေနှင့်အညီ မှန်ကန်မျှတစွာ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ တာဝန်ထမ်းဆောင်ကြရာတွင် ခံယူချက်နှင့် ကိုယ်ကျင့်တရားများ ကောင်းမွန်ရန် လိုအပ်သကဲ့သို့ လာဘ်ပေးလာဘ်ယူ ကင်းရှင်းရန်လိုအပ်ကြောင်း၊ ဥပဒေအရာရှိကျင့်ဝတ်နှင့် ဝန်ထမ်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို လေးစားလိုက်နာကြရမည်ဖြစ်ကြောင်း၊ ဥပဒေများကို နှံ့စပ်ကျွမ်းကျင်ရန် အမြဲလေ့လာဆည်းပူးရမည်ဖြစ်ကြောင်း မှာကြားသည်။


ပြည်ထောင်စု ရှေ့နေချုပ် ဦးထွန်းထွန်းဦး သင်တန်းဆင်းပွဲ၌ အမှာစကားပြောကြားစဉ်။

သင်တန်းဆင်းပွဲ အခမ်းအနားသို့ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ဒုတိယရှေ့နေချုပ်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ သင်တန်းဆရာ/ ဆရာမ များနှင့် သင်တန်းသားသင်တန်းသူ ၃၀ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

## ကလေးများ အန္တရာယ်ကင်းစေဖို့ အသိပညာပေး ဟောပြော

**သုဝဏ္ဏဝတီ ဇွန် ၂၆**
မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့ အခြေခံပညာ အထက်တန်းကျောင်း (ကျိုက္ကော်) ရွှေရတုခန်းမ၌ ယမန်နေ့က မွန်ပြည်နယ်လွှတ်တော် အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီမှ ကြီးမှူးပြီး ပြည်နယ်ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီနှင့် ကဲ်ရ်မြန်မာ၊ နွေးထွေးသောရင်ခွင်အဖွဲ့တို့က ပံ့ပိုးကူညီဆောင်ရွက်သော ကလေးတို့ အန္တရာယ်ကင်းစေဖို့ အသိပညာပေးကာကွယ်စို့ ခေါင်းစဉ်ဖြင့် ဟောပြောပွဲကျင်းပသည်။

ဟောပြောပွဲတွင် သက်ငယ်မုဒိမ်းပပျောက်စေရန် အဓိကထား၍ ကလေးသူငယ်များ အမြဲသတိရှိရန် အသိပေးထားသင့်သည့်အချက်များ၊ မိဘ/အုပ်ထိန်းသူများက သတိပြုရမည့်အချက်များ၊ ကာကွယ်ရန် နည်းလမ်းများကို မွန်ပြည်နယ်လွှတ်တော် အမျိုးသမီးနှင့် ကလေးသူငယ်အခွင့် အရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဒေါ်ခိုင်ခိုင်လှဲ့က ဟောပြောသည်။ **ခွန် (ဝင်းပ)**

# မူးယစ်ဆေးဝါးအန္တရာယ်ကို လျှော့ချဖို့ ပြည်သူလူထုကလည်း အမျိုးသားရေးပြဿနာအဖြစ် ခံယူပြီး အဖွဲ့အစည်း တစ်ခုချင်းစီမှ လူတစ်ဦးတစ်ယောက်ချင်းစီအထိ တာဝန်ကိုယ်စီရှိစွာဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရမှာဖြစ်

## အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အခမ်းအနားတွင် နိုင်ငံတော်သမ္မတ ပြောကြားသည့် မိန့်ခွန်း

(၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့)

ဒီနေ့ အခမ်းအနားကို တက်ရောက်လာကြတဲ့ ဒုတိယသမ္မတ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်နဲ့ ဒုတိယဝန်ကြီးများ၊ သံအမတ်ကြီးများနဲ့ စစ်သံမှူးများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ နိုင်ငံတကာ အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ မူးယစ်ဗဟိုအဖွဲ့ဝင်များ၊ လူမှုအဖွဲ့အစည်းများနဲ့ အခြားဖိတ်ကြားထားတဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သအပ်ပါတယ်။

**ဧည့်သည်တော်များ ခင်ဗျား-**

ကမ္ဘာပေါ်မှာ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနဲ့ တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အခမ်းအနားကို ကျင်းပလာခဲ့ကြတာ ဒီကနေ့ဆိုရင် ၃၂ ကြိမ်မြောက် ရှိခဲ့ပြီဖြစ်ပါတယ်။

မူးယစ်ဆေးဝါးပြဿနာဟာ ပြည်သူတွေရဲ့ ကျန်းမာရေး၊ လူမှုရေး၊ အခြေခံစီးပွားရေးတို့ကို ထိခိုက်ပျက်စီးစေပြီး နိုင်ငံအတွင်း အကြမ်းဖက်မှု၊ ငွေကြေးခဝါချမှု၊ တရားမဝင် ငွေကြေးစီးဆင်းမှု၊ အဂတိလိုက်စားမှု၊ အကျင့်ပျက်ခြစားမှုများနဲ့ နိုင်ငံဖြတ်ကျော်မှုခင်းတွေကို ဖြစ်ပေါ်စေသလို တစ်ဖက်မှာလည်း မူးယစ်ဆေးဝါးက ရရှိလာတဲ့ ငွေကြေးတွေကြောင့် လက်နက်ကိုင်တော်လှန်မှု၊ အကြမ်းဖက်တိုက်ခိုက်မှုတွေကိုပါ ဆက်စပ်ဖြစ်ပေါ်စေခဲ့ပါတယ်။

မူးယစ်ဆေးဝါးပြဿနာရဲ့ စိန်ခေါ်မှုတွေကို ကိုင်တွယ်ဖြေရှင်းကြရာမှာ နိုင်ငံတွေ၊ အစိုးရတွေအနေနဲ့ မိမိနိုင်ငံရဲ့ အရင်းအမြစ်တွေကို အခြေပြုပြီး အမျိုးမျိုးအဖုံဖုံ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံအနေနဲ့ မူးယစ်ဆေးဝါးပြဿနာကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ကြိုးပမ်းဆောင်ရွက်နေပါတယ်။ မူးယစ်ဆေးဝါးထိန်းချုပ်ရေးအတွက် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းတွေ၊ နိုင်ငံတကာနဲ့ ဒေသတွင်းအဖွဲ့အစည်းတွေ၊ အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းတွေ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းတွေနဲ့လည်း နည်းလမ်းအမျိုးမျိုး၊ ကဏ္ဍအစုံစုံမှာ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

ကမ္ဘာ့လူဦးရေ ၅.၆ ရာခိုင်နှုန်းဖြစ်တဲ့ ၂၇၅ သန်းဟာ တစ်နှစ်အတွင်း မူးယစ်ဆေးဝါး အနည်းဆုံးတစ်ကြိမ် သုံးစွဲဖူးသူများဖြစ်ပြီး လူဦးရေ ၃၁ သန်းဟာ မဖြစ်မနေ ဆေးကုသဖို့ လိုအပ်ကြသူများ ဖြစ်ပါတယ်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရဲ့ ၂၀၁၈ ခုနှစ် စာရင်းများအရ မြန်မာနိုင်ငံမှာ မူးယစ်ဆေးအကြောတွင်း ထိုးသွင်းသူ ၉၃၀၀၀ ဦးခန့်ထိရှိကြောင်း ခန့်မှန်းထားပြီး မူးယစ်ဆေးဝါးနဲ့ ဆက်နွှယ်တဲ့ HIV ရောဂါ၊ အသည်းရောင် အသားဝါရောဂါနဲ့ တီဘီရောဂါကူးစက်မှုတွေ မြင့်တက်လာကြောင်း သိရှိရပါတယ်။

မူးယစ်ဆေးဝါးပြဿနာကို ဖြေရှင်းရာမှာ ဘက်ပေါင်းစုံ၊ နည်းလမ်းစုံ ပါဝင်တဲ့ ချဉ်းကပ်မှုတွေနဲ့ တစ်ချိန်တည်း တစ်ပြိုင်တည်း ဟန်ချက်ညီညီ အကောင်အထည်ဖော်ဆောင်ရွက်သွားရမှာဖြစ်လို့ မြန်မာနိုင်ငံရဲ့ မူးယစ်ဆေးဝါးဥပဒေနဲ့ မူးယစ်ဆေးဝါးထိန်းချုပ်ရေးမူဝါဒအသစ်ကို ၂၀၁၈ ခုနှစ်မှာ ထုတ်ပြန်ခဲ့ပြီးဖြစ်ပါတယ်။ မူဝါဒကို အကောင်အထည်ဖော်မယ့် အမျိုးသားမဟာဗျူဟာစီမံချက်တစ်ခု ရေးဆွဲပြီး တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အဓိကအရေးကြီးဆုံးက အကောင်အထည်ဖော်မှု ထိထိရောက်ရောက် ဆောင်ရွက်နိုင်ဖို့ပဲ ဖြစ်ပါတယ်။

**ဧည့်သည်တော်များခင်ဗျား-**

မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာနကို ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၂ ရက်နေ့မှာ စတင်ဖွဲ့စည်းထားရှိပြီး ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာတဲ့ တိုင်ကြားစာ သတင်းအချက်အလက်များကို စနစ်တကျစိစစ်လက်ခံပြီး ဖမ်းဆီးလျက်ရှိရာမှာ အတန်အသင့် ထိထိရောက်ရောက် ဆောင်ရွက်နိုင်သော်လည်း ပမာဏကြီးမားတဲ့ ထုတ်လုပ်မှု၊ ဖြန့်ဖြူးမှု၊ ရောင်းဝယ်ဖောက်ကားမှု သတင်းတွေ ရရှိမှု အားနည်းနေတဲ့အတွက် လုံခြုံစိတ်ချစွာ သတင်းပေးတိုင်ကြားကြဖို့လည်း တိုက်တွန်းလိုပါတယ်။ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့အနေနဲ့ မူးယစ်ဆေးဝါးဆိုင်ရာ မှုခင်းတွေ ဖြစ်ပွားမှုများပြားတဲ့ နယ်မြေများအလိုက် အထူးစစ်ဆင်ရေးများ ဆောင်ရွက်ခဲ့ရာမှာ ဒီနေ့အထိ အထူးစစ်ဆင်ရေး ၂၅ ခု ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါတယ်။ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နဲ့ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များရဲ့ ကြိုးပမ်းဆောင်ရွက်မှုများကြောင့် ဘိန်းဖြူအပါအဝင် အခြားမူးယစ်ဆေးဝါး အမြောက်အမြားလည်း ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ပါတယ်။

မြန်မာနိုင်ငံအနေနဲ့ ၂၀၁၇ ခုနှစ်မှာ ဘိန်းစိုက်ပျိုးမှု ဟက်တာ ၄၁၀၀၀ ရှိပြီး ထုတ်လုပ်မှုဟာ ၅၅၀ မက်ထရစ်တန်ဖြစ်ပါတယ်။ ၂၀၁၈ ခုနှစ်မှာ ဟက်တာ ၃၇၃၀၀ စိုက်ပျိုးပြီး ထုတ်လုပ်မှု ၅၂၀ မက်ထရစ်တန်ရှိတာကြောင့် ဘိန်းစိုက်ပျိုးမှုမှာ ၉.၁ ရာခိုင်နှုန်းနှင့် ထုတ်လုပ်မှုမှာ ၅.၄၅ ရာခိုင်နှုန်း လျော့နည်းခဲ့ကြောင်း တွေ့ရှိခဲ့ပါတယ်။

ဒါပေမယ့် မူးယစ်ဆေးဝါးပြဿနာဟာ ကြီးမားကျယ်ပြန့်လာပြီး စိတ်ပြောင်းဆေးဝါး ထုတ်လုပ်မှုတွေဟာလည်း မြင့်တက်လာတာ တွေ့ရှိရမှာ ဖြစ်ပါတယ်။ စိတ်ကြွရူးသွပ်ဆေးပြား၊ အိုက်စ်နဲ့ မူးယစ်ဆေးဝါးတွေထုတ်လုပ်ရာမှာ အဓိကကုန်ကြမ်းအဖြစ် အသုံးပြုတဲ့ အစပျိုးဓာတုပစ္စည်း အမြောက်အမြားကို အိမ်နီးချင်းနိုင်ငံ နယ်စပ်များမှတစ်ဆင့် တရားမဝင် သယ်ဆောင်ရောင်းဝယ်လာကြပြီး ဖမ်းဆီးရမိမှုများ မြင့်တက်လာကြောင်းလည်း တွေ့ရှိရပါတယ်။ တစ်ဖက်မှာလည်း ထုတ်လုပ်မှုတွေ မြင့်တက်နေသလို လွယ်လွယ်ကူကူ ရရှိနိုင်မှုရဲ့အကျိုးဆက်ကြောင့် သုံးစွဲမှုနဲ့ ဝယ်လိုအားများ မြင့်တက်လျက်ရှိတာကို တွေ့ရှိရမှာ ဖြစ်ပါတယ်။ လူငယ်လူရွယ်တွေအကြားမှာ မူးယစ်ဆေးဝါး သုံးစွဲမှုနှုန်း မြင့်တက်လာတာနဲ့ အမျှ စာရိတ္တမဏ္ဍိုင် ယိမ်းယိုင်လာပြီး ရာဇဝတ်မှုခင်းများ များပြားလာတဲ့ ဆိုးကျိုးသံသရာကို ဖြစ်ပေါ်စေမှာ ဖြစ်ပါတယ်။



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် မိန့်ခွန်းပြောကြားစဉ်။

> “ ကမ္ဘာ့လူဦးရေ ၅.၆ ရာခိုင်နှုန်း ဖြစ်တဲ့ ၂၇၅ သန်းဟာ တစ်နှစ်အတွင်း မူးယစ်ဆေးဝါး အနည်းဆုံးတစ်ကြိမ် သုံးစွဲဖူးသူများဖြစ်ပြီး လူဦးရေ ၃၁ သန်းဟာ မဖြစ်မနေ ဆေးကုသဖို့ လိုအပ်ကြသူများ ဖြစ်ပါတယ် ”

ဒီကနေ့ ဒီအချိန်မှာ ကျွန်တော်တို့နိုင်ငံရဲ့မျိုးဆက်သစ်လူငယ်တွေကို လူညွှန့်တုံးစေမယ့် မူးယစ်ဆေးဝါးအန္တရာယ်ကို တားဆီးကာကွယ်ဖို့ တစ်နိုင်ငံလုံး၊ ပြည်သူတစ်ရပ်လုံးရဲ့ အမျိုးသားရေးတာဝန်ကြီးတစ်ရပ်အဖြစ် အရှိန်အဟုန်မြှင့်တင်ကြိုးပမ်းကြဖို့ အထူးပဲအရေးကြီးပါတယ်။ ယမန်နှစ်က အခုလို အခမ်းအနားမှာ ကျွန်တော် ပြောခဲ့သလိုပါပဲ ဒီကနေ့ ကျွန်တော်တို့အားလုံး ညီညီညွတ်ညွတ်နဲ့ မူးယစ်ဆေးဝါးအန္တရာယ်ကို မတိုက်ဖျက်နိုင်ဘူးဆိုရင် နောင်လာမယ့် ဆယ်စုနှစ်အတွင်းမှာ ကျွန်တော်တို့နိုင်ငံရဲ့ အနေအထားဟာ မတွေးဝံ့စရာအခြေအနေကို ဆိုက်ရောက်လာနိုင်တယ်ဆိုတာပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ လူ့အဖွဲ့အစည်း တစ်ရပ်လုံးကို ဖြည်းဖြည်းချင်း ဝါးမျိုပြီး ကျွန်တော်တို့ရဲ့လူငယ်တွေကို အညွှန့်ချိုးနေတဲ့၊ ကျွန်တော်တို့ နိုင်ငံရဲ့ ဂုဏ်သိက္ခာနဲ့အနာဂတ်ကို ဖြည်းဖြည်းချင်း ချေမှုန်းနေတဲ့ ဒီမူးယစ်ဆေးဝါးအန္တရာယ်ကို ကျွန်တော်တို့အားလုံး ပြည်သူနဲ့အတူ စုပေါင်းပြီး နှိမ်နင်းကြဖို့ အထူးအလေးအနက်ထား တိုက်တွန်းပြောကြားလိုပါတယ်။

**ဧည့်သည်တော်များ ခင်ဗျား -**

မူးယစ်ဆေးဝါးအန္တရာယ်ကို ပြည်သူတွေအကြားမှာ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ဖို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန စတဲ့အစိုးရအဖွဲ့အစည်းတွေအပြင် ပုဂ္ဂလိကမီဒီယာတွေ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေ မြှင့်တင်သွားမှာ ဖြစ်ပါတယ်။

မူးယစ်ဆေးဝါးသုံးစွဲမှုကို ကြိုတင်ကာကွယ်ပေးဖို့၊ ဆေးကုသပေးဖို့၊ ပြန်လည်ထူထောင်ပေးဖို့၊ လူ့အဖွဲ့အစည်းအတွင်းမှာ ပြန်လည်ပေါင်းစည်းနိုင်ဖို့ ပရဟိတအဖွဲ့အစည်းတွေ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းတွေ၊ ကျွန်တော်တို့ ပြည်သူတွေနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေ တိုးမြှင့်လုပ်ဆောင်သွားရမှာ ဖြစ်ပါတယ်။

မူးယစ်ဆေးဝါးပြဿနာဟာ တစ်နိုင်ငံတည်း ဆောင်ရွက်လို့မရတဲ့အတွက် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးနဲ့ မူးယစ်ဆေးဝါး တရားမဝင်ရောင်းဝယ်ဖောက်ကားမှုတွေ တိုက်ဖျက်နိုင်ရေးကို အိမ်နီးချင်းနိုင်ငံတွေ အပါအဝင် နိုင်ငံတကာနဲ့ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင် လုပ်ဆောင်သွားကြရမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ရဲ့ကျောင်းသားလူငယ်တွေ မူးယစ်ဆေးဝါးကင်းစင်တဲ့ အနာဂတ်မျိုးဆက်သစ်တွေ ဖြစ်စေဖို့ဆိုရင် စာသင်ကျောင်းတွေ အနီးအနားမှာ ဆေးလိပ်အပါအဝင် မူးယစ်ဆေးဝါးရောင်းဝယ်မှုတွေ ကင်းစင်စေဖို့နဲ့ လက်လှမ်းမီရရှိနေတာမျိုး မဖြစ်စေဖို့ ဦးစွာကြိုးပမ်းကြရမှာ ဖြစ်ပါတယ်။ ဆောင်ရွက်ရာမှာလည်း တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရတွေအနေနဲ့ ကျောင်းသား၊ မိဘ၊ ဆရာ/ဆရာမတွေအပြင် လူထုအခြေပြု လူမှုအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းပြီး ကြိုးပမ်းဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။

တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်နဲ့ အောက်ခြေအထိ ဖွဲ့စည်းထားပြီးဖြစ်တဲ့ ဒေသဆိုင်ရာ မူးယစ်ဆေးဝါး တားဆီးကာကွယ်နှိမ်နင်းရေးအဖွဲ့တွေထံကို မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကား သယ်ယူပို့ဆောင်ခြင်းနဲ့ စပ်လျဉ်းပြီး ပြည်သူများက တိုင်ကြားကြဖို့ လိုအပ်ပါတယ်။ ဒီအဖွဲ့များရဲ့ဆောင်ရွက်မှုတွေ၊ အားသာချက်၊ အားနည်းချက်၊ လိုအပ်ချက်နဲ့ အကြံပြုချက်များကို ပြန်လည်သုံးသပ်ပြီး ဒေသခံပြည်သူနဲ့၊ ဒေသခံလူမှုအဖွဲ့အစည်းတွေပါ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရေး လမ်းဖွင့်ပေးထားပြီးဖြစ်လို့ ပိုပြီးထိရောက်ခိုင်မာတဲ့ အပြောင်းအလဲကို အောင်မြင်အောင် အရှိန်အဟုန်နဲ့ ဆက်လက်ဆောင်ရွက်သွားကြရမှာဖြစ်ပါတယ်။

**ဧည့်သည်တော်များခင်ဗျား-**

ဒီနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အတွက် ကုလသမဂ္ဂ မူးယစ်ဆေးဝါးနဲ့ မှုခင်းများဆိုင်ရာရုံးမှ ပေးပို့လာတဲ့ ဆောင်ပုဒ်ကတော့ Health for Justice. Justice for Health **“မူးယစ်ကင်းဖို့ ကျန်းမာရေးနဲ့ တရားရေး လက်တွဲစို့”** ဖြစ်ပါတယ်။ မူးယစ်ဆေးဝါးသုံးစွဲမှုပြဿနာကို ကျန်းမာရေးရှုထောင့်မှ ရှုမြင်သုံးသပ်ပြီး ကုသရေးလုပ်ငန်းတွေကို ထိထိရောက်ရောက် ဆောင်ရွက်ရမှာဖြစ်သလို ဥပဒေပြုရေးနဲ့ တရားစီရင်ရေး အပိုင်းတွေမှာလည်း ယခုထက် ပိုမိုထိရောက်စွာ ပူးပေါင်းဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။

နိဂုံးချုပ်အနေနဲ့ ပြောကြားလိုတာကတော့ နိုင်ငံတော်အစိုးရဟာ မူးယစ်ဆေးဝါးအန္တရာယ်ကို လျှော့ချဖို့ အစိုးရဆိုင်ရာအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများ အချင်းချင်း ပူးပေါင်းဆောင်ရွက်လျက်ရှိတဲ့နည်းတူ ပြည်သူလူထုကလည်း အမျိုးသားရေးပြဿနာအဖြစ် ခံယူပြီး အဖွဲ့အစည်းတစ်ခုချင်းစီမှ လူတစ်ဦးတစ်ယောက်ချင်းစီအထိ တာဝန်ကိုယ်စီ ရှိစွာဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ-

- မူးယစ်ဆေးဝါးအန္တရာယ်ဟာ ကျွန်တော်တို့တိုင်းပြည် အနာဂတ်အတွက် ကြီးမားတဲ့ ခြိမ်းခြောက်မှု အန္တရာယ်ကြီးဖြစ်ကြောင်း၊ အားလုံးသိရှိနားလည်သဘောပေါက်အောင် မျှဝေပေးနိုင်ဖို့၊ မူးယစ်အန္တရာယ်ပညာပေးဟောပြောပွဲတွေ၊ ပြပွဲ၊ ပြိုင်ပွဲတွေကိုလည်း ကျောင်းသားလူငယ်တွေအတွက် အဆက်မပြတ် ဆောင်ရွက်ပေးကြပါ။
- ရပ်ရွာလူထုအခြေပြုတဲ့ မူးယစ်အန္တရာယ် ကာကွယ်တားဆီးရေးနဲ့ အသိပညာပေးရေးလုပ်ငန်းတွေကို အမျိုးသားရေးလှုပ်ရှားမှု တစ်ရပ်အနေနဲ့ ဖော်ဆောင်ပေးကြပါ။
- မူးယစ်သားကောင်တွေကို ညှာတာထောက်ထားပြီး လူ့အဖွဲ့အစည်းအတွင်း ပြန်လည်ပေါင်းစည်းနိုင်ရေး ဝိုင်းဝန်းပံ့ပိုး နှစ်သိမ့်ဆွေးနွေးပေးကြပါ။ အားနည်းသူကို ကူညီပြီး အားငယ်သူတွေကို လက်ကမ်းပေးကြပါ။
- မူးယစ်သတင်း၊ ရောင်းဝယ်ဖောက်ကားမှု သတင်းတွေသာမက ထုတ်လုပ်သူတွေ၊ မူးယစ်ရာဇာကြီးတွေရဲ့သတင်းတွေကို တိတိကျကျ တိုင်ကြားပေးကြပါ။
- မူးယစ်ဆေးဝါးတိုက်ဖျက်ရေးမှာ အတားအဆီးဖြစ်နေတဲ့ တာဝန်ရှောင်လွှဲသူတွေ၊ အဂတိလိုက်စားသူတွေရှိခဲ့ရင် အရေးယူမှာဖြစ်တဲ့အတွက် အမျိုးသားရေးတာဝန်အဖြစ် အချက်အလက်တွေ ပို့ပေးကြပါ။
- တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများနဲ့ အုပ်ချုပ်ရေးဌာနအဆင့်ဆင့် အနေနဲ့ “မူးယစ်ဆေးဝါးကိစ္စ၊ ခြွင်းချက်လုံးဝ မထားရ” ဆိုတဲ့ မူဝါဒကို အလေးထားလိုက်နာဆောင်ရွက်ပေးကြပါ။
- မူးယစ်ကင်းစင်တဲ့ လူ့အဖွဲ့အစည်း ဖြစ်ပေါ်လာစေရေးအတွက် ပြည်သူ့ကျန်းမာရေးအမြင်နဲ့ မျှတမှုရှိအောင် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ မီဒီယာနဲ့ အရပ်ဘက်လူမှုအဖွဲ့အစည်းတွေက အလေးအနက်ထားဆောင်ရွက်ပေးကြပါလို့ တိုက်တွန်းပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။




နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၊ ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ လွှတ်တော်ဥပဒေကြမ်းကော်မတီဝင်များ၊ နိုင်ငံတကာသံတမန်များနှင့် ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံးမှ ကိုယ်စားလှယ်များနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

◆ **ရှေ့ဖုံးမှ**

ယင်းနောက် ဒုတိယသမ္မတ ဦးမြင့်ဆွေက အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အလွတ်တန်းပြိုင်ပွဲများဖြစ်သည့် ဝတ္ထုတို၊ ဆောင်းပါးနှင့် တေးသီချင်းပြိုင်ပွဲများတွင် ပထမဆုရရှိကြသူ သုံးဦးအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေက အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အလွတ်တန်းပြိုင်ပွဲများဖြစ်သည့် ကဗျာ၊ ဓာတ်ပုံနှင့် ကွန်ပျူတာပိုစတာပြိုင်ပွဲများတွင် ပထမဆုရရှိသူ သုံးဦးအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့၏ ဆောင်ရွက်ချက်ဗီဒီယိုကို ပြသသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊

*စာမျက်နှာ ၅ သို့*




နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၊ ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများ ခင်းကျင်းပြသထားသည့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနှင့် ပတ်သက်သည့် ဆောင်ရွက်ချက် မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုစဉ်။ သတင်းစဉ်



ဒုတိယသမ္မတ ဦးမြင့်ဆွေ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အလွတ်တန်းဝတ္ထုတိုပြိုင်ပွဲ ပထမဆုရသူအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။ သတင်းစဉ်



ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်ပြိုင်ပွဲတွင် ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။ သတင်းစဉ်

*စာမျက်နှာ ၄ မှ*

နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ လွှတ်တော်ဥပဒေကြမ်းကော်မတီဝင်များ၊ နိုင်ငံတကာသံတမန်များနှင့် ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံးမှ ကိုယ်စားလှယ်များနှင့်လည်းကောင်း၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဝင်များနှင့် လည်းကောင်း၊ ဆုရရှိကြသူများနှင့်လည်းကောင်း စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

**လှည့်လည်ကြည့်ရှု**

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတသည် ဧည့်သည်တော်များနှင့်အတူ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ အတွင်း၌ ခင်းကျင်းပြသထားသည့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနှင့်ပတ်သက်သည့် ဆောင်ရွက်ချက်မှတ်တမ်းဓာတ်ပုံများ၊ မူးယစ်ဆေးဝါးနမူနာများ၊ စိတ်ကြွရူးသွပ်ဆေးဝါးထုတ်လုပ်သည့် စက်များ၊ မူးယစ်ဆေးဝါးစမ်းသပ်သည့် ကိရိယာများဖြင့် စမ်းသပ်စစ်ဆေးပြသမှုတို့ကို လှည့်လည်ကြည့်ရှုသည်။

**မီးရှို့ဖျက်ဆီး**

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အခမ်းအနားနှင့် လှုပ်ရှားမှုများကို မြန်မာနိုင်ငံတစ်ဝန်းတွင် တစ်ပြိုင်တည်း ကျင်းပခဲ့ပြီး ၂၀၁၈-၂၀၁၉ ခုနှစ်အတွင်း နိုင်ငံတစ်ဝန်းမှ ဖမ်းဆီးရမိသော မူးယစ်ဆေးဝါးများကို ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် တောင်ကြီးမြို့တို့၌ မီးရှို့ဖျက်ဆီးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း၊ မီးရှို့ဖျက်ဆီးခဲ့သည့် မူးယစ်ဆေးဝါးများ၏ စုစုပေါင်းကာလတန်ဖိုးသည် ငွေ ၄၅၁၇၄၆ ဒသမ ၃၇၇၄၂ သန်းကျပ် (အမေရိကန်ဒေါ်လာ ၃၀၁ ဒသမ ၁၆၄၂၅၁၇ သန်း) ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




# နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇွန် ၂၆**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။ **မိုး/ဇလ**

# မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ လုပ်ငန်းညှိနှိုင်းစည်းဝေး

**သီပေါ ဇွန် ၂၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးတွင် ၂၀၁၉ ခုနှစ် မဲစာရင်းပြုစုခြင်းနှစ်အတွင်း မှန်ကန်ပြည့်စုံသော မဲစာရင်းများရရှိနိုင်ရေး အကြိုလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇွန် ၂၆ ရက်က အဆိုပါရုံး၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစိုင်းသာလှိုင်က မြို့နယ်ကော်မရှင်ဖွဲ့စည်းပုံ၊ ရပ်/ကျေးကော်မရှင်ဖွဲ့စည်းပုံ၊ ရပ်/ကျေး ကော်မရှင်အဖွဲ့ခွဲ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ၊ ၂၀၂၀ တွင် ကျင်းပမည့် ရွေးကောက်ပွဲကို လွတ်လပ်ရမည်၊ မျှတရမည်၊ အများယုံကြည်လက်ခံမှုရှိရမည်၊ ပြည်သူ၏ဆန္ဒနှင့် ရွေးကောက်ပွဲရလဒ် တစ်ထပ်တည်းကျရမည်၊ ဘက်မလိုက်ရ စသည့်စံ(၅)ချက်ဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မြို့နယ်ရွေးကောက်ပွဲအရာရှိ ဦးစိုင်းမင်းလွင်က အခြေခံမဲဆန္ဒရှင်စာရင်း ကောက်ယူပြုစုမည့်ပုံစံများ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်နှင့် ခရိုင်ရွေးကောက်ပွဲကော်မရှင်တို့၏ ညွှန်ကြားချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌက မြို့နယ်နှင့် ရပ်/ကျေး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင်များ၏ မဲဆန္ဒစာရင်းပြုစုခြင်း၊ စုရပ်အလိုက် နယ်မြေတာဝန်ခွဲဝေမှုများကို တာဝန်ပေးအပ်ပြီး ကော်မရှင်အဖွဲ့ခွဲဝင်များ၏ ဆွေးနွေးအကြံပြုချက်များကို ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။ **စိုင်း(သီပေါ)**

# အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ဆုချီးမြှင့်ပွဲကျင်းပ

**ရန်ကုန် ဇွန် ၂၆**

ဇွန် ၂၆ ရက်တွင် ကျရောက်သော အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက ရန်ကုန်တိုင်းဒေသကြီး မူးယစ်ဆေးဝါးပပျောက်ရေးအထိမ်းအမှတ်ပြတိုက်(ရန်ကုန်)၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်စိုးမိုးက အမှာစကားပြောကြားသည်။

ထို့နောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အတွက် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေထံမှ ပေးပို့သည့်သဝဏ်လွှာအား ရန်ကုန်တိုင်းဒေသကြီး မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့ အတွင်းရေးမှူး တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးချုပ် မျိုးမင်းထိုက်က ဖတ်ကြားသည်။




ယင်းနောက် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးများ၊ တိုင်းဒေသကြီးတရားသူကြီးချုပ် ဦးလှအေး၊ တိုင်းဒေသကြီးဥပဒေချုပ် ဒေါ်ခင်မျိုးကြည်၊ ရန်ကုန်တိုင်းဒေသကြီး ဒုတိယမြို့တော်ဝန် ဦးစိုးလွင်နှင့် တာဝန်ရှိသူများက အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့် ကွန်ပျူတာ ပန်းချီပြိုင်ပွဲများတွင် ဆုရရှိသူများအား ဆုများ ပေးအပ်ချီးမြှင့်ကြသည်။ **(ဓါတ်ပုံ)**

ထို့နောက် တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများ၏ ပြိုင်ပွဲဝင်လက်ရာများနှင့် ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှ ၂၀၁၈-၂၀၁၉ ခုနှစ်အတွင်း မူးယစ်ဆေးဝါး ဖမ်းဆီးရမိထားမှု မှတ်တမ်းဓာတ်ပုံများကို လိုက်လံကြည့်ရှုကြသည်။

၂၀၁၉ ခုနှစ်တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း မူးယစ်ဆေးဝါး အမှုပေါင်း ၃၉၇၅ မှု၊ မူးယစ်ဆေးဝါးအမျိုးအစား ၂၂ မျိုး၊ တန်ဖိုးငွေကျပ်သိန်းပေါင်း ၁၆၃၀၂၂၄ ဒသမ ၂၀၆ ကို မီးရှို့ဖျက်ဆီးနိုင်ခဲ့သည့်အပြင် ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲများကို တိုင်းအဆင့် ဝင်ရောက်ယှဉ်ပြိုင်သူ ၇၄၆ ဦးရှိရာ ဆုရရှိသူ ၉၃ ဦး၊ ဗဟိုအဆင့် ဝင်ရောက်ယှဉ်ပြိုင်သူ ၇၄၆ ဦး ဝင်ရောက်ယှဉ်ပြိုင်ရာ ဆုရရှိသူ ၅၆ ဦး ရှိကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-ဇော်မင်းလတ်(MNA)**

# ဆန်စပါးထုတ်လုပ်မှုနှင့် ဈေးကွက်ဈေးနှုန်းတည်ငြိမ်ရေး အလုပ်ရုံဆွေးနွေး

**ပြည် ဇွန် ၂၆**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့တွင် ဆန်စပါးထုတ်လုပ်မှုနှင့် ဈေးကွက်ဈေးနှုန်းတည်ငြိမ်ရေး အလုပ်ရုံဆွေးနွေးပွဲကို စားသုံးသူရေးရာဦးစီးဌာန ပြည်ခရိုင်ဦးစီးမှူးရုံး၌ ဇွန် ၂၅ ရက် နံနက်က ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် ပဲခူးတိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးညွန့်ရွှေ၊ တိုင်းဒေသကြီး စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး ဦးအောင်ဇော်နိုင်တို့က အမှာစကား ပြောကြားကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ခင်စိုးစိုးကြည်နှင့် ဦးအောင်သန်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်ခရိုင်နှင့် ခရိုင်တွင်း မြို့နယ်များမှ အထွေထွေအုပ်ချုပ်ရေးမှူးများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ JICA မှ တာဝန်ရှိသူများ၊ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) မြန်မာ့ဩဘာအင်အားစုအဖွဲ့များ၊ ပြည်မြို့ နဝဒေးသကြားစက်မှ တာဝန်ခံနှင့်အဖွဲ့၊ ပြည်မြို့နယ် သမဝါယမဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ပြည်ခရိုင် ခြောက်မြို့နယ်မှ တောင်သူလယ်သမားကိုယ်စားလှယ်များ တက်ရောက်ကြပြီး ဒေသအတွင်း ဆန်စပါးထုတ်လုပ်မှုနှင့် ဈေးကွက်ဈေးနှုန်းတည်ငြိမ်ရေးနှင့် ပတ်သက်၍ သက်ဆိုင်ရာကဏ္ဍအလိုက် ရှုထောင့်အသီးသီးမှ အမြင်များနှင့် အကြံပြုတင်ပြချက်များကို အပြန်အလှန် ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။ **မျိုးကျော်ကြီး (ပြန်/ဆက်)**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇွန် ၂၆**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်သည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ချန်းဟိုင်အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် တရုတ်-မြန်မာ နှစ်နိုင်ငံ အစိုးရအချင်းချင်း၊ လွှတ်တော်အချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု ပိုမိုခိုင်မာအောင်ဆောင်ရွက်ရေး၊ နှစ်နိုင်ငံ ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးမှတစ်ဆင့် ဘက်စုံမဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေး တိုးမြှင့်ဆောင်ရွက်ရေး၊ မြန်မာနိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်းရေးနှင့် အမျိုးသားရင်ကြားစေ့ရေးဆိုင်ရာကိစ္စ၊ ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်း၏ အစိတ်အပိုင်းဖြစ်သည့် တရုတ်-မြန်မာ စီးပွားရေးစင်္ကြံဆိုင်ရာကိစ္စ၊ လွှတ်တော်၏ ဥပဒေပြုရေးလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**



**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ချန်းဟိုင်အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။** သတင်းစဉ်



# ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန် ဂျပန်နိုင်ငံ တိုကျိုတက္ကသိုလ် PARI မှ အစီအစဉ်အထောက်အကူပြုပါမောက္ခနှင့် အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇွန် ၂၆**

ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်သည် ဂျပန်နိုင်ငံ တိုကျိုတက္ကသိုလ် Policy Alternative Research Institute (PARI) မှ အစီအစဉ်အထောက်အကူပြု ပါမောက္ခ Mr. Kensuke Yamaguchi နှင့် အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌရုံးခန်း၌ လက်ခံတွေ့ဆုံသည်။ **(ဝဲပုံ)**

တွေ့ဆုံစဉ် ဂျပန်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ မြို့ပြနှင့် ကျေးလက်ဒေသများ ဖွံ့ဖြိုးမှုကွာဟမှုမရှိစေရေးအတွက် အကူအညီပေးလျက်ရှိသည့်ကိစ္စ၊ လျှပ်စစ်စွမ်းအင်ကဏ္ဍဖွံ့ဖြိုးရေး၊ စိုက်ပျိုးရေးနည်းပညာနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကိစ္စ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်အထောက်အကူပြုဝန်ထမ်းများ၏ Capacity Building တည်ဆောက်သွားနိုင်ရေးနှင့် လွှတ်တော်၏ ဥပဒေပြုရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်၊ လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးကြည်မိုးနိုင်၊ ကော်မတီအတွင်းရေးမှူး ဦးစိုးမြင့်(ခ) ဦးအောင်ဇော်မြင့်၊ အဖွဲ့ဝင် ဦးသာအောင်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# အမေရိကန်နိုင်ငံ လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ညှော်ခံပွဲ အခမ်းအနားကျင်းပ

ရန်ကုန် ဇွန် ၂၆

**အမေရိကန်နိုင်ငံ၏ လွတ်လပ်ရေးနေ့အထိမ်းအမှတ် ညှော်ခံပွဲအခမ်းအနားကို ယနေ့ည ၇ နာရီက ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ Lotte Hotel ၌ ကျင်းပရာ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့် ဇနီး ဒေါ်မေယဉ်ထွန်းတို့ တက်ရောက်ကြသည်။**

ရှေးဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သီချင်းနှင့် အမေရိကန်နိုင်ငံတော်သီချင်းတို့ဖြင့် အခမ်းအနားကို စတင်ဖွင့်လှစ်သည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံ သံအမတ်ကြီး မစ္စတာ စကော့မာစီရယ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေတို့က နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ဇနီး၊ သံအမတ်ကြီးနှင့် ဇနီးတို့က တက်ရောက်လာကြသူများနှင့် အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ညှော်ခံပွဲသို့ တက်ရောက်လာကြသူများအား သံအမတ်ကြီးနှင့်ဇနီးတို့က ညစာစားပွဲဖြင့် တည်ခင်းညှော်ခံသည်။

အဆိုပါအခမ်းအနားသို့ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းနှင့် ဇနီး၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးအောင်ထူး၊ ဒေါက်တာရဲမြင့်ဆွေ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂဆိုင်ရာ ဌာနေကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**





**ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ အမေရိကန်နိုင်ငံ၏ လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ညှော်ခံပွဲအခမ်းအနားတွင် နှုတ်ခွန်းဆက်စကား ပြောကြားစဉ်။** သတင်းစဉ်



# ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း ဦးစီးအဖွဲ့နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ် မစ္စတာ စွန်းဂေါ်ရှန်းတို့ တွေ့ဆုံ

**ရန်ကုန် ဇွန် ၂၆**

ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း၊ ငြိမ်းချမ်းရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော်၊ ငြိမ်းချမ်းရေးကော်မရှင်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး(ငြိမ်း) ခင်ဇော်ဦး၊ အကျိုးတော်ဆောင် ဦးသက်နိုင်တို့နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာ အထူးကိုယ်စားလှယ် မစ္စတာ စွန်းဂေါ်ရှန်း ဦးဆောင်သော အဖွဲ့တို့သည် ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန(NRPC)တွင် တွေ့ဆုံကြသည်။ **(ဝဲပုံ)**

ထိုသို့ တွေ့ဆုံရာတွင် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ဆိုင်ရာများ၊ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာများ၊ KIO (ကချင်ပြည်လွတ်မြောက်ရေးအဖွဲ့)၊ MNTJP (မြန်မာနိုင်ငံ အမှန်တရားနှင့် တရားမျှတသော အမျိုးသားပါတီ)၊ PSLF (ပလောင်ပြည်နယ် လွတ်မြောက်ရေးတပ်ဦး)၊ ULA (ရခိုင်အမျိုးသားအဖွဲ့ချုပ်)တို့နှင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (Bilateral Ceasefire Agreement) လက်မှတ်ရေးထိုးရေး ညှိနှိုင်းဆွေးနွေးမည့် အစီအစဉ်များနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စတာ ချန်းဟိုင်အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇွန် ၂၆**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ချန်းဟိုင်အား ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးနှင့် ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာစေရေး၊ လွှတ်တော်ချင်း ဆက်သွယ်ဆောင်ရွက်မှု မြှင့်တင်ရေး၊ တရုတ်-မြန်မာစီးပွားရေးစင်္ကြံစီမံကိန်း၊ ကျောက်ဖြူရေနက်ဆိပ်ကမ်း စီမံကိန်းတို့ကို နှစ်နိုင်ငံပူးပေါင်း၍ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ မြန်မာနိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ကူညီပံ့ပိုးပေးမှုများနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**



**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ချန်းဟိုင်အား လက်ခံတွေ့ဆုံစဉ်။**
သတင်းစဉ်

# ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးနှင့် လွယ်ကူချောမွေ့စေရေးကော်မတီ မိတ်ဆက်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် ဇွန် ၂၆

**ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ ကြီးမှူး၍ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးနှင့် လွယ်ကူချောမွေ့စေရေးကော်မတီ မိတ်ဆက်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ ကျင်းပသည်။**

**တက်ရောက်**

အခမ်းအနားသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်း၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်၊ ဆက်စပ်ဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီမှ ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိသူများ၊ ပုဂ္ဂလိကကဏ္ဍနှင့် သတင်းမီဒီယာများ တက်ရောက်ကြသည်။

**ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ အားပေး**

အခမ်းအနားတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးနှင့် လွယ်ကူချောမွေ့စေရေးကော်မတီဥက္ကဋ္ဌ ဦးသောင်းထွန်းက မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးနှင့် လွယ်ကူချောမွေ့စေရေးကော်မတီ၊ ယင်း၏လုပ်ငန်းအဖွဲ့(၅)ဖွဲ့သည် အလွန်အရေးပါပါကြောင်း၊ တာဝန်ယူမှုရှိပြီး အရည်အသွေးရှိသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို အားပေးမြှင့်တင်ခြင်းဖြင့် မျှတပြီးကြွယ်ဝသည့် လူမှုအသိုက်အဝန်း တစ်ရပ် ဖန်တီးရေး ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ယှဉ်ပြိုင်နိုင်စွမ်းရှိသော စက်မှုလုပ်ငန်းများအတွက် အထောက်အကူပြုမည့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးစီမံကိန်းလည်း ဖြစ်ပါကြောင်း၊ နိုင်ငံအတွင်းသို့ ရင်းနှီးမြှုပ်နှံမှုများ စီးဝင်လာရန် အဓိကကျသည့် တာဝန်ယူမှု၊ တာဝန်ခံမှုရှိသော ရင်းနှီးမြှုပ်နှံမှုဝန်းကျင်ဖြစ်အောင် ဆောင်ရွက်ပေးလျက်ရှိသည့် အစိုးရ၏ ကြိုးပမ်းမှုများကို ထင်ဟပ်စေမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) မှ Chief Representative Mr. Masayuki Karasawa၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင်နှင့် JICA မှ Team Leader, Mr. Kazuo Mishima တို့က ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးနှင့် လွယ်ကူချောမွေ့စေရေးကော်မတီ (IPC) နှင့် စီမံကိန်းနှင့် ပတ်သက်သည့် အချက်အလက်များကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာသူများ၏ မေးမြန်းချက်များကို ပြန်လည် ရှင်းလင်းဖြေကြားသည်။

အခမ်းအနားသို့ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးနှင့် လွယ်ကူချောမွေ့စေရေးကော်မတီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများမှ ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသည့် လုပ်ငန်းအဖွဲ့(၅) ဖွဲ့မှ အဖွဲ့ဝင်များ၊ မြန်မာ-ဂျပန် ပူးတွဲလုပ်ငန်းညှိနှိုင်းမှုကော်မတီ (Joint Coordination Committee-JCC) အဖွဲ့ဝင်များ၊ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၊ ပြည်တွင်း၊ ပြည်ပ စီးပွားရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များနှင့် သတင်းမီဒီယာများ တက်ရောက်သည်။

**သတင်းစဉ်**




ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းနှင့် ဒုတိယဝန်ကြီးများ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးနှင့် လွယ်ကူချောမွေ့စေရေးကော်မတီ မိတ်ဆက်ပွဲအခမ်းအနားသို့ တက်ရောက်ကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။
သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ကျား/မရေးရာတန်းတူညီမျှရေးကွန်ရက်နှင့် ILO Myanmar ရုံးမှ ဆက်ဆံရေးအရာရှိတို့အား သီးခြားစီတွေ့ဆုံ

**နေပြည်တော် ဇွန် ၂၆**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ကျား/မရေးရာ တန်းတူညီမျှရေးကွန်ရက် Gender Equality Network(GEN)အဖွဲ့နှင့် ILO Myanmar ရုံးမှ ဆက်ဆံရေးအရာရှိ Mr. Rory Mungoven နှင့် အဖွဲ့တို့အား ယမန်နေ့မွန်းလွဲပိုင်းတွင် ဝန်ကြီးရုံး မေခလာခန်းမ၌ သီးခြားစီ တွေ့ဆုံသည်။

**အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေး**

ကျား/မရေးရာ တန်းတူညီမျှရေး ကွန်ရက်နှင့် တွေ့ဆုံစဉ် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုမှ တားဆီးကာကွယ်ရေးဥပဒေ ရေးဆွဲဆောင်ရွက်နေမှု နောက်ဆုံးအခြေအနေများ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီတွင် ပါဝင်သော အရပ်ဘက်အဖွဲ့အစည်းများ အနေဖြင့် ဗဟိုအဆင့်တွင် သာမက တိုင်းဒေသကြီး/ပြည်နယ်များတွင်ပါ ကော်မတီ၏ လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရေး၊ ဝန်ကြီးဌာနက ဦးဆောင်၍ ပြုစုလျက်ရှိသော မြန်မာနိုင်ငံ လူ့အခွင့်အရေးအစီရင်ခံစာ Universal Periodic Review (UPR)၊ အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ CEDAW ကော်မတီအစီရင်ခံစာ စသည့် အစီရင်ခံစာများ ပြုစုရေးသားရာတွင် အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ပါဝင်နိုင်ရေးအခြေအနေများ၊ ဆက်လက်၍ ကျား/မရေးရာ တန်းတူညီမျှရေး ကွန်ရက်က ၂၀၁၉ ခုနှစ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

**UEHRD ပြည်ထောင်စုစီမံကိန်းဖြင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေ**

International Labour Organization(ILO) Myanmar အဖွဲ့နှင့် တွေ့ဆုံစဉ် ရခိုင်ပြည်နယ်တွင် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် မတူညီသော အသိုက်အဝန်းများအကြား လူမှုသဟဇာတ မျှတရေးအတွက် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများတွင် ILO နှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် ကိစ္စရပ်များ၊ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များတွင် ပါဝင်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးခြင်း၊ ကျွမ်းကျင်မှုများ တိုးတက်လာစေရန် သင်တန်းများ ပေးခြင်းစသည့် လုပ်ငန်းများကို UEHRD ပြည်ထောင်စုစီမံကိန်းဖြင့် အကောင်အထည်ဖော်ရာတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများ၊ လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများနှင့် ဆက်စပ်လျက်ရှိသည့် အလုပ်သမားအခွင့်အရေးကို အပြည့်အဝဖော်ဆောင်ရန် ကြိုးပမ်းနေမှုများတွင် ILO က ပူးပေါင်းဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ **သတင်းစဉ်**



**ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် အဖွဲ့ ILO Myanmar ရုံးမှ ဆက်ဆံရေးအရာရှိအဖွဲ့နှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ ဂျာမနီသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇွန် ၂၆**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ ဂျာမနီနိုင်ငံ သံအမတ်ကြီး Mrs. Dorothee Janetzke -Wenzel အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စ၊ မြန်မာနိုင်ငံတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးနှင့် ပတ်သက်၍ ဆောင်ရွက်နေမှု၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ကျင်းပဆောင်ရွက်မှုနှင့် ပြည်တွင်းငြိမ်းချမ်းရေးဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ ရခိုင်ပြည်နယ်အရေးကိစ္စနှင့် လက်တွေ့အခြေအနေမှန်များကို နိုင်ငံတကာအဖွဲ့အစည်းများက သိရှိနားလည်ရန်လိုအပ်သည့် အခြေအနေများနှင့်စပ်လျဉ်း၍ ရင်းရင်းနှီးနှီး အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။ **သတင်းစဉ်**



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ ဂျာမနီနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံစဉ်။** ဓာတ်ပုံ - တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ကျိုင်းတုံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံးအား ကြည့်ရှုစစ်ဆေး



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ကျိုင်းတုံမြို့ရှိ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံး၌ ဝန်ထမ်းများနှင့် တွေ့ဆုံစဉ်။

**နေပြည်တော် ဇွန် ၂၆**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ယမန်နေ့ညနေပိုင်းက ကျိုင်းတုံမြို့ရှိ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံး ကလေးစာဖတ်ခန်းနှင့် စာကြည့်တိုက် ဖွင့်လှစ်ဆောင်ရွက်နေမှု၊ ပြတိုက်ငယ် ပြင်ဆင်ထားရှိမှုနှင့် လူထုအခြေပြု ဗဟိုဌာနအဖြစ် အသုံးပြုရန် ခန်းမ ပြင်ဆင်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံးတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ကျိုင်းတုံခရိုင်အတွင်းရှိ ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံမှ ဝန်ထမ်းများ၊ တွဲဖက်ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးနှင့် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံးမှ ဝန်ထမ်းများ၊ ကိုယ်ပွားသတင်းစာတိုက် (ကျိုင်းတုံ)မှ ဝန်ထမ်းများကို တွေ့ဆုံ၍ သတင်းအချက်အလက်ထုတ်ပြန်ရေးနှင့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြောင်းလဲလာသောအခြေအနေ၊ နည်းပညာရပ်များနှင့်အညီ လိုက်လျောညီထွေစွာ လိုက်ပါပြုပြင်လုပ်ဆောင်ရေး၊ ဝန်ထမ်းတစ်ဦးချင်းမှသည် အဖွဲ့အစည်း၏ စွမ်းဆောင်ရည်တိုးတက်စေရန် စဉ်ဆက်မပြတ်လေ့လာပြီး ကြိုးပမ်းအားထုတ်လုပ်ဆောင်ရေးတို့ကို မှာကြားကာ ဝန်ထမ်းများ၏ သတင်းပို့တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကလေးစာပေပွဲတော် လာရောက်သူများဖြင့် စည်ကားလျက်ရှိပြီး ယနေ့ပွဲတော် နောက်ဆုံးနေ့သို့ လာရောက်သူ လေးသောင်းကျော်ရှိခဲ့

**တာချီလိတ် ဇွန် ၂၆**

ကလေးစာပေပွဲတော်၊ စာအုပ်စာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ နောက်ဆုံးနေ့ကို မကာဟိုခမ်းရပ်ကွက် အထက တာချီလိတ်၌ ဆက်လက်ကျင်းပရာ နံနက်ပိုင်းမှ ပွဲတော်ပိတ်သိမ်းချိန် ညနေ ၅ နာရီအထိ ပွဲတော်လာရောက်သူများဖြင့် စည်ကားလျက်ရှိပြီး ယနေ့ပွဲတော် နောက်ဆုံးနေ့သို့ လာရောက်သူ လေးသောင်းကျော်ရှိခဲ့ကြောင်း သိရသည်။

**ကြည့်ရှုအားပေး**

ယနေ့ပွဲတော်တွင် ရှမ်းတိုင်းရင်းသား ရိုးရာအက၊ "ဝ"တိုင်းရင်းသားရိုးရာအက၊ အာခါတိုင်းရင်းသား ရိုးရာအကများဖြင့် ဖျော်ဖြေရေးစင်မြင့်၌ ဖျော်ဖြေတင်ဆက်ကြရာ ပွဲတော်လာရောက်သူများက စိတ်ဝင်တစား ကြည့်ရှုအားပေးကြသည်။

ဖျော်ဖြေရေးစင်မြင့်၌ ကျောက်ဆည်မြို့ ရိုးရာဆင်အကဖြင့်လည်းကောင်း၊ တာချီလိတ်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများက အကများဖြင့်လည်းကောင်း ဖျော်ဖြေကြသည်။

**ဂိမ်းကစားနည်း ပြိုင်ပွဲ**

ပွဲတော်သို့ လာရောက်သည့် ကလေးငယ်များအတွက် စက္ကူခေါက်ပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲ၊ အရုပ်ဆက်၊ အိမ်တည်ဆောက်မှုပြိုင်ပွဲများနှင့် စုပေါင်းယှဉ်ပြိုင်ရသည့် ဂိမ်းကစားနည်း ပြိုင်ပွဲများကိုလည်း ထည့်သွင်းကျင်းပပေးခဲ့သည်။

ပွဲတော် နောက်ဆုံးနေ့ စာပေဟောပြောပွဲတွင် စာရေးဆရာ ဒေါက်တာကျော်စွာမြင့် (ကလေးအထူးကု) က လူငယ်နှင့် အနာဂတ်ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာရေးဆရာ မောင်မြန်မာက အမျိုးကိုချစ်တဲ့ မျိုးဆက်သစ်ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာရေးဆရာ မောင်ဖိုးစံ (ဒူးယား)က ပန်းကောင်းတစ်ပွင့်ခေါင်းစဉ်ဖြင့် ဟောပြောကြရာ ပွဲတော်သို့ လာရောက်ကြသူများက စိတ်ပါဝင်စားစွာ နားထောင်ခဲ့ကြသည်။



ကလေးစာပေပွဲတော်၊ စာအုပ်စာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ နောက်ဆုံးနေ့သို့ လာရောက်သူများဖြင့် စည်ကားနေသည်ကို တွေ့ရစဉ်။

**ပြခန်းမျိုးစုံပြသ**

ထို့ပြင် ကလေးစာပေပွဲတော် (တာချီလိတ်) တွင် အမှတ် (၁၁၉) ယာဉ်ထိန်းရဲတပ်ဖွဲ့စု ယာဉ်စည်းကမ်း လမ်းစည်းကမ်းပြခန်း၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ယာဉ်စည်းကမ်း လမ်းစည်းကမ်းပြခန်း၊ မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးပြခန်း၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေး အသိပညာပေးပြခန်း၊ ရှမ်းအမျိုးသား ယဉ်ကျေးမှုပြခန်း၊ အာခါစာပေနှင့် ယဉ်ကျေးမှုပြခန်း၊ လားဟူတိုင်းရင်းသား ယဉ်ကျေးမှုပြခန်း၊ နည်းပညာတက္ကသိုလ် (ကျိုင်းတုံ)နှင့် ကွန်ပျူတာတက္ကသိုလ် (ကျိုင်းတုံ) ပြခန်း၊ စိုက်ပျိုးရေးဦးစီးဌာနပြခန်း၊ အာဆီယံပြခန်း၊ တွေးခေါ်တီထွင်ကြံဆဖြေရှင်းအဖြေရ သချ်ာပြခန်း၊ Arts and Science Show ပြခန်း၊ သုတဒါန အသိပညာဖွံ့ဖြိုးရေးအဖွဲ့ပြခန်း၊ ပညာရေးပြခန်း၊ HIV အကြောင်းသိကောင်းစရာ ပြခန်းများကိုလည်း ပွဲတော်လာရောက်ကြသူများက စိတ်ဝင်တစားလေ့လာကြည့်ရှုကြသည်။

**စာအုပ်ဆိုင် ၄၄ ဆိုင် ရောင်းချ**

ပွဲတော်တွင် စာအုပ်ထုတ်ဝေရေးနှင့် ဖြန့်ချိရေးလုပ်ငန်းများမှ စာအုပ်ဆိုင်ပေါင်း ၄၄ ဆိုင် လာရောက်ရောင်းချခဲ့ပြီး ပွဲတော်ကျင်းပသည့် နှစ်ရက်တာအတွင်း ငွေကျပ် ၁၀၅ သိန်းကျော် ရောင်းချခဲ့ရကြောင်း သိရသည်။

ပွဲတော်ပထမနေ့သို့ လာရောက်သူ နှစ်သောင်းကျော်နှင့် ဒုတိယနေ့ လာရောက်သူ လေးသောင်းကျော်ရှိသည့်အတွက် ပွဲတော်နှစ်ရက်အတွင်း ကျောင်းသား ကျောင်းသူများအပါဝင် ပြည်သူခြောက်သောင်းကျော် လာရောက်ခဲ့ကြောင်း သိရသည်။

**အောင်မင်းဟန်**

# ကလေးစာပေပွဲတော်၊ စာအုပ်စာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ (တာချီလိတ်) ဒုတိယနေ့ဓာတ်ပုံမြင်ကွင်းများ




ကလေးစာပေပွဲတော်၊ စာအုပ်စာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ (တာချီလိတ်)သို့ လာရောက်သူများအား ကျောင်းသား ကျောင်းသူလေးများက ဖျော်ဖြေတင်ဆက်စဉ်။



အာခါတိုင်းရင်းသူများ၏ ကဗျာရွတ်ဆိုပြိုင်ပွဲ ယှဉ်ပြိုင်မှုဟန်ပန်။



ရှမ်းတိုင်းရင်းသားကလေးငယ်တစ်ဦး ပုံပြင်ပြောပြိုင်ပွဲဝင်နေစဉ်။




ကျောင်းသား ကျောင်းသူများ နည်းပညာပြခန်း၌ စိတ်ဝင်တစား ကြည့်ရှုနေမှုကို တွေ့ရစဉ်။





ကျောင်းသူလေးများ ပျော်ရွှင်စွာ ကစားနေမှု (အပေါ်ပုံ) နှင့် ပြခန်းများ၌ စိတ်ဝင်တစားကြည့်ရှုနေသည့် ကျောင်းသားများကို တွေ့ရစဉ်။ (အောက်ပုံ)





ကလေးစာပေပွဲတော်၊ စာအုပ်စာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ (တာချီလိတ်)၌ ကလေးငယ်များ အရုပ်ဆက်ကစားနည်း ပါဝင်ယှဉ်ပြိုင်နေမှုကို တွေ့ရစဉ် (အပေါ်ပုံ) နှင့် ဆေးရောင်ခြယ်ပြိုင်ပွဲ ပါဝင်ယှဉ်ပြိုင်နေသည့် ကျောင်းသား ကျောင်းသူများကို တွေ့ရစဉ်။ (ဝဲပုံ)

ဓာတ်ပုံ-အောင်မင်းဟန်

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီး ရှမ်းပြည်နယ်(အရှေ့ပိုင်း)ပညာရေးမိသားစုများနှင့် တွေ့ဆုံ

နေပြည်တော် ဇွန် ၂၆

**ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ အခြေခံပညာရေးမိသားစုများနှင့် တွေ့ဆုံပွဲ အခမ်းအနားကို ယမန်နေ့ညနေ ၆ နာရီတွင် ကျိုင်းတုံမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီးက ပညာရေးပြုပြင်ပြောင်းလဲ ဆောင်ရွက်နေမှုများသည် နိုင်ငံအတွက်အလွန်အရေးကြီးပါကြောင်း၊ အခြေခံအချက်အလက်၊ သုတေသန၊ အစီရင်ခံစာများစနစ်တကျပြုလုပ်၍ သူငယ်တန်း အပေါင်းတစ်ဆယ့်နှစ်တန်းပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်နေပါကြောင်း၊ ယုံယုံကြည်ကြည်နှင့် အောင်မြင်အောင် ဝိုင်းဝန်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ မိမိတို့ကျောင်းသားကျောင်းသူများအား အလွတ်ကျက်မှတ်မှုစနစ်မှ (၂၁)ရာစု ကျွမ်းကျင်မှုများ ဖြစ်သည့် စဉ်းစားဝေဖန်တွေးခေါ်ခြင်း၊ တီထွင်ဖန်တီးနိုင်ခြင်း၊ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ခြင်း၊ ပြေပြစ်စွာဆက်သွယ်ဆက်ဆံနိုင်ခြင်း၊ စူးစမ်းလေ့လာမှုကို အခြေခံကာ ပြဿနာဖြေရှင်းခြင်း၊ တရားမျှတစွာနှင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်နိုင်ခြင်း အစရှိသည့် ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှုများရရှိအောင် ဆရာ ဆရာမများက အကောင်ထည်ဖော်ဆောင်ရွက်ပေးကြစေလိုပါကြောင်း။

**အရည်အသွေးရှိပညာရေးစနစ်**

ကျောင်းသား ကျောင်းသူများအား မူးယစ်ဆေးဝါးအန္တရာယ် ကင်းစင်ပပျောက်ရေး၊ ဆေးလိပ်သောက်သုံးမှု ကင်းစင်ပပျောက်ရေး၊ အရက်သေစာသောက်သုံးမှု ကင်းစင်ပပျောက်ရေး၊ ကျောင်းသားထုအတွင်း ကျန်းမာရေးနှင့် ညီညွတ်သော နေထိုင်မှုပုံစံများ လိုက်နာကျင့်သုံးဆောင်ရွက်ရေး၊ ယာဉ်အန္တရာယ် လမ်းအန္တရာယ်တို့ကြောင့် ထိခိုက်ဒဏ်ရာရရှိမှု လျော့နည်းပပျောက်ရေး၊ ကျောင်းသားလူငယ်များကို မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ အသိပညာပေးရေးနှင့် ဂိမ်းအလွန်အကျွံ စွဲလမ်းမှုပပျောက်ရေးတို့ကို အသိပညာပေးဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ကျောင်းတွင်း အားကစားပြိုင်ပွဲများ၊ တိုင်းရင်းသားဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု ထိန်းသိမ်းမြှင့်တင်ခြင်းများနှင့် အားပေးဖြည့်ဆည်း ဆောင်ရွက်စေလိုပါကြောင်း၊ ရုံးသုံးမြန်မာဘာသာစကားကို တတ်ကျွမ်းရန်လည်း အရေးကြီးပါကြောင်း၊ အရည်အသွေးရှိသောပညာရေးစနစ်အောင်မြင်နိုင်ရေးအတွက် မိဘ၊ အုပ်ထိန်းသူ၊ ပြည်သူများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်အစိုးရအဖွဲ့အစည်းများနှင့် အားလုံးညီညီညွတ်ညွတ် ဝိုင်းဝန်းပူးပေါင်း အကောင်အထည်ဖော်ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း ပြောကြားသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီး ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ အခြေခံပညာရေးမိသားစုများနှင့် တွေ့ဆုံစဉ်။ သတင်းစဉ်

**ပေါင်းစပ်ညှိနှိုင်း**

ယင်းနောက် တက်ရောက်လာသော ဆရာ ဆရာမများက သိရှိလိုသည်များကို မေးမြန်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ကဏ္ဍအလိုက် ပြန်လည်ဆွေးနွေးဖြေကြားပြီး လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေးအတွက် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ ကျိုင်းတုံမြို့ တက္ကသိုလ်သို့ရောက်ရှိပြီး ကျိုင်းတုံတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်နှင့် ပညာရေးကောလိပ်များမှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ဒုတိယပါမောက္ခချုပ်၊ ဒုတိယကျောင်းအုပ်ကြီးများ၊ ပါမောက္ခ(ဌာနမှူး)များ၊ ဆရာ ဆရာမများ၊စီမံဌာနမှဝန်ထမ်းများ၊ သက်ဆိုင်ရာ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ အဆင့်မြင့်ပညာရေး ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် သင်ကြားရေး၊ စီမံခန့်ခွဲရေးဆိုင်ရာကိစ္စရပ်များ ပိုမိုကောင်းမွန်အောင် ဆောင်ရွက်နိုင်ရေးတို့ကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ပါမောက္ခချုပ်များ ကော်မတီဥက္ကဋ္ဌ ဒေါက်တာ ဇော်ဝေစိုးက ပါမောက္ခချုပ်များကော်မတီ၏ ဆောင်ရွက်နေမှု အခြေအနေများနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားသည်။ ယင်းနောက် ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများနှင့် တက်ရောက်လာသူများက အဆင့်မြင့်ပညာကဏ္ဍဆိုင်ရာ ဆောင်ရွက်နေမှု အခြေအနေများကို တင်ပြ၍ သိရှိလိုသည်များကို မေးမြန်းရာ ပြည်ထောင်စုဝန်ကြီးနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေး ဖြေကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်ရေး ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အိုဇုန်းလွှာပျက်စီးမှု၊ ကမ္ဘာကြီးပူနွေးမှု၊ ပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်မှုတို့ကို ဖြစ်စေသည့် ဒြပ်ပစ္စည်းများကို လျှော့ချသုံးစွဲနိုင်ရန် ကြိုးပမ်းဆောင်ရွက်

**နေပြည်တော် ဇွန် ၂၆**

ကမ္ဘာ့အအေးပေး ပစ္စည်းများနေ့ (World Refrigeration Day) အထိမ်းအမှတ်အခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲတွင် Mount Pleasant Hotel ၌ ကျင်းပသည်။

**ကြာရှည်စွာထိန်းသိမ်းပေးနိုင်**

အခမ်းအနားတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက အဖွင့်အမှာစကား ပြောကြားရာတွင် ကမ္ဘာတစ်ဝန်း အအေးပေးပစ္စည်းလုပ်ငန်းဆိုင်ရာ အသင်းအဖွဲ့များကို စတင်ခဲ့သည့် ဗြိတိန်နိုင်ငံသား ရူပဗေဒပညာရှင် Mr. William Thomson ခေါ် Mr. Lord Kelvin ကို အသိအမှတ်ပြုခြင်းအားဖြင့် ၎င်းမွေးနေ့ ဇွန် ၂၆ ရက်ကို ကမ္ဘာ့အအေးပေးပစ္စည်းများနေ့အဖြစ် ကမ္ဘာ့နိုင်ငံများက သဘောတူသတ်မှတ်ခဲ့ကြကြောင်း၊ မြန်မာနိုင်ငံတွင် ကမ္ဘာ့အအေးပေးပစ္စည်းများနေ့ အထိမ်းအမှတ် အခမ်းအနား ကျင်းပခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်ပါကြောင်း၊ ယနေ့ကမ္ဘာကြီးတွင် ရာသီဥတု ပြောင်းလဲလာသည်နှင့် အမျှ ပိုမိုပူပြင်းသည့် နေ့ရက်များကို နေ့စဉ် ရင်ဆိုင်ကြုံတွေ့နေကြရကြောင်း၊ တစ်ပြိုင်တည်းမှာပင် နည်းပညာများ ဖွံ့ဖြိုးလာသည်နှင့်အမျှ နေ့စဉ်လူနေမှုစနစ်များတွင် ရေခဲသေတ္တာ၊ လေအေးပေးစက်၊ အပူစုပ်စက် အအေးပေးပစ္စည်းများကို ပိုမိုသုံးစွဲခြင်းဖြင့် အပူဒဏ်ကို ရင်ဆိုင် ဖြေရှင်းလာကြသည်မှာ သိသာထင်ရှားလှပါကြောင်း၊ ၎င်းအအေးပေးပစ္စည်းများမှာ အပူချိန်ကိုထိန်းညှိပေးသည့်အတွက် သုံးစွဲသူတိုင်းကို သက်သောင့်သက်သာရှိစေပြီး အစားအစာနှင့်ဆေးဝါး များကိုလည်း ကြာရှည်စွာထိန်းသိမ်းပေးနိုင်သည့်အတွက် လူနေအိမ်အဆောက် အအုံများ၊ စီးပွားရေးလုပ်ငန်း၊ စက်ရုံအလုပ်ရုံ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများတွင် တွင်တွင်ကျယ်ကျယ်အသုံးပြုနေခြင်း ဖြစ်ပါကြောင်း။

**အတူတကွကြိုးပမ်းဆောင်ရွက်**

ယခုဆိုလျှင် မြို့ပြများသာမက လျှပ်စစ်မီးရသည့် ကျေးလက်ဒေသများတွင်ပါ ရေခဲသေတ္တာ၊ လေအေးပေးစက်ကို သုံးစွဲလာသည်ကို အားလုံးတွေ့မြင်နေရပါကြောင်း၊ သိပ္ပံပညာရှင်များက တွက်ချက်ခန့်မှန်းချက်အရ သက္ကရာဇ် ၂၀၅၀ တွင် ကမ္ဘာတစ်ဝန်းလေအေးပေးစက်သန်းပေါင်း ၅၆၀၀ ခန့် သုံးစွဲလာနိုင်မှုကြောင့် လက်ရှိသုံးစွဲနေသည့် စွမ်းအင်ပမာဏ၏သုံးဆခန့် လိုအပ်လာနိုင်မည်ဖြစ်ပါကြောင်း၊ အအေးပေးပစ္စည်းများသည် လူနေမှုဘဝအဆင့်အတန်း မြင့်မားစေရန်နှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန် အလွန်အရေးပါသည့် ဝန်ဆောင်မှုများ ပေးနိုင်သည်ကို ငြင်း၍မရပါကြောင်း။ တစ်ဖက်တွင်လည်း အအေးပေးပစ္စည်းများမှာ အသုံးပြုသည့် ကလိုရိုဖလူရိုကာဗွန် (CFC)၊ ဟိုက်ဒရို ကလိုရိုဖလူရိုကာဗွန် (HCFC)၊ ဟိုက်ဒရိုဖလူရိုကာဗွန် (HFC) ကဲ့သို့သော ဒြပ်ပစ္စည်းများမှာ အိုဇုန်းလွှာပျက်စီးမှု၊ ကမ္ဘာကြီးပူနွေးမှု၊ ပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်မှုများကို ဖြစ်ပေါ်စေသည်ကို သတိပြုကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အိုဇုန်းလွှာပျက်စီးမှု၊ ကမ္ဘာကြီးပူနွေးမှု၊ ပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်မှုတို့ကို ဖြစ်စေသည့် ဒြပ်ပစ္စည်းများကို လျှော့ချသုံးစွဲနိုင်ရန်ကိုလည်း အတူတကွကြိုးပမ်းဆောင်ရွက်ရန် လိုအပ်လာသည့်အတွက် ယနေ့ကျရောက်သည့် ကမ္ဘာ့အအေးပေးပစ္စည်းများနေ့ (World Refrigeration Day-WRD) မှာ "Refrigerants for Life: How Refrigerants Affect Modern Life" (လူနေမှုဘဝတည်တံ့ခိုင်မြဲဖို့ အကျိုးပြု အအေးပေးပစ္စည်းများ ရွေးချယ်သုံးစွဲစို့) ဆိုသည့် ဆောင်ပုဒ်နှင့် ပြည်သူလူထုကို နှိုးဆော်သတိပေးထားခြင်း ဖြစ်ပါကြောင်း။

ပြည်သူလူထုထံ အသိပညာပေးလုပ်ငန်းများကို အင်တိုက်အားတိုက် အကောင်အထည်ဖော် ဆောင်ရွက်သကဲ့သို့ ရေခဲသေတ္တာနှင့် လေအေးပေးစက်ဆိုင်ရာ ကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် မိမိတို့စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိစေသည့် အထူးသဖြင့် အိုဇုန်းလွှာပျက်စီးစေမှုနှင့် ကမ္ဘာကြီးပူနွေးမှုကို လျှော့ချပေးနိုင်မည့် နည်းလမ်းများနှင့် အအေးပေးပစ္စည်းများ စီမံခန့်ခွဲမှုဆိုင်ရာ ကန့်သတ်ချက်၊ တားမြစ်ချက်များကို အပြည့်အဝလိုက်နာ ဆောင်ရွက်ခြင်းဖြင့် ထိခိုက်မှုမရှိဘဲ အမှန်တကယ်အေးမြသည့် ကမ္ဘာကြီးတည်ဆောက်ရန် ပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြပါရန် အလေးအနက် တိုက်တွန်းရင်း ယနေ့ကျရောက်သည့် ပထမအကြိမ် ကမ္ဘာ့အအေးပေးပစ္စည်းများနေ့ကို ဂုဏ်ပြုကြိုဆိုလိုက်ရပါကြောင်း ပြောကြားသည်။

**ဆွေးနွေးပြောကြား**

ဆက်လက်၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်သင်းသူဇာဝင်းက အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်းများဆိုင်ရာ မြန်မာနိုင်ငံ၏ ဆောင်ရွက်ချက်များနှင့် ရှေ့လုပ်ငန်းစဉ်များ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းမှ Excecutive Engineer ဦးစိုးနိုင်ဝင်း၊ ဒိုင်ကင်း ကုမ္ပဏီမှ Manager ဦးထိပ်တင်ထွဋ်တို့က ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဆန်းဦးက နိဂုံးချုပ်အမှာစကားပြောကြားသည်။

မွန်းလွဲပိုင်းတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ တာဝန်ရှိသူများသည် ရေခဲသေတ္တာနှင့် လေအေးပေးစက်ပစ္စည်းများရောင်းချသည့် အရောင်းစင်တာများ၊ Ocean Super Centre များသို့ သွားရောက်၍ Awareness Campaign အဖြစ် လက်ကမ်းစာစောင်များ၊ စတစ်ကာများကို ဈေးဝယ်လာသူ ပြည်သူလူထုထံ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# Landesa အဖွဲ့မှ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းလျှောက်လွှာပုံစံများ ပေးအပ်လှူဒါန်း

**နေပြည်တော် ဇွန် ၂၆**

လုပ်ကွက်ငယ် တောင်သူလယ်သမားများ အပါအဝင် လျှောက်ထားလိုသော ပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများအနေဖြင့် ဥပဒေနှင့်အညီလျှောက်ထားရာတွင် လွယ်ကူအဆင်ပြေစွာ အသုံးပြုနိုင်ရေးအတွက် Landesa အဖွဲ့က လိုအပ်သည့် ဥပဒေ၊ နည်းဥပဒေစာအုပ်များနှင့် လုပ်ပိုင်ခွင့် အသုံးပြုခွင့် လျှောက်လွှာပုံစံများ လှူဒါန်းပေးအပ်ခြင်း အခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီက နေပြည်တော် ရုံးအမှတ် ၁၅ ၌ ကျင်းပသည်။

**လျှောက်လွှာပုံစံများပေးအပ်**

အခမ်းအနားတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ကျေးဇူးတင် ဂုဏ်ပြုစကားပြောကြားသည်။ ဆက်လက်၍ Landesa အဖွဲ့မှ ကိုယ်စားလှယ်က မြေလွတ်၊ မြေလပ်နှင့် မြေရိုင်း လျှောက်လွှာပုံစံများကို ပေးအပ်လှူဒါန်းရာ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသက်နိုင်ဦးက လက်ခံရယူသည်။ **(ယာပုံ)**

**ဥပဒေနှင့်အညီလျှောက်ထားရန်လို**

၂၀၁၂ ခုနှစ်တွင် မြေလွတ်၊မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေ၊ နည်းဥပဒေများကို ပြဋ္ဌာန်းခဲ့ပြီး ၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၄ ဖြင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၁၈) ကိုပြင်ဆင်ပြဋ္ဌာန်းပြီး မြေယာမဲ့နိုင်ငံသားများ၊ လုပ်ကွက်ငယ် တောင်သူလယ်သမားများ အပါအဝင် ခွင့်ပြုမိန့်မရရှိဘဲ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို ရယူအသုံးပြုလျက်ရှိသော ပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများအနေဖြင့် ဥပဒေနှင့်အညီ လျှောက်ထားနိုင်ရန် လိုအပ်သည်။

**လျှောက်လွှာပုံစံငါးသိန်းကျော်ဖြန့်ဝေ**

မေ ၂၂ ရက်က ကျင်းပသည့် Landesa အဖွဲ့၏ မြေယာလုပ်ပိုင်ခွင့်ဆိုင်ရာ သုတေသနတွေ့ရှိချက်များနှင့် သတင်းအချက်အလက် စီမံခန့်ခွဲမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ရလဒ်များအရ ဆွေးနွေးညှိနှိုင်းမှုများ ဆောင်ရွက်ခဲ့ရာတွင် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေကိုပြင်ဆင်သည့်ဥပဒေ



(၂၀၁၈)အရ မြေလွတ်၊ မြေရိုင်းများကို စိုက်ပျိုးလုပ်ကိုင် မွေးမြူလိုသူများအတွက် ဥပဒေနှင့်အညီ လျှောက်ထားနိုင်ရေး လိုအပ်သည့် ဥပဒေ၊ နည်းဥပဒေစာအုပ်များနှင့် လုပ်ပိုင်ခွင့်အသုံးပြုခွင့် လျှောက်လွှာပုံစံများကို တောင်သူလယ်သမားများလက်ဝယ်သို့ အချိန်နှင့်တစ်ပြေးညီရောက်ရှိရေး ကူညီပေးလိုကြောင်း ညှိနှိုင်းချက်အရ ယခုကဲ့သို့ လျှောက်လွှာပုံစံများ ပေးအပ်လှူဒါန်းခြင်း ဖြစ်ကြောင်းနှင့် ယနေ့အထိ လုပ်ငန်းဆောင်ရွက်လိုသူများထံသို့ လျှောက်လွှာပုံစံပေါင်း ငါးသိန်းကျော်ကို ဖြန့်ဝေထားပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သန်းမြင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ချန်းဟိုင်နှင့် အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်

# မြောက်ဦးယဉ်ကျေးမှုအမွေအနှစ်ဒေသအား ကမ္ဘာ့အမွေအနှစ်စာရင်း တင်သွင်းရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**စစ်တွေ ဇွန် ၂၆**

မြောက်ဦးယဉ်ကျေးမှု အမွေအနှစ်ဒေသအား ကမ္ဘာ့အမွေအနှစ်စာရင်း တင်သွင်းနိုင်ရေးအတွက် မြောက်ဦးယဉ်ကျေးမှုနယ်မြေ စီမံခန့်ခွဲရေးအဖွဲ့၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးပွဲကို ယမန်နေ့က စစ်တွေမြို့ရှိ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြောက်ဦးယဉ်ကျေးမှုနယ်မြေ စီမံခန့်ခွဲရေးအဖွဲ့ ဥက္ကဋ္ဌ၊ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးညီပုက မြောက်ဦးယဉ်ကျေးမှုအမွေအနှစ်ဒေသအား ကမ္ဘာ့အမွေအနှစ် တင်သွင်းနိုင်ရေးအတွက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက အဓိကဦးဆောင်ပြီး နိုင်ငံတကာမှ ကမ္ဘာ့အမွေအနှစ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ၊ ပြည်တွင်းမှ ပညာရှင်များနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း။

မြောက်ဦးယဉ်ကျေးမှု အမွေအနှစ်ဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းရေးအတွက် အဆိုပြုစာတွဲမူကြမ်းကို ၂၀၁၉ ခုနှစ် စက်တင်ဘာလတွင် တင်ပြရမည်ဖြစ်ပြီး အဆိုပြုစာတွဲ မူကြမ်းအတွက် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုသည် ၇၀ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီဖြစ်ကြောင်း၊ ပြည်နယ်အစိုးရအနေဖြင့်လည်း မြောက်ဦးယဉ်ကျေးမှု အမွေအနှစ်ဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်း တင်သွင်းနိုင်ရေးအတွက် ဆောင်ရွက်နေဆဲနှင့် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများကို ဌာနဆိုင်ရာများအနေဖြင့် ယခုညှိနှိုင်းအစည်းအဝေးတွင် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် မြောက်ဦးယဉ်ကျေးမှုနယ်မြေ စီမံခန့်ခွဲရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီး ဦးကျော်အေးသိန်းက မြောက်ဦးယဉ်ကျေးမှု အမွေအနှစ်ဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်း တင်သွင်းနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များ၊ လိုအပ်ချက်များအား အကြံပြုဆွေးနွေး ပြောကြားသည်။ ယင်းနောက် ယဉ်ကျေးမှုနယ်မြေစီမံခန့်ခွဲရေးအဖွဲ့အတွင်းရေးမှူး၊ ခရိုင်အုပ်ချုပ်ရေးမှူးက မြောက်ဦးယဉ်ကျေးမှု အမွေအနှစ်ဒေသအား ကမ္ဘာ့အမွေအနှစ်စာရင်း တင်သွင်းနိုင်ရေး ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြသည်။

ယင်းနောက် မြောက်ဦးယဉ်ကျေးမှုနယ်မြေ စီမံခန့်ခွဲရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ မြောက်ဦးဌာနခွဲ တာဝန်ခံညွှန်ကြားရေးမှူး ဒေါက်တာ သန်းထိုက်က ယင်းဒေသကို ကမ္ဘာ့အမွေအနှစ် စာရင်းတင်သွင်းနိုင်ရေးအတွက် အတည်ပြုသတ်မှတ်ထားသော ဇုန်နယ်နိမိတ်၊ မြောက်ဦးယဉ်ကျေးမှု အမွေအနှစ်ဒေသအတွင်း ၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်အထိ အဆောက်အအုံ ဆောက်လုပ်ရာတွင် လိုက်နာဆောင်ရွက်ရမည့် အချက်အလက်များ၊ ကမ္ဘာ့အမွေအနှစ်စာရင်း တင်သွင်းနိုင်ရေးအတွက် ကြိုတင်ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် အနုမရေကန် အဆင့်မြှင့်တင်မွမ်းမံခြင်း လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အသင်းအဖွဲ့များမှ တာဝန်ရှိသူများက ဆွေးနွေးတင်ပြကြကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-ဟန်မင်း**



ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ အမှာစကားပြောကြားစဉ်။

# ကျောက်ဖြူအထူး စီးပွားရေးဇုန်ရှိ ရေနက်ဆိပ်ကမ်းစီမံကိန်းနှင့် စက်မှုဇုန်စီမံကိန်းများ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ရေး ဆွေးနွေး

**နေပြည်တော် ဇွန် ၂၆**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သန်းမြင့်သည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာချန်းဟိုင်နှင့် အဖွဲ့အား ယနေ့မွန်းလွဲ ၃ နာရီခွဲတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမ (၁) ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ကျောက်ဖြူအထူး စီးပွားရေးဇုန်ရှိ ရေနက်ဆိပ်ကမ်းစီမံကိန်းနှင့် စက်မှုဇုန် စီမံကိန်းများ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ရေး၊ နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးဇုန် တည်ထောင်ရေးအတွက် နှစ်ဖက်တာဝန်ရှိသူများအကြား ဆောလျင်စွာ တွေ့ဆုံဆွေးနွေးနိုင်ရေး၊ မြန်မာ့လယ်ယာထွက်ကုန်များ အထူးသဖြင့် ဆန်၊ ပြောင်း၊ သကြားနှင့်ရေထွက်ပစ္စည်းများ တရုတ်နိုင်ငံသို့ တိုးမြှင့်တင်ပို့နိုင်ရေးတို့အတွက် နှစ်ဖက်ညှိနှိုင်းဆောင်ရွက်သွားရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

# မူးယစ်ဆေးဝါးဆန့်ကျင်ရေး ပြိုင်ပွဲများ၌ ဆုရရှိသူများအား ဆုချီးမြှင့်

**နေပြည်တော် ဇွန် ၂၆**

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (ဗဟို)က အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ်(၁၂)ကြိမ်မြောက် မူးယစ်ဆေးဝါးဆန့်ကျင်ရေးနှင့် ပတ်သက်သော ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာရေးစပ်ပြိုင်ပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုချီးမြှင့်ပေးအပ်ခြင်းကို ယမန်နေ့က ရန်ကုန်မြို့ဗဟန်းမြို့နယ် အုတ်လမ်းရှိ ကျောက်ဆည်မွှောရုံ၌ ကျင်းပသည်။

**ဆုများချီးမြှင့်**

အခမ်းအနားတွင် အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့် မြန်မာဘာသာဖြင့် ကျပန်းစကားပြောပြိုင်ခြင်း၊ အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့် အင်္ဂလိပ်ဘာသာဖြင့် ကျပန်းစကားပြောပြိုင်ခြင်း၊ မူလတန်းအဆင့် မြန်မာဘာသာ၊ အင်္ဂလိပ်ဘာသာဖြင့် ကဗျာရွတ်ဆိုပြိုင်ခြင်းတို့ ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲတွင် ဆုရရှိသူများကို တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြသည်။

**ကိုကိုရှုပ**

# (၇၂) နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ်အဖြစ် ဝန်ကြီးများရုံးကို အခမဲ့ဖွင့်လှစ်ပေးမည်

**ရန်ကုန် ဇွန် ၂၆**

(၇၂) နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ်အဖြစ် ဗိုလ်ချုပ်အောင်ဆန်းနှင့် နိုင်ငံခေါင်းဆောင်များ လုပ်ကြံခံခဲ့ရသည့် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်းရှိ ဝန်ကြီးများရုံး(ယခင်အတွင်းဝန်ရုံး)ကို ဇူလိုင် ၁၉ မှ ၂၁ ရက်အထိ အများပြည်သူများလေ့လာနိုင်ရန် အခမဲ့ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း ဝန်ကြီးများရုံး စီမံကိန်းတာဝန်ခံ ဦးမျိုးမင်းဝင်းထံက သိရသည်။

"ဇူလိုင် ၁၉ ရက်ကနေ ၂၁ ရက်အထိ နံနက် ၉ နာရီကနေ ညနေ ၅ နာရီအထိ ဖွင့်ပေးသွားပါမယ်။ အဲဒီသုံးရက်တာ ကာလအတွင်းကိုတော့ အခမဲ့ ဝင်ခွင့်ပြုမှာပါ။ ပန်းချီပြခန်းပါမယ်။ ပါလီမန် အဆောက်အအုံကို ကြည့်ရှုခွင့်ရမယ်။ ဗိုလ်ချုပ်တို့ အစည်းအဝေးလုပ်နေတုန်း လုပ်ကြံခံရလို့ ကျဆုံးသွားတဲ့ အခန်းကိုတော့ ပေးမတက်ပါဘူး"ဟု ဦးမျိုးမင်းဝင်းက ပြောသည်။

ဗိုလ်ချုပ်အောင်ဆန်းနှင့် နိုင်ငံခေါင်းဆောင်များ အစည်းအဝေးကျင်းပနေစဉ် လုပ်ကြံခံခဲ့ရသည့်အခန်းကို မူလပုံစံအတိုင်း ပြင်ဆင်နေဆဲဖြစ်၍ တက်ရောက်ကြည့်ရှုခွင့် မပြုထားသော်လည်း အခန်းပုံစံကို ပရိုဂျက်တာဖြင့် ပြသထားမည်ဖြစ်ပြီး ဗိုလ်ချုပ်တို့ကျဆုံးစဉ်က ကျန်ရှိခဲ့သည့်ပစ္စည်း ၂၈ မျိုးကိုလည်းတီဗွီဖြင့် ပြသထားမည်ဖြစ်ကြောင်း သိရသည်။

ဝန်ကြီးများရုံးစီမံကိန်း တာဝန်ခံ ဦးမျိုးမင်းဝင်းက "ဗိုလ်ချုပ်တို့ အခန်းကို မူလပုံစံအတိုင်းဖြစ်အောင် ပြင်ဆင်နေတဲ့ ပြီးစီးမှုအနေအထားကို ပရိုဂျက်တာနဲ့ ပြသထားပါမယ်။ ဗိုလ်ချုပ်တို့ ကျဆုံးစဉ်ကကျန်ခဲ့တဲ့ ပစ္စည်း ၂၈ မျိုးကိုလည်း တီဗွီနဲ့ ပြသထားပါမယ်။ ဗိုလ်ချုပ်တို့ လုပ်ကြံခံရတဲ့ အခန်းကတော့ အခုချိန်ထိ ပြင်ဆင်နေဆဲပဲ ဖြစ်ပါတယ်။ ဆေးခွာတာနဲ့ ကျည်ဆန်ပေါက်ရာတွေ့တာလောက်အထိပဲ ပြီးသေးတယ်" ဟု ပြောသည်။

အာဇာနည် ခေါင်းဆောင်များ ကျဆုံးခဲ့သည့် အစည်းအဝေးခန်းမနေရာကို ၁၉၉၀ ပြည့်နှစ်ခန့်တွင် ဘုရားခန်းအဖြစ် ပြောင်းလဲခဲ့သော်လည်း အာဇာနည် မိသားစုဝင်များက ၁၉၄၇ ခုနှစ် အာဇာနည်ခေါင်းဆောင်များ ကျဆုံးခဲ့ချိန်တွင် ရှိခဲ့သည့်အမှုဆောင်ကောင်စီ အစည်းအဝေးခန်းမအတိုင်း ပြန်လည်ထားရှိရန်၊ အများပြည်သူလေ့လာနိုင်သည့် ပြတိုက်အဖြစ်ထားရှိရန်၊ ပြတိုက်သည် အာဇာနည်များရှိစဉ်က ပုံစံအတိုင်းထင်ဟပ်စေရန် သဘောဆန္ဒပြသဖြင့် ယခင်ပုံစံအတိုင်းရှိစေရန် ပြန်လည်ပြင်ဆင်နေခြင်း ဖြစ်သည်။

ရန်ကုန်မြို့ပြ အမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ (YHT)နှင့် အနော်မာကုမ္ပဏီတို့သည် ၁၉၄၇ ခုနှစ်က ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ရှစ်ဦးတို့လုပ်ကြံခံခဲ့ရသည့် အစည်းအဝေးခန်းမကို နဂိုမူလပုံစံနှင့် အခင်းအကျင်းအနေအထားများအတိုင်း ပြန်လည်ဖော်ထုတ်နိုင်ရန် လုပ်ဆောင်လျက်ရှိပြီး ပြင်ဆင်ပြီးပါက ဆယ်စုနှစ်ပေါင်းများစွာ ဖုံးအုပ်ကွယ်ပျောက်နေခဲ့သည့် အခန်း၏ အနုစိတ်လက်ရာများနှင့် ဗိုလ်ချုပ်အောင်ဆန်းအကြောင်းတို့ကို ပိုမိုလေ့လာနိုင်တော့မည်ဖြစ်သည်။

**သတင်းနှင့်ဓာတ်ပုံ-ရဲခေါင်ညွန့်၊ သန့်ဇင်ဝင်း**



ဝန်ကြီးများရုံး(ယခင်အတွင်းဝန်ရုံး)ကို တွေ့ရစဉ်။

## နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇွန် ၂၆**

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (တောင်ပိုင်း)နှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့်ရှိနေသည်။

**မိုး/ဇလ**



သေနတ်ပစ်အားကစားသမားများ ပြိုင်ပွဲဝင်နေစဉ်။

# ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန် တိုင်းဒေသကြီးနှင့်ပြည်နယ် သေနတ်ပစ်ပြိုင်ပွဲ ကြည့်ရှုအားပေး

**ရန်ကုန် ဇွန် ၂၆**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်သည် ယနေ့ နံနက် ၉ နာရီက ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)ရှိ အပြည်ပြည်ဆိုင်ရာ သေနတ်ပစ်အားကစားရုံသို့ ရောက်ရှိပြီး ၂၀၁၉ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် သေနတ်ပစ်ပြိုင်ပွဲမှ ပြိုင်ပွဲဝင်ကစားသမား ၁၅၂ ဦး ယှဉ်ပြိုင်ကစားကြသည့် 25m. 22 Pistol အမျိုးသား/အမျိုးသမီးပြိုင်ပွဲ၊ 10m Air Pistol အမျိုးသား/အမျိုးသမီးပြိုင်ပွဲ၊ 10m Air Rifle အမျိုးသား/အမျိုးသမီးပြိုင်ပွဲများကို ကြည့်ရှုအားပေးသည်။

**မသန်စွမ်းလေ့ကျင့်ရေးစခန်းသို့ ရောက်ရှိ**

ယင်းနောက် ဒဂုံမြို့သစ်(မြောက်ပိုင်း)ရှိ မသန်စွမ်းလေ့ကျင့်ရေးစခန်းသို့ ရောက်ရှိပြီး အားကစားသမားများ၏ စားရိပ်သာ၊ နားနေခန်း၊ လေ့ကျင်ရေးအားကစားရုံတို့အား လိုက်လံကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် ဒဂုံမြို့သစ်(မြောက်ပိုင်း)ရှိ မြန်မာ့သိုင်းသင်တန်းကျောင်း ဣန္ဒိမာန်အောင် သင်တန်းခန်းမသစ်သို့ လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အောက်တိုဘာလမှ ဧပြီလအထိ မြန်မာနိုင်ငံ၏ ပို့ကုန်၊ သွင်းကုန်အခြေအနေ

**နေပြည်တော် ဇွန် ၂၆**

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ဧပြီလအတွက် မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၆၄၁ ဒသမ ၆၄ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၈၀၇ ဒသမ ၈၉ သန်းနှင့် စုစုပေါင်းပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၄၄၉ ဒသမ ၅၃ သန်းဖြစ်သည်။ ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၂၅၂ ဒသမ ၂၃ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန် ဒေါ်လာ ၂၄၄ ဒသမ ၉၀ သန်းနှင့် စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၄၉၇ ဒသမ ၁၃ သန်းဖြစ်သည်။ သို့ဖြစ်ပါ၍ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ဧပြီလအတွက် စုစုပေါင်းကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၂၉၄၆ ဒသမ ၆၆ သန်းဖြစ်ပြီး စုစုပေါင်းကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၄၇ ဒသမ ၆၀ သန်းဖြစ်ပေါ်ခဲ့သည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ အောက်တိုဘာလမှ ဧပြီလအထိ မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၅၂၅၈ ဒသမ ၃၂ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၄၄၄၅ ဒသမ ၃၈ သန်းနှင့် စုစုပေါင်းပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၉၇၀၃ ဒသမ ၇၀ သန်းဖြစ်သည်။ ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၈၆၀၉ ဒသမ ၉၂ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၆၉၃ ဒသမ ၄၁ သန်းနှင့် စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၀၃၀၃ ဒသမ ၃၃ သန်းဖြစ်သည်။ သို့ဖြစ်ပါ၍ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ အောက်တိုဘာလမှ ဧပြီလအထိ စုစုပေါင်းကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၂၀၀၀၇ ဒသမ ၀၃ သန်းဖြစ်ပြီး စုစုပေါင်းကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၅၉၉ ဒသမ ၆၃ သန်းဖြစ်ပေါ်ခဲ့ကြောင်း ဗဟိုစာရင်းအင်းအဖွဲ့မှ လစဉ်တင်ပြသော ပို့ကုန်၊ သွင်းကုန်အခြေအနေအစီရင်ခံစာအရ သိရသည်။

**သတင်းစဉ်**

# လူသစ်တန်း ကာယဗလနှင့် ကာယကြံ့ခိုင်မှု မောင်မယ်ပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် ဇွန် ၂၆**

မြန်မာနိုင်ငံ အားကစားမီဒီယာအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် လူသစ်တန်း ကာယဗလ မောင်နှင့် ကာယကြံ့ခိုင်မှုမယ်ပြိုင်ပွဲကို ဇွန် ၃၀ ရက်တွင် ရန်ကုန်မြို့ အောင်ဆန်း အားကစားပြိုင်ဝင်း မိုးလုံလေလုံ အားကစားခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် မြန်မာနိုင်ငံ ကာယဗလနှင့်ကာယကြံ့ခိုင်မှု အားကစားအဖွဲ့ချုပ်က ကြီးမှူးကျင်းပခဲ့သော ပြိုင်ပွဲအသီးသီးတွင် ပထမ၊ ဒုတိယ၊ တတိယ ရရှိသူများနှင့် မြန်မာ့လက်ရွေးစင် ရရှိခဲ့ဖူးသူများ ပါဝင်ယှဉ်ပြိုင်ခွင့်ပြုမည်မဟုတ်ကြောင်း သိရသည်။ ယင်းပြိုင်ပွဲသို့ ပြိုင်ပွဲဝင်လိုသူများသည် ဇွန်၂၉ ရက် နောက်ဆုံးထား၍ ဖုန်း ၀၉-၄၅၀၀၂၅၈၆၈၊ ၀၉-၇၉၅၀၀၇၂၁၃ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

**အေကေလင်း**

# အကြိမ်(၃၀)မြောက် ဆီးဂိမ်းပြိုင်ပွဲ အသင်းလိုက် လှေလှော်ပြိုင်ပွဲတွင် ရွှေတံဆိပ်ရယူပေးနိုင်သည့်အသင်းအား ငွေကျပ်သိန်းငါးရာ ချီးမြှင့်သွားမည်

**ရန်ကုန် ဇွန် ၂၆**

ဖိလစ်ပိုင်နိုင်ငံ၌ ကျင်းပမည့် အကြိမ်(၃၀) မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်ရယူပေးနိုင်သည့် အသင်းလိုက် လှေလှော်အားကစားသမားများအတွက် ကျပ်သိန်းငါးရာ ချီးမြှင့်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသောင်းထိုက်မင်းက ထိုင်းနိုင်ငံ ပတ္တယားမြို့၌ ဇွန်၂၀ ရက်မှ ၂၃ ရက်အထိ ကျင်းပခဲ့သည့် အရှေ့တောင်အာရှ ကနူးကယက်တံခွန်စိုက်ပြိုင်ပွဲနှင့် အရှေ့တောင် အာရှသက်ငယ်တန်းနှင့် သက်ကြီးတန်း အပြည်ပြည်ဆိုင်ရာ လှေချန်ပီယံရှစ်ပြိုင်ပွဲတွင် ရွှေခြောက်ခု၊ ငွေလေးခု၊ ကြေးငါးခု ရရှိခဲ့သည့် အောင်ပွဲရ မြန်မာလှေလှော်အားကစားသမားများအား ဇွန် ၂၄ ရက် နံနက်က ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာသည့် ဂုဏ်ပြုကြိုဆိုပွဲတွင် အတည်ပြုပြောကြားသည်။

"ကျွန်တော်တို့ အားကစားသမားတွေအနေနဲ့ ထိုက်တန်တဲ့ဆုကြေး ရရှိမှသာ ဘဝရပ်တည်ရေး ခိုင်မာလာနိုင်မှာဖြစ်ပါတယ်။ ဒါ့ပြင် တစ်ဦးချင်းရွှေတံဆိပ်ရရှိသူကို ငွေကျပ်သိန်း ၁၀၀ ချီးမြှင့်မယ့် အပြင် ပြည်ပနည်းပြကို ငွေကျပ်သိန်း ၅၀ ချီးမြှင့်သွားမှာဖြစ်ပါတယ်။ ငွေနဲ့ကြေး ဆုကြေးအပေါ်မှာ သူတို့ကြိုးစားအားထုတ်မှု လျော့နည်းသွားမှာစိုးလို့ ရွှေတစ်ခုပဲ ချီးမြှင့်သွားမှာပါ။ ပြိုင်ပွဲနီးမှ ငွေ၊ ကြေးဆုကို ပြောသွားမှာပါ။ ဆီးဂိမ်းမှာ နိုင်ငံအတွက် ရွှေတံဆိပ်ဆွတ်ခူးနိုင်မယ်လို့ ယုံကြည်မိပါတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်မှ အားကစားသမားများသည် ဩဂုတ်လတွင် ထိုင်းနိုင်ငံ ပတ္တယားမြို့၌ ကျင်းပမည့် ဆီးဂိမ်းအကြို ရိုးရာလှေနှင့် သက်တမ်းအလိုက် ပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။ မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်သည် အကြိမ်(၃၀)မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ရိုးရာလှေ၊ ကနူးကယက်နှင့် အပြည်ပြည်ဆိုင်ရာ လှေပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး ကမ္ဘာ့အဆင့်၊ အာရှအဆင့် အရှေ့တောင်အာရှ ပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင်ဆုတံဆိပ်များ ဆွတ်ခူးပေးနိုင်ခဲ့သည်။

**အာကာစိုး**

# အကြိမ်(၃၀)မြောက် ဆီးဂိမ်းပြိုင်ပွဲ အလေးမအားကစားအတွက် လက်ရွေးစင်ကစားသမားများရွေးချယ်




အမျိုးသားကီလိုတန်းအလိုက် နှစ်ဆင့်မပြိုင်ပွဲတွင် ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်စဉ်။

**ရန်ကုန် ဇွန် ၂၆**

အကြိမ်(၃၀)မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် အလေးမ လူရွေးချယ်ပွဲနှင့် အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့ အထိမ်းအမှတ်ပြိုင်ပွဲကို ယနေ့ နံနက် ၁၀ နာရီက ရန်ကုန်မြို့ အောင်ဆန်း အားကစားပြိုင်ဝင်း မိုးလုံလေလုံ အားကစားခန်းမ၌ ကျင်းပသည်။

အဆိုပါပြိုင်ပွဲ၌ အမျိုးသား အမျိုးသမီး ၁၀ တန်းစီ ကီလိုတန်းလိုက် အမြန်မ၊ နှစ်ဆင့်မ ယှဉ်ပြိုင်ကြသည်။ ပြိုင်ပွဲအပြီး မြန်မာနိုင်ငံ စံချိန်ချိုးရရှိသည့် အားကစားသမားများအား မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဥက္ကာက ဆုများချီးမြှင့်ခဲ့သည်။

ယင်းပြိုင်ပွဲ၌ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးဌာန အဖွဲ့ချုပ်မှ အားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ ဆီးဂိမ်းပြိုင်ပွဲအတွက် ရွေးချယ်ခံထားရသည့် အားကစားသမားများအား ဩဂုတ်လနောက်ဆုံးပတ်တွင် ထပ်မံရွေးချယ်သွားမည် ဖြစ်ကြောင်း သိရသည်။

"ဆီးဂိမ်းပြိုင်ပွဲအတွက် ဒုတိယအကြိမ် ရွေးချယ်တာဖြစ်ပါတယ်။ သတ်မှတ်စံချိန်နဲ့ ရွေးချယ်တာပါ။ ရွေးချယ်ခံထားရတဲ့ ကစားသမားတွေကို တရုတ်နိုင်ငံမှာ ပူးတွဲလေ့ကျင့်မှုတွေ ပြုလုပ်မယ်။ ဆီးဂိမ်းပြိုင်ပွဲမှာ ရွှေတံဆိပ်ရရှိတဲ့ ကစားသမားများကို အဖွဲ့ချုပ်က ငွေကျပ်သိန်း ၅၀ ချီးမြှင့်သွားမှာ ဖြစ်ပါတယ်။ ရွှေတံဆိပ်ရဖို့လည်း မျှော်မှန်းထားပါတယ်"ဟု အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဥက္ကာက ပြောသည်။ မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ်အနေဖြင့် ဆီးဂိမ်းပြိုင်ပွဲတွင် အမျိုးသား လေးတန်း၊ အမျိုးသမီး ခြောက်တန်း ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-အေကေလင်း**

*✽ ကျောဖုံးမှ*

မြန်မာအမျိုးသမီးအသင်းသည် ဩဂုတ်တွင် ကျင်းပမည့် ၂၀၁၉ အာဆီယံ အမျိုးသမီးပြိုင်ပွဲအတွက် ဇွန် ၁၂ ရက်မှစ၍ ပဏာမကစားသမား ၂၆ ဦးဖြင့် လေ့ကျင့်ပြင်ဆင်လျက်ရှိပြီး ဇွန် ၂၈ ရက်မှ ဇူလိုင် ၅ ရက်အထိ မွန်ပြည်နယ် မော်လမြိုင်မြို့နှင့် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့တို့၌ သွားရောက်လေ့ကျင့်ကာ ခြေစမ်းပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**အဓိကပြိုင်ပွဲများ ယှဉ်ပြိုင်ရမည်**

မြန်မာ အမျိုးသမီးအသင်းသည် ယခုနှစ်အတွင်း အဓိကပြိုင်ပွဲများ ယှဉ်ပြိုင်ရမည်ဖြစ်ပြီး အာဆီယံပြိုင်ပွဲတွင်လည်း ထိုက်သင့်သည့်အောင်မြင်မှုရရန် ပြင်ဆင်နေခြင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းတွင် **နည်းပြချုပ်**-ဦးဝင်းသူမိုး၊ **လက်ထောက်နည်းပြ**- ဦးခင်မောင်ထွေး၊ ဦးစထက်နိုင်ဝင်း၊ ဒေါ်သန်းသန်းထွေး၊ **ဂိုးနည်းပြ**-ဦးမြကိုမင်း၊ **ဂိုး**-ဇာဇာမြင့် (အား/ကာသိပ္ပံ)၊ မေဇင်နွယ်၊ သန္တာဦး (မြဝတီ)၊ ခိုင်ဇာဝင်း (အား/ကာ)၊ **နောက်တန်း**-အိရတနာဖြိုး၊ ဝေဝေအောင်၊ ခင်မျိုးဝင်း၊ ဇင်ဇင်နိုင် (အား/ကာသိပ္ပံ)၊ အေးအေးမိုး၊ ခင်သန်းဝေ၊ ခိုင်သဇင် (မြဝတီ)၊ ချစ်ချစ် (သစ္စာအားမာန်)၊ ဖြူဖြူဝင်း (YREO)၊ **အလယ်တန်း**-ငယ်ငယ်ထွေး၊ ခင်မိုမိုထွန်း (သစ္စာအားမာန်)၊ ခင်မာလာထွန်း၊ သင်းသင်းယု၊ ခိုင်သဇင်ဦး (အား/ကာသိပ္ပံ)၊ လဲ့လဲ့လှိုင် (ဇွဲကပင်)၊ မေသူကျော် (မြဝတီ)၊ **ရှေ့တန်း**-ခင်မိုးဝေ၊ ဂျူလိုင်ကျော် (သစ္စာအားမာန်)၊ နုနု၊ ရီရီဦး(အား/ကာသိပ္ပံ)၊ ဝင်းသိင်္ဂီထွန်း (မြဝတီ)နှင့် မြတ်နိုးခင် (YREO) တို့ ပါဝင်ကြသည်။

**နိုင်ငံတကာပြိုင်ပွဲများ ဆက်တိုက်ယှဉ်ပြိုင်**

မြန်မာအမျိုးသမီး အသင်းသည် နှစ်ဆန်းပိုင်းကတည်းက နိုင်ငံတကာ ပြိုင်ပွဲများ ဆက်တိုက်ယှဉ်ပြိုင်ခဲ့ပြီး ဖေဖော်ဝါရီတွင် အိန္ဒိယဖိတ်ခေါ်ပြိုင်ပွဲ ယှဉ်ပြိုင်ခဲ့ရာ ချန်ပီယံဆုရခဲ့ပြီး ဧပြီတွင် ယှဉ်ပြိုင်သည့် ၂၀၂၀ အိုလံပစ် အမျိုးသမီးဘောလုံး ဒုတိယအဆင့်ခြေစစ်ပွဲတွင် ခြေစစ်ပွဲအောင်မြင်ပြီး တတိယအဆင့်ခြေစစ်ပွဲသို့ တက်ရောက်နိုင်ခဲ့သည်။

**ညီမြတ်သော်တာ**

## နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

**ဝမ်ဘစ်ဆာကာကို ခေါ်ယူရန် သဘောတူညီမှုအဆင့်သို့ ရောက်ရှိလာသည့် မန်ယူ**

မန်ယူအသင်းသည် ညာနောက်ခံကစားသမား ဝမ်ဘစ်ဆာကာ (၂၁ နှစ်)အား ခေါ်ယူရန် ခရစ္စတယ်ပဲလေ့စ်အသင်းနှင့် သဘောတူညီမှုအဆင့်သို့ ရောက်ရှိလာပြီဖြစ်ကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ ၎င်းသည် ပြီးခဲ့သည့် ရာသီတွင် ခရစ္စတယ်ပဲလေ့စ်အသင်းအတွက် ပရီမီယာလိဂ် ၃၅ ပွဲ ပါဝင်ကစားထားသူလည်း ဖြစ်သည်။

**အီတလီနှင့် နယ်သာလန်အသင်း ကွာတားဖိုင်နယ်တွင် တွေ့ဆုံ**

အမျိုးသမီးကမ္ဘာ့ဖလားကွာတားဖိုင်နယ် လက်ကျန် တစ်နေရာစာအတွက် ယမန်နေ့က အီတလီနှင့် တရုတ်၊ နယ်သာလန်နှင့် ဂျပန်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ အီတလီအသင်းနှင့် တရုတ်အသင်းတို့ပွဲစဉ်တွင် အီတလီအသင်းက နှစ်ဂိုး-ဂိုးမရှိ၊ နယ်သာလန်နှင့် ဂျပန်အသင်းတို့ပွဲစဉ်တွင် နယ်သာလန်အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ထို့ကြောင့် ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် လာမည့် ဇွန် ၂၉ ရက်တွင် အီတလီနှင့် နယ်သာလန်အသင်း ယှဉ်ပြိုင်ကစားသွားကြတော့မည်လည်း ဖြစ်သည်။

**တော့တင်ဟမ်အသင်း အန်ဒွန်ဘီလီကို ခေါ်ယူရန် နီးစပ်လာ**

တော့တင်ဟမ်အသင်းသည် လိုင်ယွန်အသင်းမှ ပြင်သစ်ကွင်းလယ်ကစားသမား အန်ဒွန်ဘီလီ (၂၂နှစ်) အား ကလပ်စံချိန်တင်ပြောင်းရွှေ့ကြေး ပေါင်သန်း ၆၀ ဖြင့် ခေါ်ယူရန် နီးစပ်လာပြီဖြစ်ကြောင်း သည်ဆန်းတွင် ဖော်ပြထားသည်။ ထို့အပြင် တော့တင်ဟမ်အသင်းသည် လိစ်ယူနိုက်တက်အသင်းမှ အသက် ၁၈ နှစ်အရွယ် အင်္ဂလန်တောင်ပံကစားသမား ဂျက်ကလာကီကိုလည်း ပေါင် ၈ ဒသမ ၅ သန်းဖြင့် ခေါ်ယူရန် နီးစပ်လာပြီဖြစ်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

**ကန်ဆယ်လိုအား ခေါ်ယူရန် ဆွေးနွေးမှုများပြုလုပ်လျက်ရှိ**

မန်စီးတီးအသင်းသည် ပေါ်တူဂီနောက်ခံကစားသမား ကန်ဆယ်လို (၂၅ နှစ်)အား ပေါင် ၄၄ သန်းဖြင့် ခေါ်ယူနိုင်ရန်အတွက် ဂျူဗင်တပ်စ်အသင်း အားကစားဒါရိုက်တာတစ်ဦးဖြစ်သူ ဖေဘီယို ပါရာတီစီနှင့် ဆွေးနွေးမှုများပြုလုပ်လျက်ရှိကြောင်း ဒေးလီးစတားတွင် ဖော်ပြထားသည်။ **အောင်ဇော်**

# ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ မူးယစ်ဆေးဝါးများဖမ်းဆီးရမိပြီး ပြစ်မှုကျူးလွန်သူများ ဖော်ထုတ်ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၂၆**

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဇွန်၂၃ ရက် နံနက် ၁ နာရီခွဲတွင် Cathay Dragon Airlines ဖြင့် ဟောင်ကောင်လေဆိပ်သို့ လိုက်ပါမည့် ဝမ်းတွင်းမြို့နယ် ညီနောင်ရပ်ကွက်နေ ဝင်းသူနိုင်၏ ခရီးဆောင်အိတ်အား X-Ray ဖြတ်သန်း စစ်ဆေးစဉ် အိတ်အတွင်းမှ ဘိန်းဖြူ ၂၀၀၀ ဂရမ် စစ်ဆေးတွေ့ရှိ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

စစ်ဆေးဖော်ထုတ်ချက်အရ ၎င်းသည် ကျောင်းနေဖက် သူငယ်ချင်းဖြစ်သူ ကျိုင်းတုံမြို့ (၅)ရပ်ကွက်နေ ရဲမင်း ၏ မိတ်ဆက်ပေးမှုဖြင့် လှကြိုင် (ပြည်တွင်းလေကြောင်းလိုင်းတွင် လေယာဉ်မောင် လုပ်ကိုင်နေပြီး ၂၀၁၉ မတ်လက အလုပ်မှ ထွက်ထားသူ)နှင့် ခင်မင်ရင်းနှီးခဲ့ကြောင်း၊ ဘိန်းဖြူများအား လှကြိုင်က ရန်ကုန်လေဆိပ်သို့ လာရောက်ပေးပို့ပြီး ဟောင်ကောင်သို့ ပို့ဆောင်ခိုင်းခြင်းဖြစ်ကြောင်း ထွက်ဆိုသဖြင့် မင်္ဂလာဒုံမြို့နယ် ဇေကမ္ဘာအိမ်ရာဝင်းရှိ လှကြိုင် ခေတ္တတည်းခို နေထိုင်ရာ နေအိမ်သို့ ဆက်လက်စစ်ဆေးရှာဖွေရာ လှကြိုင်အား ICE ၁၀၀၀ ဂရမ်နှင့်အတူ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ Cabin Crew တာဝန်ဖြင့် ဝင်/ထွက်ခွင့်ကတ်ပြား တစ်ခု၊ လှကြိုင်အမည်ပါ ပတ်စ်ပို့စာအုပ် သုံးအုပ်၊ ဝါဝါအိဈွေ (ခ) ရှန်ဖ အမည်ပါ ပတ်စ်ပို့စာအုပ် တစ်အုပ်၊ Nissan Sunny မော်တော်ယာဉ် တစ်စီးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း။

ကွင်းဆက်ထပ်မံဖော်ထုတ်ချက်အရ ဝါဝါအိဈွေ(ခ)ရှန်ဖ တည်းခိုနေထိုင်နေသည့် ဗဟန်းမြို့နယ်ရှိ Royal Platinum Hotel အခန်း(၃၀၃)သို့ စစ်ဆေးရှာဖွေရာ ၎င်းနှင့်အတူ ယွန်းဟေမာန်အား တွေ့ရှိပြီး အခန်းအတွင်းမှ ICE ဝ ဒသမ ၄ ဂရမ်၊ ကတ်တမင်းအမှုန့် ၅ ဂရမ်နှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း။

ကွင်းဆက်ပါဝင်သူ ရဲမင်းသည် ဇွန် ၂၂ ရက်ကတည်းက Cathay Dragon လေကြောင်းလိုင်းဖြင့် ဟောင်ကောင်သို့ ကြိုတင်ထွက်ခွာသွားပြီး မူးယစ်ဆေးဝါးများ သယ်ဆောင်ရောင်းချပေးရန် ခိုင်းစေစီစဉ်သူမှာ မြန်မာနိုင်ငံသို့ ခေတ္တလာရောက်သည့် နီပေါနိုင်ငံသား Mr. Aashish Gurung ဖြစ်ကြောင်း သိရှိရကာ ဗဟန်းမြို့နယ် ငါးထပ်ကြီးတောင်ရပ်ကွက်ရှိ Platinum Square Hotel တွင် ၎င်းအား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

၎င်းတို့သည် အချင်းချင်းချိတ်ဆက်၍ မူးယစ်ဆေးဝါးများကို တာချီလိတ်မှတစ်ဆင့် ဝယ်ယူပြီး ရန်ကုန်သို့ သယ်ဆောင်ကာ ရန်ကုန်မှတစ်ဆင့် ဟောင်ကောင်သို့ပို့ရန် ဆောင်ရွက်ခဲ့ကြကြောင်း၊ ဇွန် ၂၅ ရက်တွင် ဟောင်ကောင်သို့ ကြိုတင်ထွက်ခွာသွားသူ ရဲမင်းမှာ ဟောင်ကောင်မှ ရန်ကုန်လေဆိပ်သို့ ပြန်လည်ဝင်ရောက်လာသဖြင့် စိစစ်ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ ပြီး ဝင်းသူနိုင်၊ လှကြိုင်၊ ဝါဝါအိဈွေ(ခ)ရှန်ဖ၊ ယွန်းဟေမာန်၊ ရဲမင်းနှင့် Mr. Aashish Gurung တို့ ခြောက်ဦးအား မင်္ဂလာဒုံမြို့မရဲစခန်း၊ ဗဟန်းမြို့မရဲစခန်းတို့၌ ဥပဒေနှင့်အညီ ဖမ်းဆီးအမှုဖွင့်အရေးယူထားကြောင်းနှင့် ကွင်းဆက်အား ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

**သတင်းစဉ်**




ပြစ်မှုကျူးလွန်သူများနှင့် သိမ်းဆည်းရမိသည့် သက်သေခံပစ္စည်းများ။

## မြန်မာ့ရုပ်မြင်သံကြား

၂၇-၆-၂၀၁၉ (ကြာသပတေးနေ့)

**နံနက်ပိုင်း**

- ၆း၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ - Breakfast News
- ၈း၃၅ - ပညာရေးစကားဝိုင်း "၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်ခွင့် ရွေးချယ်မည့်စနစ်နှင့် တက္ကသိုလ်ဝင်ခွင့် လျှောက်ထားခြင်းအကြောင်း သိကောင်းစရာ" (အပိုင်း-၁)
- ၁၁း၃၀ - ဘဝထဲကဝတ္ထု၊ ဝတ္ထုထဲကဘဝ "ဖေဖေက ငါးကိုကြည့်တယ်"
- ၁၅း၃၀ - "နွေးသောရင်ခွင် အေးသောမေတ္တာ"

**ညပိုင်း**

- ၁၆း၃၅ - Soccer View
- ၁၇း၃၅ - လူမှုစီးပွားမြင်ကွင်းများ
- ၁၈း၂၀ - "Produced Water Management" (ထုတ်လုပ်ရရှိသောရေကို စီမံဆောင်ရွက်ခြင်း)
- ၁၈း၃၀ - မျက်မှောက်ရေးရာအဖြာဖြာ
- ၁၉း၂၅ - မြန်မာဇာတ်လမ်းတွဲ "သူ" (အပိုင်း-၂၈) (ပြေဇင်၊ ဖူးစုံ၊ မင်းသူ၊ ရဲမွန်၊ သဇင်) ဒါရိုက်တာ-ဘိုသန့်
- ၂၀း၀၀ - ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- လျှင်လှုပ်ရင်ဘယ်လိုနေရမလဲ
- ၂၀း၃၅ - ပညာရေးစကားဝိုင်း "၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်ခွင့် ရွေးချယ်မည့်စနစ်နှင့် တက္ကသိုလ်ဝင်ခွင့် လျှောက်ထားခြင်းအကြောင်း သိကောင်းစရာ" (အပိုင်း-၂)
- "ချစ်ရမွှက်မီး"
- မှတ်မှတ်ထင်ထင်မြန်မာ့ရုပ်ရှင် (အပိုင်း-၃) (ဒါရိုက်တာ- ကြည်စိုးထွန်း၊ စန္ဒရားခင်နုနု)

## မြို့နယ်အချို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၂၆**

မိုးညှင်းခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၂၄ ရက် ည ၁၁ နာရီခွဲက မိုးညှင်းမြို့နယ် မော်ဟန်-နမ္မချီမော်ကားလမ်းတွင် ထွန်းထွန်းဝင်း မောင်းနှင်ပြီး မချိုထွေး လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၇၀၀ သိမ်းဆည်းရမိခဲ့သည်။

အလားတူ ဇွန် ၂၅ ရက် နံနက် ၄ နာရီက မူးယစ်တပ်ဖွဲ့စု (၁၇) မန္တလေး(မြောက်ပိုင်း)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ပုသိမ်ကြီးမြို့နယ် (၁၆)မိုင် ကျောက်ချော စစ်ဆေးရေးစခန်းတွင် ခရီးသည်တင်ယာဉ်ကို ရပ်တန့်ရှာဖွေရာ မဘောက်ဂျာ၏ အိတ်အတွင်းမှ ဘိန်းဖြူ ၆၆၀ ဂရမ်၊ စိတ်ကြွရူးသွပ်ဆေးပြား ၅၈၅၀ နှင့် ဖုန်းတစ်လုံးတို့ကိုလည်းကောင်း၊ ညနေ ၅ နာရီခွဲတွင် ချမ်းမြသာစည်မြို့နယ် ၆၂ လမ်းနှင့် အောင်မင်္ဂလာလမ်းထောင့်တွင် ဇင်မင်းမောင် မောင်းနှင်ပြီး ခင်စိုး လိုက်ပါလာသည့် မစ်ဆူဘစ်ရှီအမျိုးအစား မော်တော်ယာဉ်ကို စစ်ဆေးရှာဖွေရာ ဇင်မင်းမောင်ထံမှ ဘိန်းဖြူ ၁၀၀ ဂရမ်နှင့် ဖုန်းနှစ်လုံးတို့ကို လည်းကောင်း၊ ကွင်းဆက်အရ စစ်ကိုင်းမြို့ ပါရမီရပ်ကွက် သရဖီလမ်းနေ မယုယုခိုင်၏ နေအိမ်ကို ရှာဖွေရာ မယုယုခိုင်အား ဖုန်းတစ်လုံးနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ထို့အတူ ဇွန် ၂၄ ရက် မွန်းလွဲ ၂ နာရီခွဲက တပ်မတော်မှ မိုင်းဆတ်မြို့နယ် မိုင်းတွမ်း(တောင်ပေါ်)ကျေးရွာအုပ်စု ပူနားကို ကျေးရွာ-အားဆော်ပေါ်မိုးကျေးရွာသွား ကားလမ်းအနီးရှိ ချုံအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၇၁၄၀၀ နှင့် ကဖင်း ၆၆၅ ကီလိုတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

## ပျဉ်းမနားမြို့တွင် မီးပလတ်ခုံအပူလွန်ကဲရာမှ မီးလောင်

**ပျဉ်းမနား ဇွန် ၂၆**

နေပြည်တော် ပျဉ်းမနားမြို့တွင် မီးပလတ်ခုံ အပူလွန်ကဲရာမှ မီးလောင်မှုဖြစ်ပြီး ဂိုဒေါင်တစ်လုံးနှင့် မော်တော်ယာဉ်တစ်စီး မီးလောင်ဆုံးရှုံးကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇွန် ၂၅ ရက် ည ၁၁ နာရီခန့်က ပျဉ်းမနားမြို့မရဲစခန်းမှ ဒုရဲအုပ် ထွန်းထွန်းမင်း တာဝန်ထမ်းဆောင်နေစဉ် မီးလောင်မှုဖြစ်ကြောင်း သတင်းအရ တာဝန်ရှိသူများနှင့် သွားရောက်စစ်ဆေးရာ ကျော်ညီနောင်ရပ်ကွက် အမှတ် (၁/၅)နေ ဦးချစ်ဇော်ဇော်(၃၁ နှစ်) အရောင်းအဝယ်လုပ်ငန်း၏ နေအိမ်အနောက်ဘက်ခြမ်း အဟောင်းပစ္စည်းများထားသည့်(၃၀ × ၃၀) ပတ်လည်သွပ်မိုး၊ အထပ်သားကာရံထားသော ဂိုဒေါင်အတွင်းရှိ မီးပလတ်ခုံအပူလွန်ကဲရာမှ မီးစတင်လောင်ကြောင်း သိရသည်။ အဆိုပါဂိုဒေါင်မှတစ်ဆင့် ဂိုဒေါင်အနီး ခြံဝင်းအတွင်း ရပ်တန့်ထားသော ကင်တာအမျိုးအစား မော်တော်ယာဉ်အား ထပ်မံကူးစက်လောင်ခဲ့သည်။

မီးလောင်ရာသို့ ပျဉ်းမနားမြို့နယ် မီးသတ်ဦးစီးမှူး ဦးအောင်သူရကျော်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဒေသခံများက မီးသတ်ယာဉ် ကိုးစီးဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ည ၁၁ နာရီ ၁၅ မိနစ်ခန့်တွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ်(ရှုပဗေဒ)**

## မင်းလှမြို့နယ်၌ တရားမဝင် ဝင်ရောက်လာသူ ခုနစ်ဦး ဖမ်းဆီးရမိ

**အထက်မင်းလှ ဇွန် ၂၆**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့နယ်၌ ဇွန် ၂၅ ရက် ည ၈ နာရီခွဲက တရားမဝင် ဝင်ရောက်လာသူ ခုနစ်ဦးအား ဖမ်းဆီးရမိကြောင်း သိရသည်။

လက်ပံတံခါးကျေးရွာ၏ အနောက်တောင်ဘက် မိုင် ၂၀ ခန့်အကွာ ဆင်ရင်ကျေးရွာနှင့် ကျောင်းကုန်းကျေးရွာ အကြား လျှိုမြောင်အတွင်း ဆင်တောင်ချောင်းအနီး တောထဲ၌ ဇွန် ၂၅ ရက် နံနက် ၉ နာရီခွဲက မသင်္ကာလူစိမ်းများ တွေ့ရှိကြောင်း ပနီဆုံကျေးရွာအုပ်စု ဆင်ရင်ကျေးရွာ ရွာခွဲတာဝန်ခံ ဦးရွှေဘို၏ သတင်းပေးပို့ချက်အရ လက်ပံတံခါး ရဲကင်းမှူး ဒုရဲအုပ် သက်နိုင်ဦးနှင့် တပ်ဖွဲ့ဝင်များ၊ ပနီဆုံကျေးရွာအုပ်ချုပ်ရေးမှူး ဦးညီညီအောင်နှင့် အဖွဲ့ဝင်များက ဆင်ရင်ကျေးရွာနှင့် ဆင်တောင်ချောင်း အနီး ပတ်ဝန်းကျင်တောထဲ၌ တောနင်းရှာဖွေရာ ရခိုင်ပြည်နယ် ကျောက်တော်မြို့ ခေါင်းတုတ်ဈေးကျေးရွာတွင် နေထိုင်သည့် တရားမဝင် ဝင်ရောက်လာသူ အမျိုးသား ခုနစ်ဦးနှင့် လမ်းပြလိုက်ပါပို့ဆောင်သူ မင်းတုန်းမြို့ဝက်ကော်ကျေးရွာ အုပ်စု ငကုန်းကျေးရွာနေ စိုးမိုးဦး(ခ) စန်းဦးတို့ကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## အလုံမြို့နယ်၌ အမျိုးသမီးအလောင်းတစ်လောင်း တွေ့ရှိ

**အလုံ ဇွန် ၂၆**

အလုံမြို့နယ် ကရင်ခြံရပ်ကွက် အလုံလမ်းဘူတာနှင့် ပန်းလှိုင်ဘူတာကြား မိုင်တိုင်အမှတ် (၃/၉၅၀)ရှေ့ရထားသံလမ်းဘေး ရေမြောင်းအတွင်း၌ ယနေ့ နံနက် ၉ နာရီခွဲခန့်က အမျိုးသမီးအလောင်းတစ်လောင်း တွေ့ရှိကြောင်း သိရသည်။

အလုံမြို့မရဲစခန်းမှူး ဒုရဲမှူးကျော်ဇင်ထိုက်နှင့် ရဲတပ်ဖွဲ့ဝင်များသည် အဆိုပါနေရာသို့ သွားရောက်စစ်ဆေးရာ ရေမြောင်းအတွင်း၌ အမျိုးသမီးအလောင်းအား ပုတ်ပွသေဆုံးနေသည်ကို တွေ့ရှိရ၍ အဖြူရောင်နာရေးကူညီမှုအသင်းက အားမာန်ပရဟိတမော်တော်ယာဉ်ဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ပေးခဲ့ပြီး ဓမ္မတာအတိုင်းသေဆုံးခြင်းဟုတ် မဟုတ် အလုံမြို့မရဲစခန်းက အမှုဖွင့်စုံစမ်းလျက်ရှိကြောင်း သိရသည်။

**တင်မောင်ဦး(အလုံ)**

## ရေပူစစ်ဆေးရေးစခန်း၌ စစ်ဆေးမှုများဆောင်ရွက်စဉ် တရားမဝင်ကျောက်စိမ်းတုံးများ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၂၆**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ဆောင်ရွက်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဇွန် ၂၅ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၃၆၆ စီး၊ သွင်းကုန် ၂၃၄ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ခုနစ်စီး၊ သွင်းကုန် အစီး ၁၆၀ ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇွန် ၂၅ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုနှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၆၂ သန်း၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုတစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် သုံးသန်း၊ စုစုပေါင်းတားဆီးမှု သုံးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅ သန်းအား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဇွန် ၂၅ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ စစ်ဆေးမှုများဆောင်ရွက်စဉ် ယာဉ်တစ်စီးပေါ်မှ တရားမဝင်သယ်ဆောင်လာသော ကျောက်စိမ်းဟုယူဆရသည့် ကျောက်တုံးအရွယ်အစားမျိုးစုံ ၉၄၀ ကီလိုဂရမ်နှင့် ပစ္စည်းသယ်ဆောင်သော ယာဉ်တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၂ သန်းအား ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## တရုတ်နိုင်ငံ၌ မြန်မာနိုင်ငံသား ခုနစ်ဦး မှိုအဆိပ်သင့်

**မူဆယ် ဇွန် ၂၆**

တရုတ်နိုင်ငံ ယူနန်ပြည်နယ် ဝမ်းဇီးရှိမြို့ မန်တီးကျေးရွာရှိ ကြံစိုက်ခင်းတွင် အလုပ်လုပ်လျက်ရှိသော မြန်မာနိုင်ငံသား ခုနစ်ဦး မှိုစားပြီး အဆိပ်သင့်မှုဖြစ်ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ်နေ ဦးထွန်းထွန်းဦး (၃၆ နှစ်)၊ ပွင့်ဖြူမြို့နယ်တွင် နေထိုင်ကြသည့် ဦးထွန်းလင်း (၄၃ နှစ်)၊ မောင်တင်ဆန်းလင်း(၁၈ နှစ်)၊ ဦးစူပါ(၂၆ နှစ်)၊ မသိန်းသိန်းဝင်း(၂၈ နှစ်)၊ မစုမြတ်ခိုင် (၂၃ နှစ်)နှင့် မကေဇင်သွယ်(၁၈ နှစ်) တို့သည် ဇွန် ၂၀ ရက်က အဆိုပါ ကြံစိုက်ခင်းဘေး ပေါက်နေသည့် မှိုကို ချက်စားမိရာမှ အဆိပ်သင့်မှုဖြစ်ခဲ့သည်။

မှိုအဆိပ်သင့်မှုဖြစ်ဖြစ်ချင်း တရုတ်နိုင်ငံမှ တာဝန်ရှိသူများက ဝမ်းဇူးရိုဆေးရုံသို့ ပို့ဆောင်ပြီး ဆေးကုသမှုခံယူခဲ့သည်။ ထိုမှတစ်ဆင့် ကျန်းဖုံဆေးရုံသို့ လွှဲပြောင်းပြီး ဇွန် ၂၀ ရက်မှ ၂၆ ရက်အထိ ဆေးကုသမှုခံယူသော်လည်း ထူးခြားမှုမရှိသည့်အတွက် ယနေ့တွင် အဆိုပါဆေးရုံမှတစ်ဆင့် မူဆယ်မြို့ ပြည်သူ့ဆေးရုံသို့ လွှဲပြောင်းပေးခဲ့သည်။

"ဆေးကုသမှု ခံယူတဲ့သူတွေထဲမှာ တစ်ယောက်လောက်ပဲ အခြေအနေ အနည်းငယ်ကောင်းတာတွေ့ရပြီး ကျန်တဲ့ ခြောက်ဦးကတော့ အခြေအနေဆိုးပုံရတဲ့အတွက်ကြောင့် ညနေ ၅ နာရီခွဲလောက်မှာ ကျွန်တော်တို့အသင်းပိုင်ကားတွေနဲ့ မန္တလေးဆေးရုံကို ဆက်လက်ပို့ဆောင်ပေးနေပါတယ်" ဟု မူဆယ်ကရုဏာလူမှုကူညီရေးအသင်း ဥက္ကဋ္ဌ ဦးသောင်းထွန်းက ပြောသည်။ ၂၀၁၈ ခုနှစ်က ယခုလို ရာသီအချိန်မျိုးတွင် တရုတ်နိုင်ငံ၌ အလုပ်လုပ်ကိုင်လျက်ရှိသော မြန်မာနိုင်ငံသား ခုနစ်ဦး အလားတူ မှိုအဆိပ်သင့်ပြီး သေဆုံးခဲ့ဖူးကြောင်း သိရသည်။

**သန့်ဇင်(မူဆယ်)**

# မိုက်ပွန်ပီအိုအား နျူကလီးယားဆွေးနွေးပွဲများ ဟန့်တားနေသူတစ်ဦးအဖြစ် မြောက်ကိုရီးယား ဖော်ပြ

ပြုံယမ်း ဇွန် ၂၆

**အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုသည် နျူကလီးယားအရေးညှိနှိုင်းဆွေးနွေးပွဲများ မဖြစ်မြောက်အောင် ဟန့်တားနေသူတစ်ဦးဖြစ်သည်ဟု မြောက်ကိုရီးယားနိုင်ငံက ပြောကြားလိုက်ကြောင်း သိရသည်။**

ပြုံယမ်းနှင့် လုပ်ဆောင်နေသည့် ဆွေးနွေးပွဲများ အောင်မြင်မှုမရှိသေးဘဲ ရပ်တန့်နေချိန် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့သို့ မသွားမီ ရက်အနည်းငယ်အလိုတွင် မြောက်ကိုရီးယားက ထိုသို့ပြောကြားလိုက်ခြင်းဖြစ်သည်။

မြောက်ကိုရီးယားနှင့် အမေရိကန်နှစ်နိုင်ငံအကြား ဆက်ဆံမှုမရှိသလောက်ဖြစ်နေပြီး သမ္မတထရမ့်သည် တောင်ကိုရီးယားသမ္မတ မွန်ဂျယ်အင်းနှင့် ဆွေးနွေးပွဲများကျင်းပရန်အတွက် ရက်သတ္တပတ်အကုန်လောက်တွင် ဆိုးလ်မြို့သို့သွားရောက်ရန် ရှိနေသည်။

မြောက်ကိုရီးယား နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူတစ်ဦးက သမ္မတထရမ့်၏ ထိပ်တန်းသံအမတ်ကြီးဖြစ်သည့် မိုက်ပွန်ပီအိုကို ဇွန် ၂၆ ရက်တွင် ဝေဖန် ရှုတ်ချလိုက်ပြီး မကြာသေးမီက မိုက်ပွန်ပီအို၏ မှတ်ချက်များမှာ မြောက်ကိုရီးယားနိုင်ငံအပေါ် အလွန်အမင်း ရန်လိုသော အပြုအမူ ကိုပြသလိုက်ခြင်းပင်ဖြစ်ကြောင်း ပြောကြားလိုက်သည်။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုသည် ယခုရက်သတ္တပတ်အတွင်းက မြောက်ကိုရီးယားနိုင်ငံနှင့် အလုပ် သဘောအဆင့် ဆွေးနွေးပွဲများ ပြန်လည်စတင်နိုင်ရန် အလွန်ဖြစ်နိုင်ခြေရှိကြောင်းနှင့် မြောက်ကိုရီးယားစီးပွားရေး၏ ၈၀ ရာခိုင်နှုန်းကျော်ခန့် ပိတ်ဆို့ခံထားရကြောင်း သတင်းထောက်များသို့ ပြောကြားခဲ့သည်။

မိုက်ပွန်ပီအို၏ ထိုသို့ပြောဆိုခဲ့မှုသည် အမှားပြုလုပ်လိုက်ခြင်းဖြစ်ပြီး အကယ်၍ အမေရိကန်၏ အရေးယူပိတ်ဆို့မှုက မြောက်ကိုရီးယားစီးပွားရေး၏ ၈၀ရာခိုင်နှုန်းကျော်ကို ထိခိုက်စေခဲ့သည်မှန်လျှင် အမေရိကန်သည် စီးပွားရေး၏ ၁၀၀ ရာခိုင်နှုန်းအထိ ပိတ်ဆို့ရန် ရည်ရွယ်နေခြင်း ဟုတ်မဟုတ် မေးစရာရှိကြောင်း မြောက်ကိုရီးယား နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့မှုကို နိုင်ငံပိုင် ကိုရီးယား ဗဟိုသတင်းအေဂျင်စီက ဖော်ပြခဲ့သည်။

**အေအက်ဖ်ပီ**



ပြီးခဲ့သည့်နှစ်အတွင်း မြောက်ကိုရီးယားနိုင်ငံသို့ လေးကြိမ်တိုင်တိုင် အလည်အပတ်ရောက်ရှိခဲ့သည့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအို(ယာ)။

# အရှေ့အလယ်ပိုင်းဒေသ၌ ဖြစ်ပွားနေသည့် တင်းမာမှုများနှင့်ပတ်သက်၍ မက်ခရွန်နှင့် ရိုဟာနီဆွေးနွေး

**တီဟီရန် ဇွန် ၂၆**

အရှေ့အလယ်ပိုင်းဒေသ၌ ဖြစ်ပွားနေသည့် တင်းမာမှုများနှင့် ပတ်သက်၍ အီရန်သမ္မတ ဟတ်ဆန်ရိုဟာနီက ပြင်သစ်သမ္မတ အီမန်နျူရယ်မက်ခရွန်နှင့် တွေ့ဆုံ ဆွေးနွေးခဲ့ကြောင်း သိရသည်။

ခေါင်းဆောင်နှစ်ဦးတို့သည် ဇွန် ၂၅ ရက်နေ့တွင် ဖုန်းမှတစ်ဆင့် ဆက်သွယ်ဆွေးနွေးခဲ့ကြခြင်းဖြစ်ကြောင်း အီရန်သမ္မတရုံးက ဖော်ပြသည်။ အီရန်အနေဖြင့် အမေရိကန်အပါအဝင် အခြားမည်သည့်နိုင်ငံနှင့်မျှ စစ်ဖြစ်လိုခြင်း မရှိကြောင်း ရိုဟာနီက ပြောကြားခဲ့သည်။

ပြီးခဲ့သည့်ရက်သတ္တပတ်က အမေရိကန် လျှို့ဝှက်ထောက်လှမ်းရေး ဒရုန်းယာဉ်တစ်စင်းသည် သတိပေးမှုများ အတန်တန်ပြုလုပ်ခဲ့သည့်ကြားမှ အီရန်လေပိုင်နက်အတွင်းသို့ ကျူးကျော်ဝင်ရောက်လာခဲ့သည့်အတွက် ယင်းဒရုန်းယာဉ်ကို အီရန်ဘက်မှ ပစ်ချခဲ့ကြောင်း ၎င်းက ဖြည့်စွက်ပြောခဲ့သည်။

အကယ်၍သာ အမေရိကန်က အီရန်လေပိုင်နက်အတွင်းသို့ နောက်တစ်ကြိမ် ကျူးကျော်ဝင်ရောက်လာပါကလည်း အီရန်အနေဖြင့် ပြင်းပြင်းထန်ထန်တုံ့ပြန်မည်ဖြစ်ကြောင်း ရိုဟာနီက ပြောကြားခဲ့သည်။ ဒေသတွင်း၌ တင်းမာမှုများလျော့ကျအောင် နိုင်ငံတိုင်းက ပါဝင်ဆောင်ရွက်သင့်ကြောင်း ပြင်သစ်သမ္မတ မက်ခရွန်က ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**





ပြင်သစ်သမ္မတ အီမန်နျူရယ်မက်ခရွန်နှင့် အီရန်သမ္မတ ဟတ်ဆန်ရိုဟာနီ။

# မလေးရှားနိုင်ငံ ပီနန်ကျွန်းတွင် မြန်မာအလုပ်သမားလေးဦး မြေပြိုကျသေဆုံး

**ကွာလာလမ်ပူ ဇွန် ၂၆**

မလေးရှားနိုင်ငံ ပီနန်ကျွန်း ဂျော့ဂျ်တောင်းမြို့၏ ကမ်းခြေမြို့ငယ်လေးဖြစ်သော တန်ဂျန်ဘန်ဂါတွင် ယမန်နေ့က မြေပြိုမှုဖြစ်ပွားခဲ့ရာ မြန်မာဆောက်လုပ်ရေးလုပ်သားလေးဦးသေဆုံးသွားကြောင်း ကယ်ဆယ်ရေးသမားများက ပြောသည်။

မြေပြိုကျသည့်အရှိန်ကြောင့် ၎င်းတို့လေးဦးလုံး မြေအောက်တစ်ခါတည်းနစ်မြုပ်သွားခဲ့ကြောင်း မီးသတ်ကယ်ဆယ်ရေးဌာနအကြီးအကဲ ဆာဒွန်မော့တာက ပြောသည်။ မြေပြိုကျပြီး တစ်ခါတည်းနစ်မြုပ်သွားသူများကို တူးဖော်ရန် မြေတူးစက်များကို အသုံးပြုခဲ့ရကြောင်း ကယ်ဆယ်ရေးအဖွဲ့ဝင်များက ပြောသည်။

အနားယူအပန်းဖြေလေ့ရှိသည့် တန်ဂျန်ဘန်ဂါတွင် ညပိုင်းအချိန် မြေပြိုကျမှုကြောင့် မြန်မာလုပ်သားလေးဦးအရှင်လတ်လတ် မြေအောက်ပိသွားကြောင်း သတင်းရရှိပြီးနောက် အလျင်အမြန်တူးဖော်မှုများပြုလုပ်ခဲ့ရာ ပထမဆုံး ရုပ်အလောင်းတစ်လောင်းကို ယမန်နေ့ ဒေသစံတော်ချိန် ည ၁၁ နာရီ ၁၈ မိနစ်တွင် ရှာဖွေတွေ့ရှိခဲ့သည်။ ထို့နောက် ဆက်လက်တူးဖော်မှုများပြုလုပ်ခဲ့ရာ ဒုတိယရုပ်အလောင်းကို ည ၁၁ နာရီ ၄၉ မိနစ်တွင်လည်းကောင်း၊ တတိယရုပ်အလောင်းကို ၁၂ နာရီ ၁၇ မိနစ်တွင် လည်းကောင်း နောက်ဆုံးရုပ်အလောင်းကို နံနက် ၃ နာရီ ၃၅ မိနစ်တွင်လည်းကောင်း တူးဖော်တွေ့ရှိခဲ့သည်။

၎င်းတို့လေးဦးသည် ရေတားနံရံကို ရက် ၂၀အတွင်း အပြီးတည်ဆောက်ရန် တစ်နေ့လျှင် မလေးရှားရင်းဂစ် ၄၀၀ နှင့် ငှားထားသည့် မြန်မာအလုပ်သမားများဖြစ်ကြောင်း သိရသည်။ မြေပြိုကျသည့်ဖြစ်စဉ်ကို စုံစမ်းစစ်ဆေးလျက်ရှိပြီး မတော်တဆမှုတွင် တာဝန်ရှိသူကို အရေးယူသွားမည်ဖြစ်ကြောင်း ပီနန် မြို့တော်ဝန် တာတွတ် ရော်တန်က ပြောသည်။

**အေအက်ဖ်ပီ၊ စီအင်န်အေ**




ပီနန် မြို့တော်ဝန် တာတွတ် ရော်တန်။

# အသိအမှတ်ပြုလက်မှတ်အတုများပြုလုပ်ခဲ့သည့်အတွက် ကနေဒါမှတင်ပို့သည့် အသားများဝယ်ယူခြင်းကို တရုတ်ရပ်ဆိုင်း

**ပေကျင်း ဇွန် ၂၆**

ကနေဒါနိုင်ငံမှ ဝက်သားတင်ပို့ကုန်များတွင် ကျန်းမာရေးအရ ဘေးကင်းကြောင်း အသိအမှတ်ပြုလက်မှတ် အတုများ ပြုလုပ်ခဲ့ကြောင်း စစ်ဆေးတွေ့ရှိခဲ့ပြီးနောက် တရုတ်နိုင်ငံသည် ကနေဒါမှ အသားများကို ဆက်လက်တင်ပို့ခြင်း မပြုရန် တိုက်တွန်းလိုက်ကြောင်း သိရသည်။

အမေရိကန်၏ တောင်းဆိုချက်အရ တရုတ်နည်းပညာကုမ္ပဏီ၏ ဘဏ္ဍာရေးအမှုဆောင်ချုပ်တစ်ဦးကို ကနေဒါနိုင်ငံက ဖမ်းဆီးလိုက်ပြီးနောက်တွင် တရုတ်နိုင်ငံက လက်တုံ့ပြန်သည့်အနေဖြင့် ကနေဒါနိုင်ငံသားနှစ်ဦးကို ဖမ်းဆီးထိန်းသိမ်းခဲ့သည်။ ယင်းကိစ္စများ ပေါ်ပေါက်ခဲ့ပြီးနောက်တွင် တရုတ်နိုင်ငံနှင့် ကနေဒါနိုင်ငံတို့အကြား ဆက်ဆံရေးတင်းမာလာခဲ့သည်။

လာမည့်ရက်ပိုင်းအတွင်း အမေရိကန်နှင့် တရုတ်နိုင်ငံတို့သည် ကုန်သွယ်ရေးဆိုင်ရာ အငြင်းပွားမှုကို ဖြေရှင်းမည့်ဆွေးနွေးပွဲများ ပြန်လည်ကျင်းပရန် ကြိုးပမ်းဖွယ်ရှိသည်။

ယင်းဆွေးနွေးပွဲများသည် တရုတ်နှင့် ကနေဒါအရေး ဖြေရှင်းရာတွင် အဓိကသော့ချက် ဖြစ်လာနိုင်ကြောင်း သိရသည်။

တားမြစ်ထားသည့် ဖြည့်သွင်းပစ္စည်းများပါဝင်နေကြောင်း စစ်ဆေးတွေ့ရှိခဲ့ပြီးနောက်တွင် အကောက်ခွန်ရုံးက စုံစမ်းစစ်ဆေးမှုတစ်ခုကို လုပ်ဆောင်ခဲ့ရာ အတုပြုလုပ်ထားသည့် စာရွက်စာတမ်းအထောက်အထား ၁၈၈ ခုကို ဖော်ထုတ်နိုင်ခဲ့ပြီး ယင်းအထောက်အထားများကို တရုတ်အာဏာပိုင်များသို့ ပေးအပ်ခဲ့ကြောင်း အော့တဝါရှိ တရုတ်သံရုံးက ပြောကြားခဲ့သည်။

**အေအက်ဖ်ပီ**

# လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများအပေါ် ပြင်းထန်သည့် ဥပဒေရေးဆွဲရန် တိုက်တွန်း

**တိုကျို ဇွန် ၂၆**

ဂျပန်နိုင်ငံ၏ ပြစ်မှုဆိုင်ရာဥပဒေအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုကျူးလွန်သူများအပေါ် ပိုမိုပြင်းထန်သည့် ပြစ်ဒဏ်ပေးမည့်ဥပဒေ ထည့်သွင်းရေးဆွဲရန် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရသူများနှင့် ၎င်းတို့ကိုထောက်ခံသူများက လှုံ့ဆော်လျက်ရှိသည်။

အဖွဲ့သုံးခုတို့မှ ကိုယ်စားလှယ်များသည် အင်္ဂါနေ့က တရားရေးရာဝန်ကြီးဌာနသို့ သွားရောက်ခဲ့ကြပြီး လူပေါင်း ၄၅၀၀၀ ကျော် ပါဝင်လက်မှတ်ရေးထိုးထားသည့် တောင်းဆိုလွှာတစ်စောင်ကို ရာဇဝတ်မှုရေးရာ ဗျူရိုအကြီးအကဲ တာအိဂျိ အိုယာမနှင့် တွေ့ဆုံကာ ပေးအပ်ခဲ့ကြသည်။

ဂျပန်နိုင်ငံအလယ်ပိုင်း နာဂိုယာခရိုင် တရားရုံး၏ အိုခါဇာကီရုံးခွဲက မုဒိမ်းမှုတစ်ခုနှင့်ပတ်သက်၍ စီရင်ချက်ချခဲ့ပြီးနောက်တွင် အဆိုပါလှုပ်ရှားမှုကို မတ်လအတွင်းက စတင်လုပ်ဆောင်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# ဟွာဝေးကုမ္ပဏီက ကင်ညာဈေးကွက်၌ စမတ်ဖုန်းသစ်ဖြန့်ဖြူးရောင်းချ

**နိုင်ရိုဘီ ဇွန် ၂၆**

တရုတ်နည်းပညာလုပ်ငန်းစုဖြစ်သည့် ဟွာဝေးကုမ္ပဏီသည် စမတ်ဖုန်း အမျိုးအစားသစ်ကို ဇွန် ၂၆ ရက်တွင် ကင်ညာဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချခဲ့ကြောင်း သိရသည်။အရှေ့အာဖရိက နိုင်ငံတစ်ခုဖြစ်သော ကင်ညာရှိ လူလတ်တန်းစားများအကြား တန်ဖိုးသင့်ပြီး အရည်အသွေးမြင့်သည့် မိုဘိုင်းဖုန်းများ ဝယ်လိုအားမြင့်နေချိန်အတွင်း ဟွာဝေးကုမ္ပဏီက ထိုသို့ဖြန့်ဖြူးရောင်းချခဲ့ခြင်းဖြစ်သည်။

ကင်ညာရှိ ဟွာဝေးမိုဘိုင်းပစ္စည်း ဖြန့်ဖြူးရောင်းချမှုဆိုင်ရာ အကြီးအကဲ စတီဗင်လီက Huawei Y9 Prime 2019 စမတ်ဖုန်းကို ရှီလင် ၂၅၀၀၀ (အမေရိကန်ဒေါ်လာ ၂၅၀ )ခန့်ဖြင့် လက်လီရောင်းချမည်ဖြစ်ကြောင်းနှင့် ယင်းစမတ်ဖုန်းကိုပိုမိုများပြားလာသည့် ခေတ်မီစမတ်ဖုန်းသုံးစွဲသူများအတွက် ထုတ်လုပ်ခဲ့ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

**ဆင်ဟွာ**

နိုင်ငံတကာ သတင်းတိုထွာ

## နျူကလီးယား သဘောတူညီချက် အကောင်အထည်ဖော်ရန် အီးယူပျက်ကွက်ဟု ဇာရစ်ဖ်ပြော

**တီဟီရန် ဇွန် ၂၆**

ဥရောပသမဂ္ဂသည် ၂၀၁၅ အီရန်နျူကလီးယား သဘောတူညီချက်နှင့်ပတ်သက်ပြီး ကတိကဝတ်များအတိုင်း အကောင်အထည်ဖော်ရန် ပျက်ကွက်နေကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီး မိုဟာမက် ဂျာဗက်ဇာရစ်ဖ်က ပရက်စ်တီဗွီရုပ်မြင်သံကြားတွင် ပြောကြားလိုက်သည်။

ကုန်သွယ်ရေး လဲလှယ်မှုဆိုင်ရာ အထောက်အပံ့များတွင် ဥရောပ၏ ကတိပြုချက်များ အကောင်အထည်ဖော်ရာတွင် ထပ်ခါတလဲလဲ နှောင့်နှေးနေကြောင်း ၎င်းက ပြောသည်။ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများဖြစ်သော ပြင်သစ်၊ ဂျာမနီနှင့် အင်္ဂလန်နိုင်ငံတို့က ၂၀၁၉ခုနှစ် ဇန်နဝါရီ ၃၁ ရက်တွင် ကုန်သွယ်ရေး လဲလှယ်မှုဆိုင်ရာ အထောက်အပံ့အဖွဲ့အစည်းသစ်တစ်ခု ထူထောင်ရန် ကြေညာခဲ့သည်။ ၂၀၁၅ခုနှစ် အီရန်နျူကလီးယား သဘောတူညီချက်မှ ၂၀၁၈ ခုနှစ် မေလတွင် အမေရိကန်နုတ်ထွက်ပြီးနောက် အဆိုပါအဖွဲ့သည် အီရန်အားဆန့်ကျင်ပိတ်ဆို့မှုများ ရှောင်ရှားနိုင်စေရန်နှင့် ကုန်သွယ်ရေးခိုင်မာစေရန် ကူညီမည်ဖြစ်ကြောင်း သိရသည်။

အီရန်နျူကလီးယား သဘောတူညီချက်အရ အီရန်နိုင်ငံအကျိုးခံစားခွင့်ရရှိရန်အတွက် ဥရောပသမဂ္ဂက ကူညီရန် အစွမ်းကုန်လုပ်ဆောင်နေကြောင်း သိရသည်။ **ဆင်ဟွာ**

## ထရမ့်နှင့် ရှီတို့ ဂျီ-၂၀ ထိပ်သီးအစည်းအဝေးတွင် တွေ့ဆုံမည်

**တိုကျို ဇွန် ၂၆**

နှစ်နိုင်ငံ ကုန်သွယ်ရေးပဋိပက္ခတွေဖြစ်နေသည့်ကြားက အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် တရုတ်သမ္မတ ရှီကျင့်ဖျင်တို့သည် ဇွန် ၂၉ ရက်တွင်ကျင်းပမည့် ဂျီ-၂၀ ထိပ်သီးအစည်းအဝေးတွင် တွေ့ဆုံမည်ဟု မျှော်လင့်ရသည်။

အမေရိကန်သမ္မတ ထရမ့်သည် ဂျီ-၂၀ ထိပ်သီးအစည်းအဝေးတက်ရောက်ရန် ဇွန် ၂၇ ရက်တွင် ဂျပန်နိုင်ငံသို့ ရောက်ရှိမည်ဖြစ်ကြောင်း၊ ဂျီ-၂၀ ထိပ်သီးအစည်းအဝေးသို့ ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေး၊ ရုရှားသမ္မတ ဗလာဒီမာပူတင်၊ တူရကီသမ္မတ ရီဆက်ပ်တေရစ်အာဒိုဂန်တို့အပါအဝင် နိုင်ငံ ရှစ်နိုင်ငံမှ ခေါင်းဆောင်များလည်းတက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

ဇွန် ၂၉ ရက်တွင် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် တရုတ်သမ္မတ ရှီကျင့်ဖျင်တို့ တွေ့ဆုံဆွေးနွေးကြမည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံခေါင်းဆောင်များသည် ကုန်သွယ်ရေးဆိုင်ရာ ပြဿနာများဖြေရှင်းရာတွင် တိုးတက်မှုရရှိရေး ဆွေးနွေးမည်ဟု ခန့်မှန်းရသည်။ ထို့အပြင် အမေရိကန်သမ္မတ ထရမ့်သည် တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် ကိုရီးယားကျွန်းဆွယ် နျူကလီးယားကင်းစင်ရေး ရေမှတိုးသာ နောက်မဆုတ်သာဖြစ်နေသည့်အခြေအနေကိုလည်း ဆွေးနွေးမည်ဟု ယူဆရသည်။

**အင်န်အိတ်ချ်ကေ**

# ဒုက္ခသည်အရေး ဘယ်သို့တွေးမလဲ မက္ကဆီကို

**ထွန်းသစ်စ**

**အမေရိကန်နယ်စပ်ကို ဖြတ်ကျော်ဖို့ ကြိုးစားတဲ့ တရားမဝင်ရွှေ့ပြောင်းအခြေချသူတွေအပေါ် အငြင်းပွားဖွယ်ဖမ်းဆီးထိန်းသိမ်းမှုနဲ့ပတ်သက်ပြီး စုံစမ်းစစ်ဆေးပေးမယ်လို့ မက္ကဆီကိုနိုင်ငံသမ္မတက ဇွန် ၂၅ ရက်က ကတိပေးခဲ့ပါတယ်။ သူ့အနေနဲ့ အမေရိကန်နယ်စပ်မှာ တပ်ဖြန့်ချထားတဲ့ တပ်ဖွဲ့ဝင် ၁၅၀၀၀ကို အဲဒီလိုဖမ်းဆီးထိန်းသိမ်းခွင့် အမိန့်မပေးခဲ့ကြောင်း ပြောပါတယ်။**



ရွှေ့ပြောင်းဒုက္ခသည်များကို ဖမ်းဆီးထိန်းသိမ်းလာသည့် ကာကွယ်ရေးတပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

### အကျပ်ရိုက်

အမျိုးသားကာကွယ်ရေး တပ်ဖွဲ့ဝင်များက အမျိုးသမီးနှစ်ဦးနဲ့ မိန်းကလေးငယ်တစ်ဦးတို့ကို အတင်းအကျပ် ဖမ်းဆီးထိန်းသိမ်းမှုနဲ့ ပတ်သက်ပြီး အေအက်ဖ်ပီသတင်းထောက်တစ်ဦးရဲ့ဖော်ပြမှုကြောင့် ရွှေ့ပြောင်း အခြေချသူအရေး ကာကွယ်ပေးမည်ဟု ကတိပေးမှုနှင့်အတူ ဒီဇင်ဘာလက မက္ကဆီကိုနိုင်ငံရဲ့သမ္မတ ဖြစ်လာတဲ့ လက်ဝဲဝါဒီသမား အန်ဒရက်စ် မန်နျူရယ် လိုပက်ဇ် အိုဘရာဒေါတစ်ယောက် အကျပ်ရိုက်လျက်ရှိပါတယ်။

အပြည်ပြည်ဆိုင်ရာ ဥပဒေက နယ်စပ်ဖြတ်ကျော် တရားမဝင် ဝင်ရောက်လာတဲ့ နိုင်ငံရေးခိုလှုံခွင့်တောင်းခံသူ ရွှေ့ပြောင်း ဒုက္ခသည်အရေးနဲ့ပတ်သက်ပြီး ကာကွယ်ပေးပါတယ်။ မက္ကဆီကိုနိုင်ငံဟာ မြောက်ပိုင်းနယ်စပ်ကတစ်ဆင့် အဲဒီလိုဖြတ်ကျော်ဝင်ရောက်လာတဲ့သူတွေကို ထုံးစံအရတော့ ပိတ်ပင်တားဆီးလေ့ မရှိပါဘူး။

### ထပ်ဖြစ်လာစရာမရှိ

သို့သော်လည်း မက္ကဆီကိုနိုင်ငံရဲ့ သမ္မတ အန်ဒရက်စ် မန်နျူရယ် လိုပက်ဇ် အိုဘရာဒေါဟာ အမေရိကအလယ်ပိုင်း ဒုက္ခသည်စီးဝင်မှုကို လျော့နည်းသွားအောင် လုပ်ဆောင်နေတဲ့ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ရဲ့ ဖိအားပေးမှုကိုတော့ ရင်ဆိုင်နေရပါတယ်။ ပြီးတော့လည်း သူ့အစိုးရအဖွဲ့ဟာ အမေရိကန် သမ္မတဒေါ်နယ်ထရမ့်ရဲ့လွှန်ခဲ့တဲ့လက မက္ကဆီကိုကုန်ပစ္စည်းတွေအပေါ် အခွန်တိုးကောက်မယ်ဆိုတဲ့ ခြိမ်းခြောက်မှုတွေကို ရှောင်ရှားချင်တဲ့အနေနဲ့ အခုလို ဒုက္ခသည်အရေးကို သူ့ရဲ့ထုံးစံကို ကျော်လွှန်ပြီး လုပ်ဆောင်နေတာလည်း ဖြစ်နိုင်ပါတယ်။

ယခုအရေးနဲ့ပတ်သက်ပြီး ပြည်တွင်းမှာ အများပြည်သူရဲ့တုံ့ပြန်မှုတွေကို ရင်ဆိုင်နေရတဲ့ မက္ကဆီကိုနိုင်ငံရဲ့သမ္မတက အမျိုးသားအစောင့်တပ်ဖွဲ့နဲ့ တပ်မတော်ဟာ ဒုက္ခသည်တွေကို တားဆီးဖို့ အမိန့်အတိုင်းဆောင်ရွက်ခဲ့တယ်ဆိုတာကို ငြင်းဆန်မှာပဲဖြစ်ပါတယ်။

အဲဒီလိုအမိန့်မျိုး မထုတ်ပြန်ခဲ့ကြောင်းနဲ့ အခုဖြစ်ပွားခဲ့တဲ့ အခြေအနေကို ပြန်လည်စိစစ်နေကြောင်း၊ နောက်တစ်ကြိမ် အခုလို ထပ်ဖြစ်လာနိုင်စရာမရှိကြောင်း မက္ကဆီကို သမ္မတက သတင်းစာရှင်းလင်းပွဲတစ်ခုမှာ ပြောခဲ့ပါတယ်။

### အမြန်ပြီးချင်ပြီ

ဆိုလိုသည်ကတစ်မျိုး သက်ရောက်သည်က တစ်မျိုးဖြစ်သွားကြောင်း လိုပက်ဇ် အိုဘရာဒေါရဲ့ ကာကွယ်ရေးဝန်ကြီးက သမ္မတနဲ့ ပူးတွဲသတင်းစာရှင်းလင်းပွဲတစ်ခုပြုလုပ်စဉ် ထည့်သွင်းရှင်းလင်းသွားပါတယ်။

မက္ကဆီကိုမြောက်ပိုင်းနယ်စပ်ကို ဖြတ်သန်းဖို့ ကြိုးစားခဲ့တဲ့ ဒုက္ခသည်တွေကို မက္ကဆီကို တပ်ဖွဲ့ဝင်တွေကတားဆီးခဲ့သလားဆိုရင် ဟုတ်တယ်လို့ပဲ ဖြေရမှာပဲလို့ ကာကွယ်ရေးဝန်ကြီး လုစ်ခရက်ဆန်စီယို ဆန်တိုဗယ်ကပြောပါတယ်။ အမျိုးသားကာကွယ်ရေးတပ်ဖွဲ့ဝင်တွေကို အေအက်ဖ်ပီက အင်တာဗျူးခဲ့တုန်းကလည်း သူတို့အထက်အရာရှိတွေက သူတို့ကို နယ်စပ်ဖြတ်ကျော်ဖို့ ကြိုးစားတဲ့ ဒုက္ခသည်တွေကိုတားဆီးဖို့ ညွှန်ကြားခဲ့တယ်လို့ ပြောပါတယ်။

ဒုက္ခသည်တွေကို ထိန်းသိမ်းထားတဲ့ပုံတွေကို အထက်အရာရှိတွေ တွေ့သွားတဲ့အခါမှာတော့ သူတို့က ဒုက္ခသည်တွေကို မထိဖို့ ပြောပါတယ်။ ပြီးတော့လည်း ဒုက္ခသည်တွေကို ထိန်းသိမ်းဖို့နဲ့ ရလဒ်တွေကို ထုတ်ပြန်ဖို့သူတို့က ကျွန်တော်တို့ကို အမိန့်ပေးပါတယ်လို့ တချို့ အမျိုးသားအစောင့်တပ်ဖွဲ့ဝင်တွေကလည်း ပြောပါတယ်။ ထိန်းသိမ်းခံ ဒုက္ခသည်တွေကလည်း ငိုယိုအော်ဟစ်ပြီး ပြန်လွှတ်ပေးဖို့ တောင်းဆိုပါတယ်လို့ တခြားအမျိုးသားအစောင့်တပ်ဖွဲ့ဝင်တစ်ယောက်က ပြောပါတယ်။

ဒါပေမယ့် ကျွန်တော် မလုပ်ပေးနိုင်ဘူးလေ။ တကယ်လို့ ကျွန်တော်လုပ်ပေးလိုက်ရင် သူတို့က ကျွန်တော့်ကို အပြစ်ပေးမှာလေဟု သူကဆက်ပြောပါတယ်။ ဒီနေရာမှာ တာဝန်ထမ်းဆောင်နေတာ အမြန်ပြီးချင်နေပါပြီ။ မိသားစုတွေကိုလည်း တွေ့ချင်နေပြီလို့ သူကပြောတယ်။

### တိုးမြှင့်ချင်

မက္ကဆီကိုဟာ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ရဲ့ အခွန်စည်းကြပ်ကောက်ခံမယ်ဆိုတဲ့ ခြိမ်းခြောက်မှုကို ရှောင်ရှားတဲ့သဘော အပြန်အလှန်အနေနဲ့ သူ့ရဲ့ တောင်ဘက်နယ်စပ်မှာ အမျိုးသားကာကွယ်ရေးတပ်ဖွဲ့ဝင် ၆၀၀၀ ကို တပ်ဖြန့်ချထားပါတယ်။ တစ်ချိန်တည်းမှာပဲ မက္ကဆီကိုဟာ ဒုက္ခသည်အရေး ကာကွယ်ပေးချင်တဲ့ သူ့ရဲ့မူဝါဒကိုလည်း တိုးမြှင့်လုပ်ဆောင်ချင်နေပုံရပါတယ်။

ဇွန် ၇ ရက်က ပြီးဆုံးခဲ့တဲ့ အမေရိကန်နဲ့ မက္ကဆီကို သဘောတူညီချက်တစ်ခုမှာ မက္ကဆီကိုဟာ ဒုက္ခသည်အရေး ဘယ်လောက်လိုက်နာဆောင်ရွက်နိုင်သလဲဆိုတာနဲ့ ပတ်သက်ပြီး အချိန် ၄၅ ရက်ပေးခဲ့ပါတယ်။

### ဖန်တီးပေးနေသလား

မက္ကဆီကိုသမ္မတ လိုပက်ဇ်အိုဘရာဒေါဟာ အမျိုးသားကာကွယ်ရေးတပ်ဖွဲ့ကို ကိုယ့်ဟာကိုယ် ဖန်တီးဖွဲ့စည်းခဲ့ရပါတယ်။ ရည်ရွယ်ချက်ကတော့ မူးယစ်ရာဇာတွေကို တိုက်ခိုက်ဖို့နဲ့ အကြမ်းဖက်မှုတွေ လျှော့ချဖို့အတွက်ဖြစ်ပါတယ်။ အဲဒီတပ်ဖွဲ့ရဲ့ ရည်ရွယ်ချက်နဲ့ပတ်သက်ပြီးတော့ နိုင်ငံတွင်းမှာလည်း အခုတော့ အငြင်းပွားမှုတွေဖြစ်နေတယ်လို့ သိရပါတယ်။

ပြောသလိုဖြစ်မလာတဲ့ ဒုက္ခသည်မူဝါဒနဲ့ ပတ်သက်ပြီး ဘာတွေဖြစ်လာသလဲဆိုရင် အဲဒီဒုက္ခသည်တွေအတွက် အစီအစဉ်မရှိခြင်း၊ ကြံ့ရာကျပန်းဖြစ်နေခြင်း၊ မဟာဗျူဟာကင်းမဲ့ခြင်းတို့ ဖြစ်နေတယ်လို့ လေ့လာရေးသုတေသီတစ်ဦးဖြစ်သူ ဂျာဗီ ရာအာဘန်နိုက ပြောပါတယ်။ ပြီးတော့လည်း အမျိုးသားအစောင့်တပ်ဖွဲ့တွေအနေနဲ့ ရာဇဝတ်မှုတွေကို နှိမ်နင်းဖို့ လေ့ကျင့်ပေးဖို့လိုတယ်လို့လည်း သူကထောက်ပြထားပါတယ်။

ဒုက္ခသည်အရေးကိုကိုင်တွယ်ဖို့ တပ်ဖွဲ့ဝင်သစ်တွေကို အသုံးပြုမှုဟာ ဒုက္ခသည်တွေအတွက် အန္တရာယ်ပိုဖြစ်စေခြင်း၊ ဒုက္ခသည်စီးဝင်ရာ လမ်းကြောင်းတွေ ပိုများလာခြင်း၊ လူမှောင်ခိုသမားတွေအတွက် အလုပ်အကိုင်ဖန်တီးပေးသလိုဖြစ်ပြီး စားပေါက်ချောင်အောင် လုပ်ပေးသလိုဖြစ်နေခြင်းစသည်တို့ကို ဖန်တီးပေးသလိုဖြစ်နေကြောင်း သူက အေအက်ဖ်ပီကို ပြောပါတယ်။

### လွတ်လပ်မှု

ပြောခဲ့တဲ့အချက်တွေ မှန်ကန်ကြောင်းကို မက္ကဆီကိုမီဒီယာကလည်း ဖော်ပြခဲ့ပါတယ်။ ဘယ်လိုဖော်ပြခဲ့လဲဆိုရင် မက္ကဆီကိုမှ ရီယိုဂရန်ဒီမြစ်ကို ဖြတ်ကူးပြီး အမေရိကန်နိုင်ငံသို့ ဝင်ရောက်ရန်ကြိုးစားသည့် အယ်လ်ဆယ်လ်ဗေးဒိုနိုင်ငံကလာတဲ့ အမျိုးသားတစ်ဦးနဲ့ သူ့ရဲ့ နှစ်နှစ်အရွယ်သမီးငယ်လေးသေဆုံးနေတဲ့ပုံကို ဖော်ပြခဲ့တာပဲဖြစ်ပါတယ်။ ဒါဟာ ဒုက္ခသည်အရေး အကိုင်အတွယ်မှားယွင်းခြင်းကြောင့်လို့ သူတို့ကတော့ ခေါင်းစဉ်တပ်ပါတယ်။

အလားတူပဲ ဂွါတီမာလာက ဒုက္ခသည်လေးဦးဟာ သဲကန္တာရဘက်မှ နယ်စပ်ကိုဖြတ်ကျော်ဖို့ ကြိုးစားရင်း အပူရှိန်လွန်ကဲကာ ခြေကုန်လက်ပန်းကျခြင်း၊ ရေဓာတ်ခန်းခြောက်ခြင်း စသည်တို့ကြောင့် သေဆုံးခဲ့ပါတယ်။ ချီယာပါးစ်ပြည်နယ်တောင်ပိုင်း ၂၁ ရာစုဟု အမည်ပေးထားတဲ့ ထိန်းသိမ်းရေးစခန်းမှာ ထိန်းသိမ်းခံထားရတဲ့ ဒုက္ခသည်တွေဟာလည်း လွတ်လပ်မှု၊ လွတ်လပ်မှုဆိုတဲ့ကြွေးကြော်သံတွေ သောသောညံညံ ဘဝင်လှုံ့အောင် ကြွေးကြော်လျက်ရှိပါတယ်။

မက္ကဆီကိုအနေနဲ့ ဒုက္ခသည်အရေးကို ဘယ်လိုကိုင်တွယ်သွားမလဲ။ အမေရိကန်ရဲ့အခွန်စည်းကြပ်မှုကို စိုးရိမ်ပြီး သူ့ရဲ့ဒုက္ခသည်တွေကို ကာကွယ်မယ်ဆိုတဲ့စကားတွေကိုပဲ ပြည်ဖုံးကားချလိုက်တော့မလားဆိုတာကတော့ စိတ်ဝင်စားစရာကောင်းလှပါတယ်။ ။ **ကိုးကား-အေအက်ဖ်ပီ**

**“ဒုက္ခသည်အရေးကိုကိုင်တွယ်ဖို့ တပ်ဖွဲ့ဝင်သစ်တွေကို အသုံးပြုမှုဟာ ဒုက္ခသည်တွေအတွက် အန္တရာယ်ပိုဖြစ်စေခြင်း၊ ဒုက္ခသည်စီးဝင်ရာ လမ်းကြောင်းတွေ ပိုများလာခြင်း၊ လူမှောင်ခိုသမားတွေအတွက် အလုပ်အကိုင်ဖန်တီးပေးသလိုဖြစ်ပြီး စားပေါက်ချောင်အောင် လုပ်ပေးသလိုဖြစ်နေခြင်း စသည်တို့ကို ဖန်တီးပေး”**


ရွှေတန်ဆာဘုရား

# ရွှေဘိုမှာ လည်စရာ ပေါပါတယ်

## 72 Hours in Shwebo

Thiha, the Traveller @ သီဟလုလင်

ရွှေဘိုမြို့ကိုအကြောင်းတိုက်ဆိုင်စွာပဲ ကျွန်တော် ခဏခဏ ရောက်ဖြစ်တတ်တယ်။ ဒါပေမယ့် တစ်ခါမှ သေသေချာချာ မလည်ပတ်ဖြစ်ဘူး။ ဒီတစ်ခေါက်ကိုတော့ သေသေချာချာလေး အလေးပေး လည်ကြည့်လိုက်တဲ့အခါမှ ရွှေဘိုမှာ လည်ပတ်စရာ ပေါများမှန်း သိလာရတယ်။ တစ်ခုတော့ ရှိတာပေ့ါလေ။ ဘုရားဖူး ခရီးစဉ်လိုလိုတော့ ဖြစ်နေမှာပေ့ါ။ ဒါပေမယ့် ဟန်လင်းမြို့ဟောင်း ခရီးစဉ်နဲ့ တွဲလိုက်တဲ့အခါမှာတော့ ရွှေဘိုဟာ တကယ့်ကို ခရီးသွားဖို့သိပ်ကောင်းတဲ့ အရပ်တစ်ခု ဖြစ်သွားတော့တာပေ့ါဗျာ။

### ငါးမည်ရ ပြည်ရွှေဘို

ရွှေဘို ဆိုတာနဲ့ တတိယ မြန်မာနိုင်ငံတော်ကို တည်ထောင်ခဲ့တဲ့ ဦးအောင်ဇေယျ (ခေါ်) အလောင်းမင်းတရားကို တန်းပြီး သတိရတတ်တယ်။ ငယ်ငယ်က သမိုင်းမှာလည်း သင်ခဲ့ရတာမို့ ရွှေဘိုကို ရန်ကြီးအောင်၊ ကုန်းဘောင်၊ ရတနာသိင်္ဃ၊ မုဆိုးဖို၊ ရွှေဘို ရယ်လို့ အမည် ငါးမျိုး ခေါ်ဝေါ်ခဲ့တာကို မှတ်မိပါသေးတယ်။ ဦးအောင်ဇေယျဟာ ကုန်းဘောင်မင်းဆက်ရဲ့ ပထမဆုံး ဘုရင်အဖြစ် နန်းတက်လာပြီးတဲ့နောက် မုဆိုးဘို (မုဆိုးဖို) ရွာကို မင်းနေပြည်တော်အဖြစ် တည်ထောင်ခဲ့ပါတယ်။ ဥဩအော်မြည်၊ ကုန်းဘောင်တည် လင်္ကာအရ ရွှေဘိုကို မြန်မာသက္ကရာဇ် ၁၁၁၅ ခုနှစ် (၁၇၅၃ ခုနှစ်) မှာ တည်ခဲ့တယ်။ မင်းသုံးပါး စိုးစံခဲ့ပြီး နောက်ပိုင်းမှာ မင်းနေပြည်တော်ကို စစ်ကိုင်းဘက် ပြောင်းရွှေ့လိုက်တာမို့ ရွှေဘိုဟာ မင်းနေပြည်တော် ဖြစ်ခဲ့တယ်ဆိုတဲ့ သမိုင်းလေးပဲ ကျန်ခဲ့ပါတော့တယ်။

### ရွှေဘိုကို သွားမယ်

ရွှေဘိုကို ရန်ကုန်ကနေ တိုက်ရိုက်ကား ရှိပါတယ်။ ဈေးနှုန်းအားဖြင့်လည်း နှစ်သောင်းဝန်းကျင် ရှိပါတယ်။ ၂+၁ ကားတော့ မရှိဘူးလို့ သိရတယ်။ သက်သောင့်သက်သာ လာချင်သူတွေကတော့ မန္တလေးကနေ ကားငှားလာတာမျိုး လုပ်ဆောင်ကြပါတယ်။

### လည်ပတ်စရာ ရွှေဘိုတစ်ခွင်မှာ

ရွှေဘိုဟာ သမိုင်းမှာလည်း ထီးနန်းစိုက်ရာ နေပြည်တော် ဖြစ်ခဲ့တာမို့ လည်ပတ်လေ့လာစရာ ပေါများတဲ့ ဒေသတစ်ခု ဖြစ်ပါတယ်။ ဒါကြောင့် ရွှေဘိုကို အနည်းဆုံး နှစ်ညအိပ် သုံးရက်ခရီးလောက် အချိန်ပေးသင့်တယ်လို့ အကြံပြုလိုပါတယ်။ ဘုရားပုထိုးတွေကို သွားလည်ရတာလည်း ဒီမှာ များပြားပါတယ်။ တခြားစိတ်ဝင်စားစရာတွေလည်း အပြည့်ပါ။

### ရွှေဘုံရတနာမင်္ဂလာနန်းတော်

မဖြစ်မနေ လည်ပတ်သင့်တဲ့အထဲမှာ ရွှေဘိုနန်းတော်ရာလည်းပါပါတယ်။ အသစ်ပြန်လည် တည်ဆောက်ထားတာဆိုပေမယ့် တစ်ချိန်က ခမ်းနားခဲ့တဲ့ မင်းနေပြည်တော်ပုံစံကို မျက်စိထဲ မြင်ယောင် မှန်းဆကြည့်နိုင်ပါတယ်။ ဝင်ကြေးလည်း ပေးဆောင်ရပါတယ်။ ငွေကျပ် ၅၀၀ ထင်ပါတယ်။ ကျွန်တော်လည်း ရုတ်တရက် မမှတ်မိတော့ဘူး။ နိုင်ငံခြားသားဆိုရင်တော့ ငွေကျပ် ၂၀၀၀ ကောက်ခံပါတယ်။ နန်းတော်ရာကို မန္တလေးနန်းတော်လို ပုံစံပြည့်တည်ဆောက်ထားတာမဟုတ်ဘဲ၊ တချို့အရေးကြီး အဆောင်များကိုပဲ ပြန်လည်တည်ဆောက်ထားတာ ဖြစ်ပါ တယ်။ ထူးခြားတာတစ်ခုက နန်းတော်ဆီကို ဝင်တဲ့ ဂိတ်ပေါက်ဝနားမှာ အလောင်းမင်းတရားကြီး ဦးအောင်ဇေယျကို မြှုပ်နှံတဲ့နေရာဆိုပြီး ကျောက်တိုင်အမှတ်အသားနဲ့ ဂူဗိမာန်တည်ရှိနေတာပါပဲ။ ဦးအောင်ဇေယျရဲ့ ဂူဗိမာန်အစစ်ဟာ မွန်ပြည်နယ် ဘီးလင်းမြို့နယ်အနီးက ကင်းရွာမှာ ရှိတယ်လို့လည်း ကြားဖူးထားတော့ ဘယ်ဟာက အစစ်ဖြစ်မယ်ရယ်လို့ ကျွန်တော်တော့ မပြောတတ်ပါဘူး။ ဒီနန်းတော်ကို ရွှေဘိုမြို့မဈေးရဲ့ အနောက်ဘက်မှာ သွားရောက်လေ့လာနိုင်မှာ ဖြစ်ပါတယ်။

### ဘုရားကိုးဆူ ကျောက်ဖြစ် ဆရာတော်

ပျံလွန်တော်မူပြီး ကြွင်းကျန်တဲ့ ခန္ဓာကိုယ်က ကျောက်ဖြစ်


ဦးအောင်ဇေယျအုတ်ဂူ


ရွှေဂူကြီးခေါင်းလောင်း

သွားတဲ့ ဆရာတော်ကြီး ဦးနာရိန္ဒာဘိရဲ့ ထူးခြားတဲ့ဒီ ကျောက်ဖြစ်ခန္ဓာကို သွားရောက်လေ့လာ ဖူးမြော်နိုင်ပါတယ်။ ဘုရားကိုးဆူကျောင်းဝင်းအတွင်းမှာ ကျောင်းဆောင်၊ မှန်တလားနဲ့ ထားရှိပြီး ထေရုပ္ပတ္တိကိုလည်း ဖော်ပြပေးထားတာမို့ လေ့လာနိုင်ပါတယ်။ ရွှေဘိုမြို့ပြင်ဘက် သုသာန်သွားရာ လမ်းနဲ့ မျက်နှာချင်းဆိုင်မှာ တည်ရှိပါတယ်။

### ရန်ကြီးအောင် ပန်းခြံ

ဗိုလ်ချုပ်အောင်ဆန်း ရုပ်တုနဲ့ ကလေးငယ်တို့အတွက် ကစားကွင်း၊ လူငယ်တို့အတွက် အပန်းဖြေရာ ပန်းခြံကတော့ မြို့လယ် ရွှေဘို - မြစ်ကြီးနား ကားလမ်းပေါ်မှာ တည်ရှိပါတယ်။ ဒီပန်းခြံအတွင်းက ရေကန်ကြီးမှာ ရေပန်းတွေကို မီးနဲ့ ကစားတာကိုလည်း ညနေပိုင်းအချိန်တွေမှာ ပြုလုပ်လေ့ရှိတယ်ဆိုပေမယ့် ကျွန်တော်ကတော့ မကြုံလိုက်ပါဘူး။

### မောဓောမြင်သာ မြို့ထောင့်စေတီ

မြို့ထောင့် စေတီကတော့ အညာ ဘုရားပွဲကျင်းပလေ့ရှိတာမို့လူသိများပါတယ်။ အခုဆို ဘုရားပွဲအတွက်ရည်ရွယ်ပြီး ဆိုင်ခန်းတွေတောင် အုတ်တွေနဲ့ ဘုရားကြီးရှေ့ဘက်မြေမှာ အခိုင်အမာ ဆောက်လုပ်ထားသလို ဘေးဘက်မှာလည်း မိုးလုံလေလုံ ဇာတ်ရုံကြီးကို တည်ဆောက်ထား ပြီးတာကို သတိပြုမိပါတယ်။ စေတီတော်အနီးက ကန်ကြီးဟာလည်း အပန်းဖြေဖို့ ကောင်းတဲ့ နေရာတစ်ခုပါ။ ဒီဘုရားပွဲဟာ အတော်စည်ကားပြီး နှစ်စဉ်တော်သလင်းလပြည့်ကျော်မှာ ပြုလုပ်လေ့ရှိပါတယ်။

### ဖောင်တော်ဦးစေတီ

မြို့ထောင့်စေတီကနေ ထွက်ခွာပြီး ရှေ့ဘက်ကို တည့်တည့် ဆက်သွားရင် မြစ်ဘေးမှာ မေးတင်ထားသလို ဖြစ်နေတဲ့ ဖောင်တော်ဦးစေတီကို ဖူးကြရပါမယ်။ ရွှေဘိုမြို့ရဲ့ အရှေ့မြောက်ပိုင်းမှာ ရှိတာပါ။ အလောင်းစည်သူ မင်းကြီးရဲ့ ကောင်းမှုတော်ဖြစ်ပြီး တိုင်းခန်းလှည့်လည်စဉ်မှာ ဖောင်တော်ဆိုက်ရာအရပ်မို့ အထိမ်းအမှတ်နဲ့ တည်ထားတယ်လို့ ဆိုကြပါတယ်။

### ရွှေတန်ဆာဘုရား

ဂူပုထိုးဖြစ်ပြီး အလောင်းစည်သူမင်းကြီး တည်ထားခဲ့တာ ဖြစ်ပါတယ်။ ရွှေတန်ဆာ ရုပ်ပွားတော်က ဉာဏ်တော် နှစ်ထောင့်တစ်ထွာနဲ့ ထူးခြားတဲ့ သဏ္ဍာန်တော် ရှိပါတယ်။ ဘယ်လိုထူးခြားတာလဲဆိုရင် ရုပ်ပွားတော်မှာ သင်္ကန်းဝတ်ရုံနဲ့မဟုတ်ဘဲ မင်းညီမင်းသားတွေလို ဝတ်စုံမျိုးနဲ့ ထုဆစ်ထားတာ ဖြစ်လို့ပါပဲ။ ဘုရားဝင်းအနီးဝန်းကျင်မှာလည်း ရှေးဟောင်းစေတီလေးတွေ မြင်တွေ့ရနိုင်ပါတယ်။

### ချမ်းသာကြီး ချမ်းသာရ ဘုရား

ရွှေတန်ဆာဘုရားရဲ့ ကားပါကင်ဘက်အခြမ်းစောင်းတန်းကနေ ဆင်းလို့ မျက်နှာချင်းဆိုင် လမ်းကူးလိုက်ရင် ချမ်းသာကြီး ချမ်းသာရ ဘုရားကို ရောက်ပါတယ်။ ဒီဘုရားရဲ့ အရှေ့မှာတော့ ဈေးကားကြီးတွေ နားတတ်သလို၊ ဆိုင်တန်းလေးတွေလည်း ရှိလို့ စည်စည်ကားကားပါပဲ။ ဒါပေမယ့် တကယ် သွားသင့်တာကတော့ တစ်ဖက်ခြမ်းလမ်းမကြီးက ဖြစ်ပါတယ်။ အဲ့ဒီမှာမှ ပိုပြီးစည်ကား ခမ်းနားတဲ့ မြို့ဂုဏ်ဆောင် ဘုရားတစ်ဆူမှန်း ပိုပေါ်လွင်ပါတယ်။ အတွင်းမှာလည်း စေတီအဆူဆူနဲ့ ဖူးဖို့ရော ဓာတ်ပုံရိုက်ဖို့ပါ ကောင်းမွန်ပါတယ်။

### ဇမ္ဗူဆီမီး မြတ်စွာဘုရား

ဒီဘုရားနှစ်ဆူအလွန် ဆက်သွားခဲ့ရင် ဇမ္ဗူဆီမီးဘုရားကို မလှမ်းမကမ်းမှာ ရောက်ရှိဖူးမြော်နိုင်ဦးမှာပါ။ အလောင်း မင်းတရားကြီးရဲ့မိဖုရားခေါင်ကြီး ခင်ယွန်းစံရဲ့မိဘတွေဖြစ်တဲ့ ဦးဖြိုးမြနဲ့ မယ်ပလောင်တို့ တည်ထားကိုးကွယ်ခဲ့တာလို့ မှတ်သားရပါတယ်။

### ရွှေဘိုမြို့ဈေးကြီး

ဒီကနေ ရှေ့တည့်တည့် ဆက်သွားရင်တော့ ရွှေဘို ဈေးကြီးကို ရောက်ပါမယ်။ နံနက်ခင်းမှာတော့ ဟင်းစားဝယ်သူတွေနဲ့ အထူးစည်ကားပြီး ပိုလှတာကတော့ လမ်းမကြီးဘက် မျက်နှာစာက ပိုလှပါတယ်။

### ရွှေချက်ကျ ရွှေချက်သိုစေတီ

ရွှေချက်သိုစေတီကို သွားပြီးလည်ပတ်တော့ သဘောကောင်းတဲ့ ဘုရားလူကြီးအဖွဲ့တွေနဲ့ တွေ့ခဲ့ရတယ်ဆိုရမယ်။ ဒေါ်လေးတစ်ဦးက မေတ္တာနဲ့ မြင်မြင်ချင်းပဲခေါင်းလောင်း စင်ပေါ်တက်ပြီး ဓာတ်ပုံရိုက်ပါလား၊ ပိုလှတယ်ဆိုပြီး စည်တော်စင်ကြီးပေါ်တက်တဲ့ တံခါးသော့ကို ပေးခဲ့တယ်။ တန်ဆောင်းတစ်ခုမှာ ဘုရားဆင်းတုကို ခြံခတ်သလို အပြည့်ကြီး ကာရံထားတာတော့ သဘောမကျမိ။ ရည်ရွယ်ချက်တစ်ခုခုတော့ ရှိမယ် ထင်ပါတယ်။ ဒီရွှေချက်သို စေတီဟာ ဦးအောင်ဇေယျက သူ့ရဲ့ဇာတိချက်ကြွေ အထိမ်းအမှတ် တစ်ခုအနေနဲ့ မြို့တည်တဲ့ မြန်မာနှစ် ၁၁၁၅ ခုနှစ်မှာ ရတနာသိင်္ဃနဲ့အတူ ခုနစ်ဌာန တစ်ပြိုင်တည်း တည်ဆောက်ခဲ့တဲ့ အရာတွေထဲကတစ်ခု ဖြစ်ပါတယ်။ ဉာဏ်တော်က ၆၉ တောင်ဖြစ်ပြီး အဲဒီအချိန်ကတော့ အမြင့်ဆုံးလို့ မှတ်သားရပါတယ်။ ပဟိုရ်ခေါင်းလောင်းကြီးကိုတော့ စေတီရင်ပြင်ထောင့်တစ်နေရာမှာတည်ထားပြီး စည်တော်စင်ပေါ်တက်လို့ ခေါင်းလောင်းကြီးကို လေ့လာနိုင်ပါတယ်။ ဒီစင်ပေါ်မှာ စည်ကြီးရှိတယ်လို့ဆိုပေမယ့် ကျွန်တော်ကတော့ ခေါင်းလောင်းပဲ တွေ့ခဲ့ပါတယ်။ မြို့နန်းတည်စတုန်းက အချိန်နာရီလျှောက်ထားဖို့ ရည်ရွယ်ခဲ့တယ်လို့ သိရပါတယ်။


မောဓောမြင်သာမြို့ထောင့်စေတီ

### လောကမာရဇိန်ရုပ်ပွားတော်မြတ်ကြီး

လောကမာရဇိန်ဘုရားဆိုပြီး ရွှေဘိုမှာ နှစ်ဆူရှိတယ်လို့ သိရ ပါတယ်။ အရင်ရှိနှင့်ပြီးသားကတော့ အနောက်ဈေးရပ်မှာ ရှိတာဖြစ်ပြီး အရှေ့လောကမာရဇိန် (သုံးဆူကုန်းဘုရား) လို့ ခေါ်တွင်ပါတယ်။ မြို့ရဲ့အနောက်စွန်းမှာတော့ အသစ်တည်ထားတာ မကြာသေးတဲ့ အနောက်လောကမာရဇိန်ဘုရား ရှိပါတယ်။ ကျွန်တော်ရောက်ရှိခဲ့တာကတော့ အသစ်တည်ထားတဲ့ လောကမာရဇိန်ဘုရား ဖြစ်ပါလိမ့်မယ်။

### အခြားလည်ပတ်ဖူးမြော်သင့်တဲ့ ဘုရားစေတီများ

ကျွန်တော် နေထိုင်လည်ပတ်ခဲ့တဲ့ ရက်အနည်းငယ်အတွင်း စုံနိုင်သမျှစုံအောင်သွားခဲ့ပေမယ့် ကျွန်တော်မရောက်ဖြစ်ခဲ့တဲ့ ဘုရားစေတီတွေလည်း ရှိပါသေးတယ်။ ဒါကြောင့် ကျွန်တော့် ခရီးဖော်တွေ သွားတဲ့အခါ ကျန်ရစ်မသွားအောင် အသေးစိတ်မဟုတ်တောင် အမည်နာမအားဖြင့် ရှာရလွယ်ကူစေဖို့ ဖော်ပြပေးလိုက်ပါတယ်။

နန်းဦးအောင်မြေဆုတောင်းပြည့်ဘုရား၊ ရွှေတစဘုရား၊ လမ်းလယ်ဘုရား၊ ရွှေပေါ်ကျွန်းဘုရား၊ ရွှေခြသေ့ံဘုရား၊ နေရဗန်ဘုရား၊ ဆုတောင်းပြည့်ဘုရား၊ ရွှေကူကြီးဘုရား၊ သက်တော်ရှည် သက်တော်ရာဘုရား၊ ရွှေသိမ်တော် ဘုရား၊ ပခမ်းဘုရား၊ စိန်ဘုရား၊ ရွှေကြက်တောင်ဘုရား၊ ကုန်းဘောင်ဦးထိပ်ဘုရား၊ ရွှေလင်းပင်ဘုရား၊ နိဗ္ဗာန်ဆိပ်ဦးဘုရားတို့ ဖြစ်ပါတယ်။

*(ဆက်လက်ဖော်ပြပါမည်)*

# ဟိုတယ်များနှင့် ခရီးသွားလုပ်ငန်းများကဏ္ဍမြှင့်တင်ရန် ပြပွဲကျင်းပမည်

**ရန်ကုန် ဇွန် ၂၆**

မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော်ဖြစ်သည့် ရန်ကုန်မြို့ရှိ ဟိုတယ်များနှင့် ခရီးသွားလုပ်ငန်းများ၏ စီးပွားရေးအခွင့်အလမ်းများကို ပိုမိုတိုးတက်လာစေရန်နှင့် ဟိုတယ်များ၏ ခရီးသွားလုပ်ငန်းကဏ္ဍများ မြှင့်တင်ရန်ရည်ရွယ်၍ Yangon Hotel Expo 2019 (Yangon Then & Now) ပြပွဲ ကျင်းပသွားမည်ဖြစ်ကြောင်း ယမန်နေ့က ရန်ကုန်မြို့ Wyndham Grand Yangon Hotel ၌ ကျင်းပသည့် မီဒီယာရှင်းလင်းပွဲမှ သိရသည်။

အဆိုပါပြပွဲကို ရန်ကုန်မြို့ သာကေတမြို့နယ် မင်းနန္ဒာလမ်းရှိ Myanmar Expo ၌ အောက်တိုဘာ ၁၈ မှ ၂၀ ရက် နံနက် ၉ နာရီမှ ည ၁၁ နာရီအထိ ပြခန်းပေါင်း ၂၅၀ ကျော်ခင်းကျင်းပြသသွားမည်ဖြစ်သည်။

တိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး နော်ပန်းသဉ္ဇာမျိုးက "နိုင်ငံတကာက ရင်းနှီးမြှုပ်နှံလိုတဲ့ကုမ္ပဏီတွေတော်တော်များများလည်း ဒီပြပွဲမှာ ပြသသွားမှာဖြစ်သလို ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များရဲ့တိုင်းရင်းသားတွေရဲ့ ထုတ်ကုန်တွေကိုလည်း ပြသသွားနိုင်မှာဖြစ်ပါတယ်။ ဒါ့ကြောင့် ဒီပွဲပြသခြင်းအားဖြင့် ကျွန်မတို့နိုင်ငံရဲ့ ရင်းနှီးမြှုပ်နှံမှုကဏ္ဍတွေလည်း ထပ်တိုးလာမှာဖြစ်တယ်လို့ ယုံကြည်ပါတယ်" ဟု ပြောသည်။

ပြပွဲ၌ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ၏ ပြခန်းများ၊ အခြားသော ဆက်စပ်လုပ်ငန်းများ၏ ပြခန်းများ၊ မြန်မာပြည်၏ ထုတ်ကုန်များကို ပြသမည့် Fair Trade Local Market၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ အဖွဲ့အစည်းများ၏ ပြခန်းများ၊ ရန်ကုန်မြို့၏ သမိုင်းကြောင်းများ၊ အထင်ကရနေရာများကို ရှင်းလင်းတင်ပြမည့် ပြခန်းများ ပါဝင်မည်ဖြစ်သည့်အပြင် ပြပွဲရက်များအတွင်း ရန်ကုန်မြို့တွင်း လှည့်လည် လည်ပတ်နိုင်မည့် ခရီးစဉ်တိုများကိုလည်း စီစဉ်ထားရှိမည်ဖြစ်ကြောင်း သိရသည်။

**မွန်းဦးနဒီ**




သတင်းမီဒီယာမိတ်ဆက်ရှင်းလင်းပွဲ ကျင်းပစဉ်။

## နေပြည်တော် ခုတင် ၁၀၀၀ ဆေးရုံ၌ စုပေါင်းသွေးလှူဒါန်း




နေပြည်တော် ခုတင် ၁၀၀၀ ဆေးရုံ၌ စုပေါင်းသွေးလှူဒါန်းနေစဉ်။

**နေပြည်တော် ဇွန် ၂၆**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမှတ် (၁၇) လုံခြုံရေးရဲတပ်ဖွဲ့ခွဲ၏ (၈)နှစ်မြောက် တပ်ဖွဲ့ခွဲနှစ်ပတ်လည်နေ့ အထိမ်းအမှတ် စုပေါင်းသွေးလှူဒါန်းပွဲ အခမ်းအနားကို ယမန်နေ့က နေပြည်တော် ခုတင် ၁၀၀၀ ဆေးရုံကြီး၌ ကျင်းပသည်။

အခမ်းအနားတွင် တပ်ဖွဲ့ခွဲမှူး ယာယီဒုတိယရဲမှူးကြီး ကျော်မြင့်နှင့် တပ်ဖွဲ့ဝင် ၇၄ ဦးက စုပေါင်းသွေးလှူဒါန်းကြရာ အမှတ် (၁) လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့မှူး ရဲမှူးချုပ် ဇော်ထွန်းအောင်နှင့် အဖွဲ့ခွဲမှူး ရဲမှူးကြီး စံရွှေမောင်တို့က သွေးလှူဒါန်းသည့် အရာရှိ/အခြားအဆင့်တပ်ဖွဲ့ဝင်များအား အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပဲခူးဆေးရုံကြီး၌ ဆေးဝါးလှူဒါန်းရန်သေတ္တာ ပထမဆုံးဖွင့်လှစ်ထားရှိ

**ပဲခူး ဇွန် ၂၆**

ပဲခူးမြို့ အထွေထွေရောဂါကုဆေးရုံကြီးအတွင်း၌ ဇွန် ၂၄ ရက်ကစတင်ပြီး ပြည်သူများသည် မိမိတို့အိမ်မှာ အသုံးမလို ပိုလျှံနေသောဆေးဝါးများ လာရောက်လှူဒါန်းနိုင်ရန်အတွက် Medicine Box (ဆေးဝါးလှူဒါန်းရန်သေတ္တာ) ပထမဆုံးဖွင့်လှစ်ထားရှိပြီးဖြစ်သည်။

အဆိုပါ ဆေးဝါးလှူဒါန်းရန်သေတ္တာ ဖွင့်လှစ်ထားရှိရခြင်းနှင့် ပတ်သက်၍ ပဲခူးမြို့ အထွေထွေရောဂါကုဆေးရုံအုပ်ကြီး ဒေါက်တာရန်နိုင်မောင်က "Food Box တွေနဲ့ ပတ်သက်လို့ မြန်မာနိုင်ငံရဲ့မြို့ကြီးအချို့မှာ ဆောင်ရွက်နေမှုအပေါ် အားနည်းချက်၊ အားသာချက်တွေ Social Media မှာ တွေ့နေရတော့ ကျွန်တော်စဉ်းစားမိတာလေးတစ်ခု တင်ပြချင်ပါတယ်။ ဖြစ်နိုင်မယ်ဆိုရင် ကျွန်တော်တို့ ပဲခူးဆေးရုံကြီးမှာ ဆေးဝါးလှူဒါန်းရန်သေတ္တာတစ်ခု ထားချင်ပါတယ်။ ဒေသခံပြည်သူတွေအနေနဲ့ မိမိတို့အိမ်မှာရှိတဲ့ အသုံးမလိုတော့တဲ့ ဆေးတွေကို အဲဒီ ဆေးဝါးလှူဒါန်းရန်သေတ္တာမှာ လာရောက်ထည့်ပြီး လှူဒါန်းနိုင်ပါတယ်။ သက်တမ်းမကုန်တဲ့ ဆေးတွေဖြစ်ဖို့တော့ လိုပါတယ်။ ဆေးရုံမှာရှိတဲ့ ဆေးဝါးနားလည်တတ်ကျွမ်းသူတွေက လှူဒါန်းဆေးဝါးတွေကို စနစ်တကျ အမျိုးအစားခွဲခြားပြီး လိုအပ်တဲ့ လူနာတွေကို ပြန်လည်ပေးဝေနိုင်မယ်လို့ ယူဆပါတယ်။ ကျွန်တော်တို့ ဆေးရုံဝန်ထမ်းတွေထဲမှာလည်း နေမကောင်းဖြစ်နေတဲ့သူတွေ ဆီးချို၊ သွေးတိုး၊ နှလုံးရောဂါရှိနေလို့ ဆေးစွဲသောက်နေရတဲ့ ဝန်ထမ်းတွေ ရှိနေပါတယ်။ အချို့ဆေးတွေကိုတော့ ကွင်းဆင်းဆေးကုရာမှာ အသုံးပြုနိုင်မယ်လို့ ယူဆပါတယ်။ ကျွန်တော်တို့ဆေးရုံဝန်ထမ်းအချို့အတွက် အလုပ်တစ်ခုပိုလာနိုင်မှာဖြစ်ပေမယ့် ပရဟိတစိတ်ရှိတဲ့ ဝန်ထမ်းတွေရှိနေတဲ့အတွက် လုပ်နိုင်မယ်လို့ ယူဆပါတယ်။ ဆေးရုံဆိုတာ ဆေးဝါး အမြဲအသုံးပြုနေရတဲ့ နေရာဖြစ်တဲ့အတွက် လှူဒါန်းထားတဲ့ ဆေးဝါးတွေကို အကျိုးအရှိဆုံး အသုံးပြုနိုင်လိမ့်မယ်လို့ ယုံကြည်မိပါတယ်။ ကျွန်တော်ကတော့ စမ်းကြည့်ချင်ပါတယ်။ မိတ်ဆွေတွေအနေနဲ့ အားသာချက်၊ အားနည်းချက်တွေ၊ အခြားစဉ်းစားမိတာတွေရှိပါကလည်း အကြံပြုပေးဖို့ မေတ္တာရပ်ခံထားပါတယ်" ဟု ပြောသည်။

ဆေးဝါးလှူဒါန်းရန်သေတ္တာ ထားရခြင်းသည် ဆေးဝါးလိုအပ်သော လူနာများအတွက် ရည်မှန်းပြီး အလှူရှင်များက မိမိတို့၏ ပိုလျှံဆေးဝါးများအပါအဝင် ဆေးဝါးပစ္စည်းများကို ဆေးဝါးလှူဒါန်းရန်သေတ္တာတွင် တိုက်ရိုက်လှူဒါန်းရန်ဖြစ်ပြီး အဆိုပါဆေးဝါးများကို လူနာများအနေဖြင့် ဆေးဝါးလှူဒါန်းရန်သေတ္တာမှ တိုက်ရိုက်ယူဆောင်သုံးစွဲလို့မရဘဲ ဆေးဝါးလှူဒါန်းရန်သေတ္တာတွင် လှူဒါန်းထားသော ဆေးဝါးပစ္စည်းများကို ဆေးရုံမှ တာဝန်ရှိသူများနှင့် ပရဟိတအဖွဲ့ဝင်အချို့ပါဝင်သော ဆေးဝါးကျွမ်းကျင်သူများက စနစ်တကျစိစစ်၍ စာရင်းဇယားဖြင့် လိုအပ်နေသူများထံ သက်ဆိုင်ရာ ဆရာဝန်၊ သူနာပြုများမှတစ်ဆင့် ပြန်လည်ပေးအပ်သွားမည်ဖြစ်သည့်အပြင် အခမဲ့ဆေးခန်းများတွင် သုံးသင့်သော ဆေးဝါးများရှိပါကလည်း ဆက်သွယ်ပေးအပ်မည်ဖြစ်သည်။ သက်တမ်းလွန်ဆေးဝါးများ၊ သုံးစွဲရန်မသင့်သော ဆေးဝါးပစ္စည်းများကိုလည်း စနစ်တကျ စွန့်ပစ်ဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရသည်။

ပြည်သူများကလည်း စတင်ဖွင့်လှစ်သည့်နေ့မှစတင်ပြီး စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် အဆက်မပြတ်လာရောက်လှူဒါန်းကြသည်။ လာရောက်လှူဒါန်းသော ဆေးဝါးများကို ဆေးရုံကြီးမှ ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်ဝန်ထမ်းများဖြင့် အမျိုးအစားခွဲခြားပြီး အသုံးပြုရန်သင့်တော်မည့် ဆေးဝါးများကို ရောဂါကုသရန် ပြန်လည်အသုံးပြုခြင်း၊ ပရဟိတဆေးခန်းများသို့ ပြန်လည်လှူဒါန်းခြင်းများ ပြုလုပ်ရန်ရည်ရွယ်ထားရှိကာအလှူခံရရှိသော ဆေးများထဲမှ သုံးစွဲရန်မသင့်သော ဆေးများကိုလည်း စနစ်တကျ ဖျက်ဆီးရန် စီစဉ်ထားကြောင်း သိရသည်။

**တင်စိုး (ပဲခူး)**




ပဲခူးဆေးရုံကြီးတွင် ထားရှိသော ဆေးဝါးလှူဒါန်းရန်သေတ္တာကို တွေ့ရစဉ်။

## ယနေ့ ဈေးကွက်ပေါက်ဈေးများ

၂၆-၆-၂၀၁၉

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၁၁၇၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၅၁၃၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၁၁၇၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၅၁၃၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၇၅/၉၁၅ | ကျပ် | ၉၃၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၈၅/၉၂၅ | ကျပ် | ၉၄၅ | ကျပ် |
| အောက်တိန်း ၉၂ | ၇၆၀/၈၀၅ | ကျပ် | ၈၄၀/၈၆၀ | ကျပ် |
| အောက်တိန်း ၉၅ | ၈၄၀/၈၉၅ | ကျပ် | ၉၄၀/၉၄၅ | ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၁၇ · ၃ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၇၂၃ · ၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၂၀ · ၃ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၉၂၃ · ၀ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၄၁၂ · ၂ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၅၉ · ၂ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၂၀ · ၄၅ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၁ · ၉၀၇ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၃၁ · ၂၃ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၆၅ · ၆၆ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၉ · ၃၉၉ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

မြန်မာ့အလင်း

**စာတည်းမှူးချုပ်** - အောင်နိုင်ဦး
**စာတည်းမှူး** - စိုးစိုးနိုင်
**သတင်းထောက်ချုပ်** - မြင့်ဆွေ
**စာတည်းများ** - ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ
**အကြီးတန်းသတင်းထောက်များ** - ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ခတ်ပုံ)၊ မြတ်မွန်ထွေး
**အငယ်တန်းသတင်းထောက်များ** - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
**ထုတ်ဝေခြင်းအမှတ်** - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# ထာဝရ ကျေးဇူးရှင် အပိုင်း(၁)

သိပ္ပံစာရေးဆရာကိုကိုအောင်



### သစ်တောနှင့် သစ်ပင်များ

ကမ္ဘာ့ကုန်းမြေဧရိယာ၏ ၃၀ ရာခိုင်နှုန်းသည် သစ်တောများဖြင့် ဖုံးလွှမ်းလျက်ရှိနေသည်။ တစ်ဟက်တာ အကျယ်အဝန်းရှိ မိုးသစ်တောများ၌ အပင်မျိုးစိတ်ပေါင်း ၅၀၀ နီးပါးမျှ ရှင်သန်ပေါက်ရောက်လျက် ရှိသည်။ အပင်ပေါက်ရောက်မှု နည်းပါးလှသည်ဟု ဆိုကြသော ထင်းရှူးတောများ၌ပင် အပင်မျိုးစိတ်ပေါင်း ၁၅၀ ခန့်အထိ ပေါက်ရောက်ရှင်သန်နိုင်ကြသည်။

သစ်ပင်တို့သည် မြေကြီးထဲမှ အာဟာရဓာတ်များကို နေရောင်ခြည်ဖြင့် အလင်းဖွဲ့အစာချက်ပြီး စွမ်းအင်ကို ရရှိကြသည်။ သစ်ပင်တို့၏ အလင်းဖွဲ့ အစာချက် ဖြစ်စဉ်အတွင်း လေထုထဲမှ ကာဗွန်ဒိုင်အောက်ဆိုက်ကို စုပ်ယူသုံးစွဲပြီး ကာဗွန်အဖြစ်သို့ ပြောင်းလဲသွားစေကာ ထိုကာဗွန်များကို ပင်စည်၊ အကိုင်း၊ အခက်စသော ဇီဝဒြပ်ထုထဲ၌ သိုလှောင်ထားလိုက်သည်။ ထို့ပြင် အမြစ်မှတစ်ဆင့် မြေကြီးထဲ၌ပါ အော်ဂဲနစ်ကာဗွန်များအဖြစ် သိုလှောင်ပေးထားကြသည်။

### အလင်းဖွဲ့အစာချက် ဖြစ်စဉ်

သစ်ပင်တို့၏ အလင်းဖွဲ့ အစာချက် ဖြစ်စဉ်အတွင်း ဘေးထွက်ပစ္စည်းအဖြစ် အောက်ဆီဂျင်ဓာတ်ငွေ့များ ထွက်ပေါ်လာပြီး လေထုထဲသို့ ပြန်လည် ထုတ်လွှတ်ပေးကြသည်။ ကမ္ဘာ့လေထုထဲရှိ အောက်ဆီဂျင်ဓာတ်ငွေ့စုစုပေါင်း၏ ၂၀ ရာခိုင်နှုန်းသည် ကမ္ဘာ့မြေပြင်ပေါ်ရှိ သစ်ပင်သစ်တောများက ထုတ်လွှတ်ပေးနေသော ပမာဏဖြစ်သည်။

အလားတူပင် ရေမျက်နှာပြင်ပေါ်နှင့် ရေပြင်အောက်တို့၌ ပေါက်ရောက်နေကြသော ရေညှိ၊ ရေမှော်နှင့် ရေအောက်အပင်များကလည်း ကမ္ဘာ့လေထုထဲတွင်ရှိသော အောက်ဆီဂျင်ဓာတ်ငွေ့စုစုပေါင်း၏ ၇၀ ရာခိုင်နှုန်းကို ထုတ်လွှတ်ပေးလျက်ရှိနေကြသည်။ ရေညှိ၊ ရေမှော်ပင်များနှင့် ရေအောက်သစ်ပင် မျိုးစိတ်အားလုံးတို့၏ အလင်းဖွဲ့ အစာချက် ဖြစ်စဉ်တွင် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များကို စုပ်ယူနေရင်း တစ်ချိန်တည်းမှာပင် အောက်ဆီဂျင် ဓာတ်ငွေ့များကိုလည်း ထုတ်လွှတ်ပေးလျက်ရှိနေကြသည်။

### ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များ

ကမ္ဘာတစ်ဝန်းလုံး၌ အသုံးပြုလည်ပတ်နေကြသော မော်တော်ကားများ၊ အင်ဂျင်စက်များ၊ ယန္တရားများ၊ စက်ရုံများသည် လေထုထဲသို့ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များကို စက္ကန့်နှင့်အမျှ ထုတ်လွှတ်ပေးလျက် ရှိနေကြသည်။ တစ်ခါတစ်ရံ ကမ္ဘာ့မြေပြင်ပေါ်ရှိ မီးတောင်ကြီးများ ပေါက်ကွဲမှုဖြစ်သည့်အခါတွင်လည်း ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ပမာဏ အများအပြားသည် လေထုထဲသို့ အလုံးအရင်း ပျံ့နှံ့ရောက်ရှိ သွားသည်။

အလားတူပင် စစ်မက်ဖြစ်ပွားသည့် အခါများတွင်လည်း ကျည်ဆန်နှင့် ဗုံးများ ပေါက်ကွဲမှုကြောင့် ကာဗွန်ဒိုင်အောက်ဆိုက်နှင့်တကွ အဆိပ်ဓာတ်ငွေ့အများအပြားတို့သည် လေထုထဲသို့ ရောက်ရှိသွားကြသည်။ လုပ်ငန်းခွင် မတော်တဆမှုကြောင့် ရေနံတွင်းများ မီးလောင်သည့်အခါမျိုးတွင်လည်း တန်ချိန်နှင့်ချီသော ကာဗွန်ဒိုင်အောက်ဆိုက် ဓာတ်ငွေ့များသည် လေထုထဲသို့ ရောက်ရှိသွားကြသည်။

### ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့

ကာဗွန်ဒိုင်အောက်ဆိုက် ဓာတ်ငွေ့သည် မီသိန်း၊ နိုက်ထရပ်စ်အောက်ဆိုက်၊ ဟိုက်ဒရို ဖလူအိုရို ကာဗွန်၊ ပါ ဖလူအိုရို ကာဗွန်နှင့် ဆာလ်ဖာ ဟက်ဆာဖလူအိုရိုက်တို့ကဲ့သို့ပင် ကမ္ဘာကြီးကို ပူနွေးလာစေသော ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ဖြစ်သည်။ ဖန်လုံအိမ်ဓာတ်ငွေ့များသည် ကမ္ဘာကြီးကို ပိုမို ပူနွေးလာစေသည်ဖြစ်ရာ အကယ်၍ ဖန်လုံအိမ်ဓာတ်ငွေ့များ ထုတ်လွှတ်မှုကို ထိန်းချုပ်နိုင်ခြင်းမရှိပါက ကမ္ဘာကြီးသည် အဆမတန်ပူပြင်းလာပြီး မြေကမ္ဘာပေါ်ရှိ လူသားတို့နှင့်တကွ ဇီဝမျိုးစုံမျိုးကွဲ အားလုံးတို့လည်း ပျောက်ကွယ်သွားကြလိမ့်မည်ဖြစ်သည်။

ကမ္ဘာ့ကုန်းမြေဧရိယာ၏ ၃၀ ရာခိုင်နှုန်းကို လွှမ်းမိုးထားသော သစ်တောများနှင့်တကွ ကမ္ဘာအရပ်ရပ်ရှိ သစ်ပင်အားလုံးတို့သည် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များကို စဉ်ဆက်မပြတ် စုပ်ယူပေးထားခြင်းဖြင့် ကမ္ဘာကြီး အဆမတန် ပူနွေးလာခြင်းမှ ကာကွယ်ပေးထားလျက် ရှိနေသည်။ ကမ္ဘာ့အပူပိုင်းဒေသရှိ ဒီရေရောက်သစ်တောများသည် အခြားဒေသရှိ သစ်တောများထက် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များကို စုပ်ယူသိုလှောင်နိုင်စွမ်းအား ပိုမိုမြင့်မားသည်။ ကမ္ဘာ့အပူပိုင်းသစ်တောဧရိယာ၏ ဝ ဒသမ ၇ ရာခိုင်နှုန်းမှာ ဒီရေရောက်တောများဖြစ်ကြပြီး အပူပိုင်းဒေသ မုတ်သုံသစ်တောများထက် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ကို နှစ်ဆမှ လေးဆခန့်အထိ စုပ်ယူသိုလှောင်ပေးထားနိုင်ကြသည်။

### ဒီရေရောက်တောများ

ဒက္ခိဏ ယဉ်စွန်းတန်းနှင့် ဥတ္တရ ယဉ်စွန်းတန်းကြား ပင်လယ်ကမ်းရိုးတန်းတစ်လျှောက်ရှိ ဒီရေရောက်သစ်တောများ၏ ဧရိယာသည် ကမ္ဘာ့လူဦးရေ တိုးပွားလာခြင်းကြောင့် ရာစုနှစ်ဝက်အတွင်း ၅၀ ရာခိုင်နှုန်းခန့်အထိ ယုတ်လျော့ကျဆင်းသွားခဲ့သည်။ အကယ်၍ အပူပိုင်းဒေသ ဒီရေရောက်သစ်တောများ လုံးဝ ပျက်စီးသွားမည်ဆိုလျှင် တစ်ကမ္ဘာလုံးရှိ သစ်တောအားလုံး ပြုန်းတီးမှုကြောင့် ထွက်ပေါ်လာမည့် ကာဗွန်ဒိုင်အောက်ဆိုက် ဓာတ်ငွေ့စုစုပေါင်း၏ ၁၀ ရာခိုင်နှုန်းနှင့်ညီမျှသော ပမာဏကို ကမ္ဘာ့လေထုထဲသို့ ပြန်လည်ထုတ်လွှတ်လိမ့်မည် ဖြစ်သည်။

### သစ်ပင်များ၏ အကျိုးကျေးဇူးများ

သစ်ပင်များသည် လေထုထဲမှ ကာဗွန်ဒိုင်အောက်ဆိုက်ကို စုပ်ယူပြီး အောက်ဆီဂျင်ဓာတ်ငွေ့များကို ပြန်လည်ထုတ်လွှတ်ပေးနိုင်ရုံမျှမက မြေကြီးထဲမှ ရေငွေ့များကိုလည်း စုပ်ယူပြီး လေထုထဲသို့ ထုတ်လွှတ်ပေးလျက် ရှိနေကြသည်။ သစ်ပင်များမှ ထုတ်လွှတ်သော ရေငွေ့များကို လေထုက စုပ်ယူပြီး မိုးအဖြစ် ပြန်လည်ရွာသွန်းပေးသည့်အတွက် သစ်ပင်သစ်တောများသည် ရေသံသရာလည်ခြင်းကို အဓိကအခန်းကဏ္ဍမှ အကျိုးပြုလျက်ရှိနေကြသည်။

ရာသီအလိုက်စိုက်ပျိုးသော အပင်ငယ်များသည်ပင်လျှင် ပေါက်ရောက်ရှင်သန်နေသည့် ရာသီခွင်အတွင်း၌ ရေငွေ့ပမာဏ လီတာပေါင်း ၂၀၀ ခန့်ကို လေထုထဲသို့ ထုတ်လွှတ်ပေးနိုင်ကြသည်ဖြစ်ရာ နှစ်တို၊ နှစ်လတ်နှင့် နှစ်ရှည်ပင်ကြီးများဆိုလျှင် ရေငွေ့ပမာဏ မည်မျှ ထုတ်လွှတ်ပေးနိုင်သည်ကို ခန့်မှန်းနိုင်သည်။

သစ်ပင်တို့သည် နေ့ဘက်တွင် နေ၏အပူရှိန်ကို အမိုးသဖွယ် အုပ်မိုး ကာရံပေးထားခြင်းဖြင့် မြေကြီးကို အေးမြစေသလို ညဘက်တွင်လည်း မြေကြီးက ပြန်လည်ထုတ်လွှတ်သည့် အပူဓာတ်ကို ထိန်းချုပ်ပေးထားခြင်းဖြင့် မြေပြင်ကို နွေးထွေးစေရန် ပြုလုပ်ပေးလျက် ရှိသည်။ ထို့ပြင် မြေဆီလွှာနှင့် ရေဓာတ်ကိုပါ ထိန်းသိမ်းပေးနိုင်သည့်အတွက် ရေတွင်းရေကန်များ၏ ပတ်လည်တွင် အပင်ကြီးများကို စိုက်ပျိုးထားခြင်းအားဖြင့် ရေခန်းခြောက်မှု ဖြစ်နိုင်ခြေကို များစွာ လျော့ပါးသက်သာစေသည်။

အလားတူပင် မြစ်ချောင်းများ ရေလျှံသည့် အခါမျိုး၌လည်း စီးဆင်းလာသော ရေထုကြီးကို သစ်ပင်များက ခုခံဟန့်တားထားနိုင်သည့်အတွက် ရုတ်တရက် ရေကြီးရေလျှံဖြစ်ခြင်းမှ ကာကွယ်ပေးထားနိုင်စွမ်း ရှိကြသည်။ အကယ်၍ သစ်ပင်ကြီးများမရှိသော လွင်တီးခေါင်ပြင်အရပ် ဖြစ်နေခဲ့လျှင် ယင်းကဲ့သို့သော မြစ်ချောင်းများ ရေလျှံတက်ခြင်းမျိုးနှင့် ကြုံရသည့်အခါ လူနေမြို့ရွာများအတွင်းသို့ ရောမ ရေထုကြီးက အတားအဆီးမရှိ လွယ်ကူလျင်မြန်စွာ စီးဆင်းဝင်ရောက်လာမည်ဖြစ်ပြီး ရေဘေးအန္တရာယ်မှ လွတ်ကင်းအောင် ရှောင်တိမ်းထွက်ခွာရန်ပင် အချိန်မရနိုင်တော့ဘဲ အသက်အန္တရာယ်ကျရောက်မှုနှင့်တကွ ကြီးမားသော ပျက်စီးဆုံးရှုံးမှုကြီးများကို ဖြစ်ပေါ်စေလိမ့်မည် ဖြစ်သည်။

မြစ်ကမ်းဘေး ဝဲယာတစ်လျှောက်တွင် သစ်ပင်သစ်တောများ ရှိနေခြင်းအားဖြင့် ရေသတ္တဝါများအတွက် အန္တရာယ်ရှိသည့် မြစ်ကြောင်းအတွင်းသို့ နုန်းအနည်အနှစ်ကျခြင်းကိုလည်း ထိထိရောက်ရောက် ကာကွယ်ပေးထားနိုင်သည်။ ယင်းကဲ့သို့ မြစ်ကြောင်းအတွင်း နုန်းအနည်အနှစ်ကျခြင်းကို ထိထိရောက်ရောက် ဟန့်တားထားနိုင်သည့်အတွက် မြစ်ရေတိမ်သွားခြင်းနှင့် မြစ်ကြောင်းကျဉ်းသွားခြင်းမျိုး မဖြစ်နိုင်တော့ဘဲ ရေလမ်းကြောင်းကို အမြဲတမ်းပွင့်နေစေကာ ရေကြောင်းပို့ဆောင်ရေးနှင့် ကုန်စည်စီးဆင်းရေးကို ကောင်းစွာ အထောက်အကူပြုပေးနိုင်သည်။

### အပူဒဏ်ကို လျှော့ချပေး

သစ်ပင်သစ်တောများသည် အောက်ဆီဂျင်ဓာတ်ငွေ့နှင့် ရေငွေ့များကို လေထုထဲသို့ အမြဲမပြတ် ထုတ်လွှတ်ပေးခြင်းအားဖြင့် လေထု၏ဖိအားကို မြင့်တက်စေပြီး လေထုအတွင်း အောက်ဆီဂျင်ဓာတ်ငွေ့၏ သိပ်သည်းဆကိုပါ မြင့်မားလာစေသလို ပတ်ဝန်းကျင်၏ အပူချိန်ကိုလည်း လျှော့ချပေးနိုင်စွမ်းရှိသည်။ ထို့ကြောင့်ပင် နှစ်တို နှစ်လတ်နှင့် နှစ်ရှည်ပင်များ အများအပြားရှိနေသော မြို့တစ်မြို့သည် သစ်ပင်ပေါက်ရောက်မှု အလွန်နည်းသော မြို့များထက် အပူချိန် သုံး ဒီဂရီ ဆဲလ်စီးယပ်စ်ခန့်အထိ လျော့ပါးသက်သာနိုင်သည်။

ထို့ကြောင့်ပင် ပူသောအရပ်ဒေသများ၌ သစ်ပင်ကြီးများကို အများအပြား စိုက်ပျိုးခြင်းအားဖြင့် အရွယ်ရောက် ကြီးထွားလာသည့်အခါ အပူဒဏ်ကို လျှော့ချပေးနိုင်သည့်အပြင် အရွယ်ရောက် ကြီးထွားပြီးသော သစ်ပင်တစ်ပင်သည် လူ ၁၈ ဦးစာအတွက် အောက်ဆီဂျင်ဓာတ်ငွေ့ကို လုံလောက်စွာ ထုတ်လွှတ်ပေးနိုင်စွမ်းရှိလာသည်။

ထို့အပြင် အေးသောအရပ်ဒေသများ၌ အပင်ကြီးများ အများအပြား ရှိနေခြင်းအားဖြင့် လေအေးများတိုက်ခတ်ခြင်းကို ခုခံဟန့်တားပေးထားသောကြောင့် လွန်ကဲသောအအေးဒဏ်မှ ကောင်းစွာ အကာအကွယ်ရရှိသည့်အတွက် အပူပေးစက်များ တပ်ဆင်ရသော စရိတ်စကကို လျှော့ချပေးနိုင်သည်။

### အပင်ခုတ်လှဲခံရသည့်တိုင်

သစ်ပင်တို့၏ ဇီဝယန္တရား လည်ပတ်မှုကြောင့် ပင်စည်နှင့် အကိုင်းအခက် စသည်တို့တွင် သိုလှောင်ထားသော ကာဗွန်များသည် အပင်ခုတ်လှဲခံရသည့်အခါ ကာဗွန်အချို့က ကာဗွန်ဒိုင်အောက်ဆိုက်များအဖြစ် လေထုထဲသို့ ထွက်သွားသည့်တိုင် ခုတ်လှဲခံရသော သစ်ပင်သည် ပရိဘောဂကဲ့သို့သော ဒြပ်ထုအသွင်ဖြင့် တည်ရှိနေသရွေ့ ကာဗွန်အများစုကို ဆက်လက် သိုလှောင်ပေးထားဆဲပင် ဖြစ်သည်။

သို့ရာတွင် ထင်းအဖြစ် သို့မဟုတ် လောင်စာအဖြစ် အသုံးချခံရခြင်းမျိုးနှင့် မီးလောင်ခြင်းတို့ ဖြစ်ပေါ်ခဲ့လျှင်မူ သိုလှောင်ထားသမျှသော ကာဗွန်အားလုံးသည် ကာဗွန်ဒိုင်အောက်ဆိုက်များအဖြစ် လေထုထဲသို့ လျင်မြန်စွာ ရောက်ရှိသွားလိမ့်မည် ဖြစ်သည်။

အလားတူပင် သစ်ပင်များကို ခုတ်လှဲဖြိုဖျက်သည့်အခါ ပင်စည် အောက်ခြေပိုင်းကို ချန်ထားခဲ့မည်ဆိုပါက အမြစ်မှတစ်ဆင့် မြေကြီးထဲ၌ သိုလှောင်ပေးထားသော အော်ဂဲနစ်ကာဗွန်များသည် လေထုထဲသို့ ရောက်ရှိမသွားနိုင်ပေ။ သို့ရာတွင် သစ်ပင်များကို ခုတ်လှဲဖြိုဖျက်သည့်အခါ လူတို့၏ လောဘဇောဖြင့် ပင်စည် အောက်ခြေနှင့်တကွ အမြစ်ကိုပါ တူးဆွဖော်ထုတ် ယူငင်သွားခဲ့လျှင်မူ မြေကြီးထဲရှိ အော်ဂဲနစ်ကာဗွန်များကလည်း ကာဗွန်ဒိုင်အောက်ဆိုက်များအဖြစ် လေထုထဲသို့ ရောက်ရှိသွားလိမ့်မည် ဖြစ်သည်။

ကမ္ဘာကြီးကို ပူနွေးမှုဖြစ်စေသော ကာဗွန်ဒိုင်အောက်ဆိုက် ထုတ်လွှတ်မှု အားလုံးကို အချိုးချကြည့်မည်ဆိုပါက အင်ဂျင်နှင့် စက်ယန္တရားများကြောင့် ထွက်ပေါ်လာသော ကာဗွန်ဒိုင်အောက်ဆိုက်မှာ ၈၀ ရာခိုင်နှုန်းရှိနေပြီး သစ်တောပြုန်းတီးခြင်း၊ သစ်ပင် သစ်တောများ မီးသင့်ခြင်းနှင့် ထင်းကို လောင်စာအဖြစ် အသုံးပြုခြင်းတို့ကြောင့် ထွက်ပေါ်လာသော ကာဗွန်ဒိုင်အောက်ဆိုက်က ၂၀ ရာခိုင်နှုန်းအထိ ရှိနေကြောင်း တွေ့ရှိကြရမည် ဖြစ်သည်။ ။

(ဆက်လက်ဖော်ပြပါမည်)

"သစ်ပင်တို့၏ ဇီဝယန္တရား လည်ပတ်မှုကြောင့် ပင်စည်နှင့် အကိုင်းအခက် စသည်တို့တွင် သိုလှောင်ထားသော ကာဗွန်များသည် အပင်ခုတ်လှဲခံရသည့်အခါ ကာဗွန်အချို့က ကာဗွန်ဒိုင်အောက်ဆိုက်များအဖြစ် လေထုထဲသို့ ထွက်သွားသည့်တိုင် ခုတ်လှဲခံရသောသစ်ပင်သည် ပရိဘောဂကဲ့သို့သော ဒြပ်ထုအသွင်ဖြင့် တည်ရှိနေသရွေ့ ကာဗွန်အများစုကို ဆက်လက် သိုလှောင်ပေးထားဆဲပင် ဖြစ်သည်။ သို့ရာတွင် ထင်းအဖြစ် သို့မဟုတ် လောင်စာအဖြစ် အသုံးချခံရခြင်းမျိုးနှင့် မီးလောင်ခြင်းတို့ ဖြစ်ပေါ်ခဲ့လျှင်မူ သိုလှောင်ထားသမျှသော ကာဗွန်အားလုံးသည် ကာဗွန်ဒိုင်အောက်ဆိုက်များ အဖြစ် လေထုထဲသို့ လျင်မြန်စွာ ရောက်ရှိသွားလိမ့်မည်ဖြစ်သည်"

# မြိတ်-တနင်္သာရီ-မောတောင်ကားလမ်းပေါ်ရှိ တနင်္သာရီတံတား ၇၃ ရာခိုင်နှုန်းပြီးစီး

**ရန်ကုန် ဇွန် ၂၆**

တနင်္သာရီတံတားသည် တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ် မြိတ်-တနင်္သာရီ-ဘုတ်ပြင်း-ကော့သောင်းကားလမ်း မိုင်တိုင်အမှတ် (၄၉/၄) နှင့် (၄၉/၆) အကြား တနင်္သာရီမြစ်ပေါ်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တံတားတည်ဆောက်ရေးအဖွဲ့(၄)က တာဝန်ယူတည်ဆောက်နေသော အရှည် ၁၄၄၃ ဒသမ ၆၄ ပေရှိသော မြစ်ကူးတံတားကြီးဖြစ်သည်။

၁၉၉၉ ခုနှစ်တွင် တည်ဆောက်ခဲ့သော မူလဘေလီတံတားဟောင်းမှာ တစ်လမ်းမောင်းဖြစ်၍ ယာဉ်ကြောပိတ်ဆို့မှုများ ဖြစ်ပေါ်ခြင်း၊ လက်ရှိတွင် နေ့စဉ်ယာဉ်စီးရေ ၃၀၀ မှ ၄၀၀ အတွင်း ၁၈ တန်အောက်ကားများသာ ဖြတ်သန်းအသုံးပြုနိုင်ခြင်း၊ ကုန်ကားကြီးများ ဖြတ်သန်းသွားလာမှု မပြုနိုင်ခြင်းတို့ကြောင့် ကုန်စည်စီးဆင်းမှု နှောင့်နှေးခြင်းများ ဖြစ်ပေါ်လျက်ရှိသည်။

သို့ဖြစ်၍ ယခုအခါ မြိတ်-တနင်္သာရီ- မောတောင်ဒေသတွင် ယာဉ်တစ်စီးချင်းခံနိုင်ဝန် ၇၅ တန်ရှိ နှစ်လမ်းသွား သံပေါင်၊ သံကူကွန်ကရစ်ကြမ်းခင်းတံတားကြီးအဖြစ် အဆင့်မြှင့်တင်တည်ဆောက်ခြင်းဖြစ်သည်။

တံတားအရှည်မှာ ၁၄၄၃ ဒသမ ၆၄ ပေ (၄၄၀ မီတာ) ရှိပြီး ယာဉ်သွားလမ်းအကျယ် ၂၇ ဒသမ ၈၉ ပေ၊ လူသွားလမ်းအကျယ် တစ်ဖက်လျှင် ၃ ဒသမ ၉၄ ပေ၊ ရေလမ်းကင်းလွတ်အကျယ် ၁၆၄ ပေ၊ ရေလမ်းကင်းလွတ်အမြင့် ၃၂ ဒသမ ၈၁ ပေ စီမံကိန်းခန့်မှန်းတန်ဖိုး (ချဉ်းကပ်လမ်းအပါအဝင်) ငွေကျပ်သန်း ၁၂၆၀၀ ဒသမ ၀၀ ဖြစ်ကြောင်း သိရသည်။

တံတားကြီးမှာ ယနေ့အထိ ၇၃ ရာခိုင်နှုန်းပြီးစီးနေပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်ကုန်တွင် တံတားတစ်စင်းလုံး၏ (၈၄ ရာခိုင်နှုန်း) ပြီးစီးအောင် ဆောင်ရွက်မည်ဖြစ်သည်။ စီမံကိန်းခန့်မှန်းတန်ဖိုးမှာ ငွေကျပ် ၁၂ ဒသမ ၆ ဘီလီယံဖြစ်ပြီး ယခုဘဏ္ဍာနှစ်အထိ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေကျပ် ၆ ဒသမ ၇ ဘီလီယံရရှိပြီးဖြစ်သည်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ထပ်မံလိုအပ်ရန်ပုံငွေကျပ် ၅ ဒသမ ၉ ဘီလီယံကို တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့မှ လျာထားလျက်ရှိပြီး ရန်ပုံငွေရရှိပါက ၂၀၂၀ ပြည့်နှစ် မေလတွင် တည်ဆောက်ပြီးစီးအသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ခရမ်းစိုးမြင့်**



တနင်္သာရီတံတား တည်ဆောက်နေမှုကို တွေ့ရစဉ်။

# ရိခေါဒါရ်မြို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်မှုများ ကွင်းဆင်းစစ်ဆေး

**ရိခေါဒါရ် ဇွန် ၂၆**

ချင်းပြည်နယ် ရိခေါဒါရ်မြို့အုပ်ချုပ်ရေးမှူး ဦးကျင်လမ်းခိုင် ဦးဆောင်မှုဖြင့် ရိခေါဒါရ်မြို့၌ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ဆောင်ရွက်မှုများ ကွင်းဆင်းစစ်ဆေးခြင်းကို ယမန်နေ့က ကွင်းဆင်းဆောင်ရွက်သည်။

စည်ပင်သာယာရေးဌာန ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်သည့် လုပ်ငန်းများဖြစ်သည့် ရိဒ်ရေကန် ရေချိုးဆိပ် ရေထိန်းနံရံတည်ဆောက်ခြင်းလုပ်ငန်း၊ ရိဒ်ရေကန်သွားလမ်း ကတ္တရာလမ်းခင်းကျင်းခြင်းလုပ်ငန်း၊ အမှတ် (၁) ရပ်ကွက် ဗိုးနွန်လမ်း ကတ္တရာလမ်းခင်းကျင်းခြင်းလုပ်ငန်း၊ အမှတ် (၂) ရပ်ကွက် စခန်းသာလမ်း ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းနှင့် အရှေ့မြို့ပတ်လမ်း ကျောက်ချောခင်းကျင်းခြင်း လုပ်ငန်းများကိုလည်းကောင်း၊ ပညာရေးဌာနမှ အထကကျောင်းနှင့် အထကခွဲကျောင်းတို့၌ ကျောင်းဆောင်နှင့် ဝန်ထမ်းအိမ်ရာများ၊ ကျောင်းစာကြည့်တိုက် အဆောက်အအုံဆောက်လုပ်မှုများနှင့် အခြားဌာနဆိုင်ရာ အဆောက်အအုံဆောက်လုပ်မှုများကို ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ရာ လုပ်ငန်းဆောင်ရွက်မှုများအပေါ် သတ်မှတ်အရည်အသွေးနှင့် အတိုင်းအတာများ ပြည့်မီရေး၊ အများပြည်သူအတွက် အကောင်းဆုံးနှင့် အကျိုးရှိရှိ ကြာရှည်တည်တံ့စွာ အသုံးပြုနိုင်ရေးအတွက် စေတနာရှေ့ထားဆောင်ရွက်ရေး၊ သတ်မှတ်ထားသည့် အချိန်ကာလနှင့် ဘဏ္ဍာရေးနှစ်အတွင်း အပြီးသတ်ဆောင်ရွက်နိုင်ရေးနှင့် လုပ်ငန်းဆောင်ရွက်မှုအပေါ် အခက်အခဲများ၊ လုပ်ငန်းလိုအပ်ချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**



ရိခေါဒါရ်မြို့ အခြေခံပညာကျောင်းများတည်ဆောက်ရေး တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးစဉ်။




# စစ်ကိုင်းတိုင်းဒေသကြီး လူဦးရေစာရင်းအချက်အလက်များ ကောက်ယူပြုစုခြင်းနှင့် အခြေခံမဲဆန္ဒရှင်စာရင်း ပြုစုခြင်းဆိုင်ရာ နည်းပြသင်တန်းဖွင့်

**မုံရွာ ဇွန် ၂၆**

စစ်ကိုင်းတိုင်းဒေသကြီးတွင် လူဦးရေစာရင်းအချက်အလက်များ ကောက်ယူပြုစုခြင်းနှင့် အခြေခံမဲဆန္ဒရှင်စာရင်း ပြုစုခြင်းဆိုင်ရာ နည်းပြသင်တန်းကို ယမန်နေ့က မုံရွာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရှိ အစည်းအဝေးခန်းမ၌ ဖွင့်လှစ်သည်။

တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်အုန်းခင်က အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးတင်ဦးက ၂၀၁၉ ခုနှစ်ကို မဲဆန္ဒရှင်စာရင်းပြုစုသည့်နှစ်အဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသော နိုင်ငံသားတိုင်း မဲပေးခွင့်မဆုံးရှုံးစေရန် မဲဆန္ဒရှင်စာရင်း တိကျမှန်ကန်စေရေး ပြုစုဆောင်ရွက်ရန်အတွက် လူဦးရေစာရင်းနှင့် အချက်အလက်များ ကောက်ယူရေးလုပ်ငန်းစဉ်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့ ပူးပေါင်း၍ စီမံချက်ရေးဆွဲထားကြောင်း၊ သင်တန်းသားများသည် စီမံချက်ပါလုပ်ငန်းစဉ်များကို အောင်မြင်စွာဆောင်ရွက်နိုင်ရန်အတွက် သေသေချာချာ သိရှိနားလည်သဘောပေါက်အောင် လေ့လာမှတ်သားကြရမည်ဖြစ်ပြီး ယခုသင်တန်းတက်ရောက်ပြီးသူများမှ မိမိတို့မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်စုများတွင် လူဦးရေစာရင်းနှင့် အချက်အလက်များ ကောက်ယူပြုစုရေးအဖွဲ့များအား ရှင်းရှင်းလင်းလင်းသိရှိပြီး အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ပြန်လည်ပို့ချရမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ရွေးကောက်ပွဲအရာရှိ ဦးအောင်မျိုးလွင်၊ တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးမှူး ဦးယဉ်ထွေး၊ တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ချမ်းငြိမ်းတို့က လူဦးရေစာရင်းအချက်အလက်များ ကောက်ယူပြုစုခြင်း၊ အခြေခံမဲစာရင်းပြုစုခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပို့ချခဲ့ပြီး သင်တန်းသို့ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၃၇ မြို့နယ်မှ မြို့နယ်ရွေးကောက်ပွဲအရာရှိများ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ဦးစီးမှူးများ၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးများ အပါအဝင် သင်တန်းသား သင်တန်းသူ ၁၁၉ ဦး တက်ရောက်ခဲ့ပြီး မြို့နယ်အလိုက် ရပ်ကွက်/ကျေးရွာအုပ်စု လူဦးရေစာရင်း ကောက်ယူပြုစုရေးလုပ်ငန်းအဖွဲ့များအား ဆင့်ပွားသင်တန်းများ ဆက်လက်ပို့ချပြီးပါက လူဦးရေစာရင်းကောက်ယူခြင်းနှင့် စိစစ်ခြင်း၊ အခြေခံမဲစာရင်းပြုစုခြင်းကို ဇူလိုင်လဆန်းမှစ၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း (ပြန်/ဆက်)**

# ဗိုလ်ချုပ်အောင်ဆန်းစာကြည့်တိုက် တည်ဆောက်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

**တောင်ငူ ဇွန် ၂၆**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ ဗိုလ်ချုပ်အောင်ဆန်းစာကြည့်တိုက် တည်ဆောက်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့က တောင်ငူမြို့ ပြည်တော်ဝင်ဟိုတယ်ခန်းမ၌ကျင်းပရာ နာယကများဖြစ်ကြသော ဦးကျော်လှ (သမာဓိ)၊ ဒေါက်တာမာမာဝေ (ပါမောက္ခ-ငြိမ်း) တို့က အမှာစကားပြောကြားကြ၍ ဥက္ကဋ္ဌ ဒေါက်တာဘဆွေ (တော်ဝင်ဆေးရုံ)က စာကြည့်တိုက်လုပ်ငန်းနှင့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဗိုလ်ချုပ်အောင်ဆန်းစာကြည့်တိုက်၏ ဝန်းကျင်သာယာလှပရေး၊ စာအုပ်ငှားရမ်းခြင်း၊ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း ရွေ့လျားစာကြည့်တိုက်လုပ်ငန်းများနှင့် ပူးပေါင်းပါဝင်ကူညီဆောင်ရွက်နိုင်ရန် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ ညှိနှိုင်းဆောင်ရွက်ကြရန် ဆွေးနွေးဆုံးဖြတ်ခဲ့ကြကြောင်း သိရသည်။

**ကျော်လှ (တောင်ငူ)**

# ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက် (ရန်ကုန်) အား ခေတ္တပိတ်ထားမည်

**နေပြည်တော် ဇွန် ၂၆**

(၇၂) ကြိမ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် အထူးပြပွဲခင်းကျင်းပြသရေးအတွက် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ပါသဖြင့် ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက် (ရန်ကုန်) ကို ဇွန် ၂၁ ရက်မှ ဇူလိုင် ၁၈ ရက်အထိ ခေတ္တပိတ်ထားမည်ဖြစ်ပါကြောင်းနှင့် အာဇာနည်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက် (ရန်ကုန်) နှင့် (နတ်မောက်) တို့အား ယခင်နှစ်များအတိုင်း အခမဲ့ဝင်ရောက်လေ့လာခွင့်ပြုမည်ဖြစ်ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ သိရသည်။

**မောင်လူမော်**

# မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အခမ်းအနားနှင့် ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးပွဲ မန္တလေး၌ ကျင်းပ

မန္တလေး ဇွန် ၂၆

**(၃၂)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားနှင့် ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးပွဲကို မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ ရွှေမန်းတောင် အားကစားကွင်းတွင် ယနေ့ နံနက် ၈ နာရီက ကျင်းပသည်။**

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က အမှာစကားပြောကြားသည်။ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေထံမှ ပေးပို့သည့် သဝဏ်လွှာကို မန္တလေးတိုင်းဒေသကြီး မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးကျော်ကျော်မင်း က ဖတ်ကြားသည်။

ယင်းနောက် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာ ပန်းချီပြိုင်ပွဲဆုရရှိသော ကျောင်းသား ကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်သည်။ ထို့နောက်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မီးရှို့ဖျက်ဆီးမည့် မူးယစ်ဆေးဝါးများကို





လှည့်လည်ကြည့်ရှုပြီး စက်ခလုတ်နှိပ်ကာ မီးရှို့ဖျက်ဆီးသည်။ **(အပေါ်ပုံ)**

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ပြခန်းများ လှည့်လည်ကြည့်ရှုသည်။**သန်းဇော်မင်း(ပြန်/ဆက်)**

# အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အခမ်းအနား မကွေးမြို့၌ ကျင်းပ



တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုနှင့် တာဝန်ရှိသူများ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ ပြိုင်ပွဲများတွင် ဆုရရှိသူ ကျောင်းသား ကျောင်းသူများနှင့် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

**မကွေး ဇွန် ၂၆**

(၃၂)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက မကွေးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ အောင်မိုးညို တက်ရောက်အမှာစကား ပြောကြားသည်။

ထို့နောက် မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသောဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ၊ ပြည်ထဲရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးထံမှ ပေးပို့သည့် သဝဏ်လွှာကို တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မင်းဦးက ဖတ်ကြားပြီး အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် ကဗျာ၊ ကာတွန်း၊ ပိုစတာ၊ စာစီစာကုံး ပြိုင်ပွဲများတွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ပြီး ဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များသည် မြို့တော်ခန်းမအတွင်း ခင်းကျင်းပြသထားသည့် နံရံကပ် စာစောင်များ၊ ပိုစတာများ၊ ဆုရ ကဗျာ၊ ကာတွန်း၊ ပိုစတာများကို လိုက်လံ ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**သန်းနိုင်ဦး(ဇဗ)**

# ရခိုင်ပြည်နယ်၌ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အခမ်းအနားကျင်းပ

**စစ်တွေ ဇွန် ၂၆**

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးညီပုက အမှာစကားပြောကြားပြီး မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေထံမှ ပေးပို့သည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်သဝဏ်လွှာကို ရခိုင်ပြည်နယ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဖုန်းတင့်က ဖတ်ကြားသည်။

ယင်းနောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီ၊ စာစီစာကုံးပြိုင်ပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသူများအား ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်နှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာများက ဂုဏ်ပြုလက်မှတ်နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများသည် ကျောင်းသား ကျောင်းသူများ၏ ဆုရစာစီစာကုံး၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာတို့အားပြသထားမှုနှင့် မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း အသိပညာပေးပြခန်းများကို လှည့်လည်ကြည့်ရှုကြသည်။

**တင်ထွန်း(ပြန်/ဆက်)**

# အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အခမ်းအနား လွိုင်ကော်မြို့၌ ကျင်းပ

**လွိုင်ကော် ဇွန် ၂၆**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ကယားပြည်နယ်ရဲတပ်ဖွဲ့မှ (၃၂)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်တိုက်ဖျက်ရေးနေ့ အခမ်းအနားကို ဇွန် ၂၆ ရက် နံနက် ၉ နာရီက လွိုင်ကော်မြို့ မင်းစုရပ်ကွက်ရှိ ပြည်နယ်ခန်းမ၌ ကျင်းပသည်။

**ဖတ်ကြား**

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက အမှာစကား ပြောကြားပြီး မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး (ဗဟို)အဖွဲ့ဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေထံမှ ပေးပို့သော သဝဏ်လွှာကို ပြည်နယ်မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီး ဗိုလ်မှူးကြီးမြင့်ဝေက ဖတ်ကြားသည်။

**ဆုများချီးမြှင့်**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ကာတွန်း၊ ပန်းချီ၊ ပိုစတာပြိုင်ပွဲ ဗဟိုအဆင့်၊ မူလတန်းအဆင့် (ပိုစတာ)ပြိုင်ပွဲ၌ ပထမဆု ရရှိသည့် မောင်ဝင်းထွန်းဦး၊ ဗဟိုအဆင့်၊ အလယ်တန်းအဆင့်(ပန်းချီ) ပြိုင်ပွဲ၌ တတိယဆုရရှိသည့် မပြည့်စုံခိုင်၊ ဗဟိုအဆင့်၊ အထက်တန်းအဆင့် (ပိုစတာ)ပြိုင်ပွဲ၌ တတိယဆုရရှိသည့် မဗျားမြာနှင့် ဗဟိုအဆင့်၊ အလွတ်တန်း အဆင့်(ကဗျာ)ပြိုင်ပွဲ၌ အထူးဆုရရှိခဲ့သည့် ဒေါ်သင်းသင်းလှိုင်တို့အား ဆုချီးမြှင့်ခဲ့ပြီး အလွတ်တန်းအဆင့်၊ အထက်တန်း၊ အလယ်တန်းနှင့် မူလတန်း အဆင့် ကာတွန်း၊ ပန်းချီ၊ ပိုစတာ၊ ဝတ္ထုတို၊ ဆောင်းပါးနှင့် ကဗျာပြိုင်ပွဲများတွင် ဆုရရှိခဲ့သူများကို တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့သည်။

**ကိုစိုင်း (လွိုင်ကော်)**





# ရန်ကုန်တိုင်းဒေသကြီး၌ ဖမ်းဆီးရမိ မူးယစ်ဆေးဝါးမီးရှို့ဖျက်ဆီးခြင်း အခမ်းအနားကျင်းပ

**ရန်ကုန် ဇွန် ၂၆**

(၃၂)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးခြင်း အခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်ရှိ ရန်ကုန်အနောက်ပိုင်း ကုန်တင်ယာဉ်ရပ်နားကွင်း၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးလှအေး၊ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်း၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ရန်ကုန်မြို့တော် ဒုတိယ မြို့တော်ဝန် ဦးစိုးလွင်၊ အမှတ်(၂)လုံခြုံရေး ရဲကွပ်ကဲမှုအဖွဲ့ ကွပ်ကဲရေးမှူး ရဲမှူးချုပ် တင်ကိုကို၊ တိုင်းဒေသကြီးမူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ အတွင်းရေးမှူး ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ် မျိုးမင်းထိုက်၊ အမေရိကန်သံရုံးမှ Mr. Gergory Naarden၊ ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံး UNODC မှ ကိုယ်စားလှယ် ဦးစန်းလွင်ဌေး၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ သတင်းမီဒီယာများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ပြီး ကျောင်းသား ကျောင်းသူများက ဘင်ခရာ တီးဝိုင်း၊ ပန်းဖွားအကများဖြင့် ဂုဏ်ပြုဖျော်ဖြေခဲ့ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ် မျိုးမင်းထိုက်က မူးယစ်ဆေးဝါး မီးရှို့ဖျက်ဆီးပွဲနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တက်ရောက်လာသည့် တာဝန်ရှိသူများနှင့် ဧည့်သည်တော်များက မီးရှို့ဖျက်ဆီးမည့် မူးယစ်ဆေးဝါးများကို လှည့်လည်ကြည့်ရှုသည်။ **(အပေါ်ပုံ)**

ယင်းနောက် ဖျက်ဆီးမည့် ကတ်တမင်းထိုးဆေးများကို အုတ်ကန်အတွင်းသို့ ပစ်ပေါက်ဖျက်ဆီး၍ လည်းကောင်း၊ မီးရှို့ဖျက်ဆီးမည့် မူးယစ်ဆေးဝါးများကို စက်ခလုတ်နှိပ်ကာ မီးရှို့၍ လည်းကောင်း ဖျက်ဆီးခဲ့ကြပြီး တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းက ဘင်ခရာနှင့် ပန်းဖွားအကအဖွဲ့များကို ဂုဏ်ပြုဆုငွေများချီးမြှင့်သည်။ အဆိုပါ အခမ်းအနားတွင် မီးရှို့ဖျက်ဆီးခဲ့သည့် မူးယစ်ဆေးဝါး ၂၂ မျိုး၏ တန်ဖိုးမှာ မြန်မာငွေကျပ် သန်းပေါင်း ၁၆၃၀၂၂ ဒသမ ၄၂၀၆ ခန့်ရှိကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**

# ရန္တပိုကျေးရွာမှ ပြည်သူများအား သွားနှင့် ခံတွင်း ကျန်းမာရေးစောင့်ရှောက်မှုများ အခမဲ့ ဆောင်ရွက်ပေး

**မြင်းခြံ ဇွန် ၂၆**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် ရန္တပိုကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံ ပြည်သူများအား သွားနှင့် ခံတွင်း ကျန်းမာရေးအခမဲ့စောင့်ရှောက်မှုများကို မြန်မာနိုင်ငံ သွားနှင့် ခံတွင်းဆရာဝန်များအသင်းနှင့် ခရိုင်ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ ဇွန် ၂၄ ရက်က ဆောင်ရွက်ပေးသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံ သွားနှင့် ခံတွင်း ကောင်စီ၊ မြန်မာနိုင်ငံ သွားနှင့် ခံတွင်း ဆရာဝန်အသင်း(မန္တလေးတိုင်းဒေသကြီးအသင်းခွဲ)နှင့် အပြည်ပြည်ဆိုင်ရာ သွားဘက်ဆိုင်ရာ ဆေးကောလိပ်အဖွဲ့ဝင် ဆရာဝန်များပူးပေါင်း၍ ရန္တပိုဟိုတယ်၌အခြေပြုပြီး ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခြင်းဖြစ်သည်။

အခမဲ့ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ရာတွင် ဒေသခံပြည်သူများ၏ သွားနှင့် ခံတွင်းရောဂါများကို စစ်ဆေးပေးခြင်း၊ သွားပေါက်ဖာပေးခြင်း၊ သွားနုတ်ပေးခြင်း၊ သွားစိုက်ပေးခြင်းနှင့် သွားဖုံးအံကပ်များ ပြုလုပ်ပေးခြင်းတို့အပြင် အသိပညာပေးဟောပြောခြင်း၊ သွားတိုက်ဆေးနှင့် သွားတိုက်တံများပေး၍ စနစ်ကျသော သွားတိုက်နည်းများပြသခြင်းတို့ကိုလည်း ဆောင်ရွက်ခဲ့သည်။

တိုင်းဒေသကြီး သွားနှင့်ခံတွင်း ဆရာဝန်အသင်း အတွင်းရေးမှူးဒေါက်တာသင်းနိုင်ဦးက ကျေးလက်နေပြည်သူများအတွက် သွားနှင့်ခံတွင်း ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် လာရောက်ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ လူနာများအား နောက်ဆုံးပေါ် ကုသနည်းပညာများ အသုံးပြု၍ ကုသပေးကြောင်း၊ သွားနုတ်ပေးခြင်း၊ သွားဖာပေးခြင်း၊ အံကပ်စိုက်ပေးခြင်းနှင့် သွားချိုးများ သန့်ရှင်းရေးလုပ်ပေးခြင်းတို့ကိုလည်း အခမဲ့ ပြုလုပ်ပေးကြောင်း၊ ယခုလို အခမဲ့ပြုလုပ်ပေးနိုင် ခြင်းမှာ အလှူရှင်များ၏ ပံ့ပိုးကူညီမှုများကြောင့် ဖြစ်ကြောင်း၊ ယခု ရန္တပိုတွင် လာရောက်ကုသပေးနိုင်ရန် ဟိုတယ်က နေထိုင်စားသောက်ရေးစီစဉ်ပေးကြောင်း၊ လိုအပ်သော ဆေးဝါးများကို သွား နှင့် ခံတွင်းဆိုင်ရာ ဆေးကုမ္ပဏီများက ကူညီပံ့ပိုးပေးကြောင်း၊ အသင်းအနေဖြင့် ကျေးလက်ဒေသများသို့ နှစ်လ တစ်ခါ အခမဲ့ကွင်းဆင်းကုသပေးနေကြောင်း ပြောကြားသည်။

သွားနှင့်ခံတွင်း ကျန်းမာရေးစောင့်ရှောက်မှု အခမဲ့ ဆောင်ရွက် ပေးရာသို့ ရန္တပိုကျေးရွာမှ ပြည်သူများအပြင် ကိုင်း၊ ဂင့်ဂဲ၊ ဥဒယ၊ ညောင်တို၊ ရွာသစ်၊ သိမ်တိုင်၊ တောပု၊ ကန်တော်နှင့် သရက်ကန် စသည့် ဒေသတွင်းကျေးရွာများမှ ပြည်သူများလည်း လာရောက်ပြသ ကုသမှုခံယူခဲ့ကြပြီး မြန်မာနိုင်ငံ သွားနှင့် ခံတွင်း ဆရာဝန်များအသင်းက ကျန်းမာရေးစောင့်ရှောက်မှုများကို ဇွန် ၂၄ နှင့် ၂၅ နှစ်ရက်က ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဇော်မင်းနိုင် (မြင်းခြံ)**



ပြည်သူတစ်ဦးအား သွားရောဂါကုသမှုများ ဆောင်ရွက်ပေးနေစဉ်။

# အမျိုးသမီးများ လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းခြင်း အခြေခံသင်တန်းဖွင့်

**ပျဉ်းမနား ဇွန် ၂၆**

လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ အသွင်ကူးပြောင်းလျက်ရှိရာတွင် လယ်ယာသုံးစက်ကိရိယာများ မောင်းနှင်ထိန်းသိမ်းမှုကို အမျိုးသားများသာမက အမျိုးသမီးများပါ တတ်ကျွမ်းစေရန် ရည်ရွယ်လျက် အမျိုးသမီးများအတွက် လယ်ယာသုံး စက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု အခြေခံသင်တန်း(ကောက်စိုက်စက်သင်တန်း)ကို ယမန်နေ့က ပျဉ်းမနားမြို့နယ် ပေါစံခေါကျေးရွာရှိ စိုက်ပျိုးရေးအသိပညာပေးစင်တာ၌ ဖွင့်လှစ်သည်။

အဆိုပါ သင်တန်းဖွင့်ပွဲတွင် နေပြည်တော် ကောင်စီဝင် ဦးအေးမောင်စိန်၊ စက်မှုလယ်ယာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးလှိုင်နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိုးအောင်တို့က အမှာစကား ပြောကြားကြပြီး စက်မှုလယ်ယာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခွန်အေးနိုင်က သင်တန်းအတွက် သင်ထောက်ကူပစ္စည်းများကို သင်တန်းသူ တစ်ဦးအား ပေးအပ်ခဲ့သည်။ သင်တန်းသို့သင်တန်းသူများ တက်ရောက်ကြပြီး သင်တန်းကာလမှာ ၁၂ ရက် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**မင်းမင်းလတ်(ရှုပဗေဒ)**



ကောက်စိုက်စက်များကို မောင်းနှင်ရန်ပြင်ဆင်နေသည့် သင်တန်းသူများ။

# ဘော်လခဲမြို့နယ်၌ ဘေးကင်းသောစားသောက်ကုန်များ ရောင်းချရေး ကွင်းဆင်းစစ်ဆေး

**ဘော်လခဲ ဇွန် ၂၆**

ကယားပြည်နယ် ဘော်လခဲမြို့မဈေး၌ ရောင်းချနေသော စားသောက်ကုန်များသည် ပြည်သူများအား ဘေးအန္တရာယ်မဖြစ်စေရေးအတွက် ရောင်းချနေသော စားသောက်ကုန်ပစ္စည်းများကို ဓာတ်ခွဲစစ်ဆေးခြင်းနှင့် ရက်လွန်စားသောက်ကုန်ပစ္စည်းများ မရောင်းချစေရန် ကွင်းဆင်းစစ်ဆေးခြင်းကို ပြည်နယ် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနက ယမန်နေ့က ဆောင်ရွက်ခဲ့သည်။



စားသောက်ကုန်များကို နမူနာဝယ်ယူပြီး ဓာတ်ခွဲခန်းယာဉ်ပေါ်၌ ဓာတ်ခွဲစစ်ဆေးနေစဉ်။

ပြည်နယ် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာစုစန္ဒီနှင်းနှင့် ဝန်ထမ်းများက မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးအာကာထွန်း၊ မြို့နယ်ရဲစခန်းမှူး ဒုရဲမှူးဝင်းမြင့်၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာအောင်နိုင်ထွန်းနှင့် မြို့နယ်စည်ပင် ဝန်ထမ်းများနှင့် ပူးပေါင်း၍ မြို့မဈေးအတွင်း ရောင်းချနေသော အစားအသောက် အရောင်းဆိုင်များမှ အသားတုံး၊ လက်ဖက်၊ ကွမ်းသီးစိတ်၊ ရှောက်သံပရာ၊ ရှာလကာရည်၊ ရေညှိလိပ်၊ ပင်လယ်စာအစုံနှင့် ငါးပိများကို နမူနာဝယ်ပြီး စားသုံးသူပြည်သူများအတွက် ဘေးကင်းခြင်းရှိမရှိကို ဓာတ်ခွဲခန်းယာဉ်ဖြင့် ဓာတ်ခွဲစစ်ဆေးခဲ့ခြင်းဖြစ်သည်။

ထို့အပြင် မြို့နယ်အတွင်းမှ ကုန်စုံဆိုင်များနှင့် မြို့မဈေး၌ ရောင်းချလျက်ရှိသော အစားအသောက်များကို ရက်မလွန်စေရန်လည်းကောင်း၊ အလှကုန်ပစ္စည်းများတွင် အန္တရာယ်ဖြစ်စေသော အလှကုန်များ မရောင်းချစေရန်လည်းကောင်း လိုက်လံစစ်ဆေးပြီး ဆိုင်ရှင်များအား အသိပညာပေးခဲ့ကြောင်း သိရသည်။

**ဖိုးရယ်(ဘော်လခဲ)**

# သာစည်မြို့နယ်မှ ပြန်လည်စွန့်လွှတ်မြေအတွက် (ပုံစံ -၇) များကို မူလပိုင်ရှင်တောင်သူများထံ ပေးအပ်

**သာစည် ဇွန် ၂၆**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်ရှိ ပြည်ညောင်စိုက်ပျိုးရေးခြံမှ ပြန်လည်စွန့်လွှတ်မြေ ၄၅ ဧကအတွက် ယာယီလုပ်ပိုင်ခွင့်(ပုံစံ-၇)များကို မြို့နယ်လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီက မူလပိုင်ရှင်တောင်သူများထံသို့ ဇွန် ၂၄ ရက်က ပြန်လည်ပေးအပ်ခဲ့သည်။

သာစည်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညှိခန်းမ၌ ကျင်းပခဲ့သည့် ယာယီလုပ်ပိုင်ခွင့်(ပုံစံ-၇)များ ပေးအပ်ပွဲတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်သီဟနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမိုးမြင့်သိန်းတို့က မူလမြေပိုင်ရှင် တောင်သူနှစ်ဦးထံသို့ ယာယီလုပ်ပိုင်ခွင့်(ပုံစံ-၇)များကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**ထွန်းထွန်း(သာစည်)**

# သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုသင်တန်း နေပြည်တော်၌ ဖွင့်လှစ်

**နေပြည်တော် ဇွန် ၂၆**

ပြည်သူများ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာများ တိုးမြင့်လာရေး၊ သဘာဝဘေးအန္တရာယ်များကြောင့် ထိခိုက်မှုများမှ ရှောင်ရှားနိုင်ပြီး ဘေးကင်းလုံခြုံသော လူနေမှုအသိုက်အဝန်း ဖြစ်ပေါ်လာစေရေးနှင့် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုလုပ်ငန်းများတွင် ပြည်သူများကိုယ်တိုင် ထိထိရောက်ရောက် ပူးပေါင်းပါဝင် ဆောင်ရွက်နိုင်ရေး ရည်ရွယ်ချက်များဖြင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု သင်တန်း အမှတ်စဉ်(၂/၂၀၁၉)ကို နေပြည်တော် ဒက္ခိဏခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန ခန်းမ၌ ယမန်နေ့က ဖွင့်လှစ်ခဲ့သည်။

သင်တန်းတွင် နေပြည်တော် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာနမှူး ဦးကျော်ကျော်ထွန်းက သင်တန်းဖွင့်လှစ်သည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ဇမ္ဗူသီရိမြို့နယ်အုပ်ချုပ်ရေးမှူး ဦးပြည့်ဖြိုးငြိမ်းက သဘာဝဘေးအန္တရာယ်များသည် ကြိုတင်ခန့်မှန်း၍ မရသည့်အတွက် ဘေးအန္တရာယ်မဖြစ်မီ ကြိုတင်ပြင်ဆင်ခြင်းနှင့် ကြိုတင်ကာကွယ်ခြင်း လုပ်ငန်းများကို သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ပြည်သူများ ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်ထားရမည်ဖြစ်ကြောင်း၊ သင်တန်းမှရရှိသည့် အသိပညာ၊ ဗဟုသုတ၊ အတွေ့အကြုံများကို မိမိတို့မြို့နယ်များမှ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု လုပ်ငန်းများတွင် ပြန်လည်အသုံးချ၍ မိမိနှင့်တကွ ပတ်ဝန်းကျင်ဒေသကို သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်မှုများမှ ကာကွယ်စောင့်ရှောက်နိုင်အောင် ကြိုးစားရမည်ဖြစ်ကြောင်း သင်တန်းသားများအား တိုက်တွန်းပြောကြားသည်။

အဆိုပါသင်တန်းသို့ ဘေးအန္တရာယ်လျော့ပါးရေးဆိုင်ရာ လုပ်ငန်းများကို စိတ်ပါဝင်စားသူများ တက်ရောက်ကြပြီး သင်တန်းတွင် သဘာဝဘေးအန္တရာယ်ဆိုင်ရာဝေါဟာရနှင့် သဘောတရားများ၊ ရာသီဥတု ပြောင်းလဲလာခြင်းနှင့် ယင်း၏ အကျိုးသက်ရောက်မှုများ၊ အရေးပေါ်ဆက်သွယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်နည်းများ၊ မြန်မာနိုင်ငံတွင် ဖြစ်ပွားနိုင်သည့် သဘာဝဘေးအန္တရာယ်များအကြောင်း စသည်တို့ကို သင်တန်းကာလ သုံးရက်ကြာ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**ရွှေကုက္ကို**

# ဘက်စုံအဆင့်မြင့်နည်းပညာသုံး စံပြကျေးရွာမှ တောင်သူများအား မျိုးစေ့နှင့် သွင်းအားစုများ ထောက်ပံ့

**တာချီလိတ် ဇွန် ၂၆**

ရှမ်းပြည်နယ် တာချီလိတ်မြို့နယ်အတွင်းရှိ ဘက်စုံအဆင့်မြင့်နည်းပညာသုံး စံပြကျေးရွာမှ တောင်သူများအတွက် ကော်ဖီမျိုးစေ့များ၊ စပါးမျိုးစေ့များနှင့် သွင်းအားစုများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဇွန် ၂၄ ရက်က ထောက်ပံ့ပေးအပ်ခဲ့သည်။

မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ကျင်းပသည့် သီးနှံမျိုးစေ့နှင့် သွင်းအားစုများ ထောက်ပံ့ပွဲတွင် ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ မျိုးစေ့တာဝန်ခံ ဦးအေးကိုက မျိုးသန့်မျိုးပွား စိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာများနှင့် လယ်ယာကဏ္ဍဖွံ့ဖြိုးပြီး တောင်သူများ၏ လူနေမှုဘဝ မြင့်မားလာစေရေးအတွက် စိုက်ပျိုးရေးတွင် လိုက်နာရမည့်အချက်များကို ရှင်းလင်းပြောကြားကာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဦးစိုင်းခင်ဇော်လတ်က မျိုးစေ့များနှင့် သွင်းအားစုများဖြစ်သည့် ပိုးသတ်ဆေးအမျိုးမျိုးနှင့် ဓာတ်မြေဩဇာများ ပေးအပ်သည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဘက်စုံအဆင့်မြင့်နည်းပညာသုံး စံပြကျေးရွာရှိ တောင်သူများ၏ စိုက်ဧက ၁၅၀ အတွက် ဆင်းရေကြီး-၃ မျိုးသန့်စပါးမျိုးစေ့ တင်း ၁၅၀ နှင့် ကော်ဖီမျိုးစေ့များ၊ ပိုးမွှားရောဂါ ကာကွယ်ဆေးများ၊ ဓာတ်မြေဩဇာများကို ဌာနဆိုင်ရာတာဝန်ရှိသူများက ပေးအပ်ခဲ့ပြီး စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များလည်း ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ဖြိုးလေး (ပြန်/ဆက်)**

# ရာသီတုပ်ကွေးနှင့် ကာကွယ်ဆေး

## ဒေါက်တာစောဝင်း(ကလေးကျန်းမာရေး)

**မေး။ ။အခုတလော ရာသီတုပ်ကွေးရောဂါ $A(H_1N_1)$နဲ့ ပတ်သက်လို့ ဖြစ်ပွားတာတွေရော၊ သေဆုံးတာတွေရော ကြားနေရပါတယ်ဆရာ။ ကာကွယ်ဆေးတွေလည်း ဈေးတွေတက်၊ ဈေးကွက်မှာလည်း ပြတ်လပ်သွားတာရှိတယ်လို့ သိရပါတယ်။ ဒီရောဂါက ကာကွယ်ဆေးနဲ့ ကာကွယ်လို့ရပါသလား ဆရာ။**

ဖြေ။ ။ကာကွယ်ဆေးနဲ့ ကာကွယ်လို့ရပါတယ်။ ဒါပေမယ့် ဒါကတစ်ခုတည်းသော နည်းလမ်းမဟုတ်သလို ၁၀၀ ရာခိုင်နှုန်း ပြီးပြည့်စုံတဲ့ နည်းလမ်းလည်း မဟုတ်ပါဘူး။

**မေး။ ။ဘယ်လောက်ထိ ကာကွယ်နိုင်သလဲ။**

ဖြေ။ ။ ဒီနှစ်၊ ဒီရာသီ၊ ဒီနေရာမှာဖြစ်တဲ့ တုပ်ကွေးမျိုးနဲ့ မျိုးကွဲတွေမှာဆိုရင် ကာကွယ်ဆေးက ၈၀ ရာခိုင်နှုန်းလောက် ကာကွယ်နိုင်ပါတယ်။ ဒီလိုဖြစ်ပွားနိုင်တဲ့ မျိုးကွဲကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက နှစ်စဉ် တစ်နှစ်နှစ်ကြိမ် ခန့်မှန်းပြီး ကာကွယ်ဆေးထုတ်လုပ်တဲ့ ကုမ္ပဏီတွေကို ထုတ်လုပ်စေတာပါ။ ဒါကြောင့် ကိုက်ညီတာများပါတယ်။

**မေး။ ။အခုလက်ရှိဈေးကွက်မှာရနေတဲ့ ကာကွယ်ဆေးက $A(H_1N_1)$ ကို ကာကွယ်ပေးပါသလား။**

ဖြေ။ ။ကာကွယ်ပေးပါတယ်။ ယခုလက်ရှိ မိုးရာသီမှာရနေတဲ့ ဆေးက ကမ္ဘာ့တောင်ဘက်ခြမ်း တုပ်ကွေးပိုးတွေအတွက် ခန့်မှန်း ထုတ်ထားတဲ့ဆေးပါ။ ဒီဆေးမှာ $A(H_1N_1)$ pdm 09-like - virus ပါပါတယ်။ ဒါကြောင့် ကာကွယ်ပေးနိုင်ပါတယ်။

**မေး။ ။တုပ်ကွေးကာကွယ်ဆေးမှာ သုံးမျိုးစပ်နဲ့ လေးမျိုးစပ်ဆိုပြီး ရှိတယ်လို့ သိရပါတယ်။ အဲဒါလေးလည်း ရှင်းပြပေးပါဦး။**

ဖြေ။ ။အဖြစ်များတဲ့ တုပ်ကွေးဗိုင်းရပ်အမျိုးအစား (A) (B) (C) တို့ ရှိပါတယ်။ (C) ကတော့ အရေးမကြီးလှလို့ ကာကွယ်ဆေး ထုတ်မထားပါဘူး။ အဆိုးဆုံးက (A) ပါ။ ဒါကြောင့် ဆေးတိုင်းမှာ A က မျိုးကွဲ နှစ်မျိုးပါပါတယ်။ B ကတော့ မျိုးကွဲတစ်မျိုး သို့မဟုတ် နှစ်မျိုးပါပါတယ်။ ဒါကြောင့် ဆေးတွေမှာ သုံးမျိုးပါ၊ လေးမျိုးပါဆိုပြီး ရှိနေတာပါ။ ဒါပေမယ့် သုံးမျိုးပါပဲဖြစ်ဖြစ်၊ လေးမျိုးပါပဲဖြစ်ဖြစ် အရေးကြီးတဲ့ (A) ကတော့ ပါနေပါတယ်။

**မေး။ ။ကမ္ဘာ့တောင်ခြမ်းအတွက် တုပ်ကွေးကာကွယ်ဆေးနဲ့ ကမ္ဘာ့မြောက်ခြမ်းအတွက် တုပ်ကွေးကာကွယ်ဆေးဆိုပြီး နှစ်မျိုးရှိတယ်လို့ သိရပါတယ်။ အဲဒါလည်း ရှင်းပြပေးပါဦး။**

ဖြေ။ ။ ဟုတ်ပါတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ကမ္ဘာတစ်ဝန်းမှာဖြစ်တဲ့ တုပ်ကွေးရောဂါအခြေအနေကို သုံးသပ်ပြီး နောက်နှစ်အတွက် တုပ်ကွေးကာကွယ်ဆေးတွေမှာ ပါသင့်တဲ့မျိုးကွဲတွေ သတ်မှတ်ပေးပါတယ်။ ကမ္ဘာ့တောင်ခြမ်းမှာဖြစ်တဲ့ သြစတြေးလျ၊ နယူးဇီလန်စတဲ့ နိုင်ငံတွေအတွက် ထုတ်တဲ့တုပ်ကွေးက မြန်မာပြည်ကို မေလလောက်မှာ ရောက်ပါတယ်။ မိုးတွင်းမှာပေါ့။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာလည်း မိုးတွင်းမှာ တုပ်ကွေးပိုးဖြစ်တော့ ကမ္ဘာ့တောင်ခြမ်း တုပ်ကွေးရောဂါပိုး ကာကွယ်ဆေးနဲ့ ပိုပြီးကိုက်ပါတယ်။ အမေရိကန်လို ကမ္ဘာ့မြောက်ခြမ်း နိုင်ငံတွေအတွက် ထုတ်တဲ့ ကာကွယ်ဆေးက မြန်မာပြည်ရဲ့ဆောင်းရာသီမှာ ရောက်ပါတယ်။ ဒါပေမယ့် အခုနှစ်တွေမှာတော့ ကမ္ဘာ့တောင်ခြမ်းရော၊ မြောက်ခြမ်းရောအတွက် ထုတ်တဲ့ကာကွယ်ဆေးတွေမှာ $A(H_1N_1)$ pdm 09-like-virus ကတော့ အမြဲပါပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့တော့ မိုးတွင်းမှာ လာထိုးတဲ့ လူတွေကို မိုးတွင်း ကာကွယ်ဆေး (တောင်ခြမ်း)၊ ဆောင်းတွင်းမှာ လာထိုးတဲ့ လူတွေကို (ကမ္ဘာ့မြောက်ခြမ်း) ကာကွယ်ဆေးထိုးပေးလိုက်တာပါပဲ။

**မေး။ ။တုပ်ကွေးကာကွယ်ဆေးက တစ်ခါထိုးရင် ဘယ်လောက်ခံသလဲ။**

ဖြေ။ ။တုပ်ကွေးရောဂါပိုးရဲ့ ပဋိပစ္စည်း (Antigen) တွေက အမြဲပြောင်းလဲနေပါတယ်။ ဒါကြောင့် ဒီနှစ်ထိုးထားပေမယ့် နောက်နှစ်ဗီဇမှာ ပြောင်းလဲသွားတဲ့ တုပ်ကွေးပိုးကို ခံနိုင်ရည်မရှိပါဘူး။ ဒါကြောင့် တစ်နှစ်တစ်ကြိမ် ပြန်ထိုးရပါတယ်။

**မေး။ ။ဘယ်အသက်အရွယ်က စထိုးလို့ ရပါသလဲ။**

ဖြေ။ ။အသက် ခြောက်လကစပြီး ထိုးလို့ရပါတယ်။ အသက် ရှစ်နှစ်အောက် ကလေးတွေမှာ ဆိုရင်တော့ ပထမဆုံးထိုးတဲ့နှစ်မှာ တစ်လခြားပြီး နှစ်ကြိမ်ထိုးရပါတယ်။ နောက်နှစ်တွေမှာတော့ တစ်ကြိမ်ပဲ ထိုးဖို့လိုပါတယ်။ အသက်ရှစ်နှစ်အထက်ဆိုရင်တော့ စထိုးရင်လည်း တစ်ကြိမ်ပဲ လိုပါတယ်။

**မေး။ ။ကလေးဆေး၊ လူကြီးဆေးရှိတယ်လို့ ကြားရတယ်။ ဟုတ်ပါသလား ဆရာ။**

ဖြေ။ ။ဟုတ်ပါတယ်။ ဒါပေမယ့် ပမာဏသာ ကွာခြားတာပါ။ သုံးနှစ်အောက် ကလေးတွေအတွက် ကလေးဆေးက ၀ ဒသမ ၂၅ စီစီပဲပါပြီး သုံးနှစ်အထက်က စထိုးတဲ့ လူကြီးဆေးက ၀ ဒသမ ၅ စီစီပါပါတယ်။ ကလေးဆေးမရှိရင် လူကြီးဆေးနဲ့ တစ်ဝက်ထိုးပေးရပါတယ်။

**မေး။ ။ဘယ်သူတွေကို ဦးစားပေးထိုးသင့်သလဲ။**

ဖြေ။ ။လူတိုင်း၊ အရွယ်တိုင်း ထိုးထားရင်တော့ ကောင်းပါတယ်။ ဦးစားပေးသင့်တာကတော့ တုပ်ကွေးရောဂါဖြစ်ပြီး နောက်ဆက်တွဲဆိုးကျိုးတွေနဲ့ ဒုက္ခရောက်နိုင်တဲ့သူတွေပါ။ အဲဒါတွေကတော့ ငါးနှစ်အောက်ကလေး၊ ၆၅ နှစ်အထက် လူကြီး၊ နောက်နဂိုကတည်းက ကျန်းမာရေးမကောင်းတဲ့ ဥပမာ နာတာရှည် နှလုံးရောဂါ၊ အဆုတ်ရောဂါ၊ သွေးအားနည်းရောဂါ၊ ဆီးချို၊ သွေးတိုး စတာတွေ ရှိတာနဲ့ ကိုယ်ဝန်ဆောင်မိခင်တွေပါ။



**မေး။ ။ကျန်းမာရေးဝန်ထမ်းတွေ အကုန်ထိုးထားသင့်တယ်ဆိုတာ ဟုတ်ပါ သလား။**

ဖြေ။ ။ဟုတ်ပါတယ်။ လူနာနဲ့ ထိတွေ့နေတဲ့ ကျန်းမာရေးဝန်ထမ်းတွေ၊ ဆေးကျောင်းသား ကျောင်းသူတွေ၊ သူနာပြုသင်တန်းသားတွေ စသည်တို့ဟာ ရောဂါအလွယ်တကူ ကူးစက်နိုင်ပါတယ်။ တစ်ခါသူတို့မှာ ရောဂါပိုးရှိရင် သူတို့ကုသနေတဲ့၊ နဂိုကတည်းက ကျန်းမာရေးချို့တဲ့နေတဲ့ လူနာတွေကို ကူးစက်သွားရင် သာမန်လူတွေထက်ပိုမိုဆိုးတဲ့ အကျိုးဆက်တွေရမှာပါ။ ဒါကြောင့် မဖြစ်မနေ ထိုးသင့်တာပါ။

**မေး။ ။ ကိုယ်ဝန်ဆောင်နေစဉ် ဒီဆေးထိုးရင် အန္တရာယ်ကင်းရဲ့လား။**

ဖြေ။ ။ ကိုယ်ဝန်နဲ့ဘယ်အစိတ်အပိုင်းကာလမဆို ဒီဆေးကို အန္တရာယ်ကင်းကင်းထိုးနိုင်ပါတယ်။

**မေး။ ။ ဒီဆေးက အန္တရာယ်ကင်းရဲ့လား။**

ဖြေ။ ။ အန္တရာယ်ကင်းပါတယ်။ မလိုလားအပ်တဲ့ အာနိသင်အနေနဲ့ ထိုးတဲ့နေရာမှာ နာခြင်း၊ အနည်းငယ်ဖျားခြင်း၊ တုပ်ကွေးအပျော့စားဖြစ်ခြင်းတွေဖြစ်နိုင်ပါတယ်။ အခြားကြီးမားတဲ့၊ မလိုလားအပ်တဲ့ အာနိသင်ကတော့ မရှိသလောက်ပါပဲ။

**မေး။ ။ အမျိုးသားကာကွယ်ဆေးထိုးစီမံချက်များ ပါသလား ဆရာ။**

ဖြေ။ ။ မပါသေးပါဘူး။ နိုင်ငံတော်အနေနဲ့ တစ်နှစ်တစ်ခါ ပြန်ထိုးပေးနိုင်လောက်တဲ့ ကုန်ကျစရိတ်ကိုမတတ်နိုင်သေးပါဘူး။ အခါအားလျော်စွာ-ဥပမာ ကပ်ရောဂါဖြစ်တဲ့အချိန်မှာ တချို့အုပ်စု(ဥပမာ-ကျန်းမာရေးဝန်ထမ်းတွေ)ကို ထိုးပေးတာမျိုး ရှိနိုင်ပါတယ်။ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့တော့ မဖြစ်နိုင်ပါဘူး။

**မေး။ ။ ပြင်ပမှာထိုးရင် ဘယ်လောက်လောက် ကုန်ကျပါသလဲ။**

ဖြေ။ ။ ကုမ္ပဏီတစ်ခုနဲ့တစ်ခု ဈေးကွာခြားမှုရှိပါတယ်။ **ဒီနှစ် မေလစတင် ထိုးတုန်းကတော့** ဆေးဖိုးကတော့ ၁၅၀၀၀ နဲ့ ၂၀၀၀၀ ကြားမှာ ရှိပါတယ်။ အခုတော့ ဈေးတက်တယ်ကြားပါတယ်။ မကြာခင်မှာ ပြန်ဝင်လာရင် ဈေးကျသွားမှာပါ။

**မေး။ ။ နိုင်ငံခြားကို အပြေးအလွှားသွားထိုးဖို့လိုသလား ဆရာ။**

ဖြေ။ ။ အဲဒီလိုလည်းမလိုပါဘူး။ တုပ်ကွေးက နှစ်စဉ်အနည်းနဲ့အများဖြစ်နေတာပါ။ လူတိုင်းမှာလည်း မပြင်းထန်ပါဘူး။ အခုစောင့်ကြပ်ကြည့်ရှု သတိပြုနေလို့သိရတာပါ။ တချို့ကျန်းမာသန်စွမ်းတဲ့လူတွေမှာ ရောဂါပိုးဝင်သွားပြီး လက္ခဏာမပြတာတောင်ရှိပါတယ်။ တချို့လည်း သာမန်အာဂန္တု/ဖျားတာလောက်နဲ့ပြီးသွားနိုင်ပါတယ်။

**မေး။ ။ ဘယ်လိုနှစ်တွေမှာ ပြင်းထန်လေ့ရှိသလဲ။**

ဖြေ။ ။ တုပ်ကွေးဗိုင်းရပ်ပိုးရဲ့ ဗီဇပြောင်းလဲမှု အကြီးအကျယ်ဖြစ်ခြင်း (Antigenic Shift) ဖြစ်ရင်တော့ လူတွေမှာ ခံနိုင်ရည်မရှိလို့ ပြင်းပြင်းထန်ထန်ဖြစ်တတ်ပါတယ်။ အဲဒါ ၂၀၀၉ ခုနှစ်က ဖြစ်ခဲ့ပါတယ်။ ကမ္ဘာတစ်ဝန်းလုံး ကပ်ရောဂါလို ဖြစ်ပွားခဲ့ပါတယ်။ ဒါကြောင့်လည်း ဒီပိုးရဲ့နာမည်မှာ $A(H_1N_1)$-pdm 09 လို့ပါတာပါ။ pdm ဆိုတာ Pandevice (ကမ္ဘာ့ကပ်ရောဂါ) လို့ဆိုတာပါ။ သာမန်ဗီဇပြောင်းလဲမှု (Antigenic drift)လောက်ပဲ ဖြစ်ရင်တော့ ထူးထူးခြားခြား ပြင်းထန်ဆိုးရွားမှုမရှိပါဘူး။ ဒီနှစ် ၂၀၁၉ မှာ ယခုအချိန်အထိ ထူးထူးခြားခြား ပြင်းထန်ဆိုးရွားတာ မရှိသေး ပါဘူး။

**မေး။ ။ ကာကွယ်ဆေးထိုးထားရင် ပြီးပြည့်စုံပြီလား ဆရာ။**

ဖြေ။ ။ မဟုတ်ပါဘူး။ ကာကွယ်ဆေးမှာပါတဲ့ ရောဂါပိုးနဲ့ ဒီဒေသဒီနေရာမှာဖြစ်တဲ့ ပိုးကိုက်ရင် ၈၀ ရာခိုင်နှုန်းကာကွယ်နိုင်ပါတယ်။ ၂၀ ရာခိုင်နှုန်းဖြစ်နိုင်ပါသေးတယ်။ တခြားထိရောက်တဲ့၊ ဈေးလည်းသက်သာတဲ့ကာကွယ်မှုတွေကို မဖြစ်မနေလုပ်ရမှာပါ။

**မေး။ ။ အဲဒီကာကွယ်မှုတွေက ဘာတွေလဲ ဆရာ။**

ဖြေ။ ။ ဒါကတော့ မီဒီယာတွေမှာ ရေးသားဖော်ပြပြီးပါပြီ။ လက်မကြာခဏဆေးပါ။ လူစုလူဝေးများတဲ့နေရာကိုဖြစ်နိုင်ရင် ရှောင်ကြဉ်ပါ။ အိပ်ရေးဝအောင် အိပ်ပါ။ အာဟာရပြည့်အောင်စားပါ။ ရေများများသောက်ပါ။ နှာခေါင်းအုပ်ကလည်း အတော်အသင့်အသုံးဝင်ပါတယ်။ လူနာနဲ့လက်တစ်ကမ်းအကွာမှာ နေပါ။ လူနာအနေနဲ့လည်း ချောင်းဆိုး၊ နှာချေရင် လက်ကိုင်ပဝါအုပ်ဆိုးတာ၊ နှာခေါင်းပါးစပ်စည်းတပ်တာတွေလည်း လုပ်သင့်ပါတယ်။

**မေး။ ။ တခြားရောဘာအကြံပြုချင်သေးသလဲ ဆရာ။**

ဖြေ။ ။ တချို့နိုင်ငံတွေ(ဥပမာ-အိမ်နီးချင်းထိုင်းနိုင်ငံ) မှာဆိုရင် စက်ရုံ၊ အလုပ်ရုံပိုင်ရှင်တွေက အကုန်အကျခံပြီး အလုပ်သမားတွေအားလုံးကို ထိုးပေးတာရှိတယ်လို့ သိရပါတယ်။ ဘာလို့လဲဆိုရင် အဲဒီအတွက်ကုန်ကျတဲ့စရိတ်က သူ့ဝန်ထမ်းတွေ တုပ်ကွေးဝင်ပြီး ဖျားနာအလုပ်ပျက်တဲ့ ကုန်ကျစရိတ်ထက် ပိုပြီးသက်သာလို့ပါ။ အဲဒီလိုပဲ တချို့ပုဂ္ဂလိကကျောင်းတွေမှာ ဆရာ ဆရာမတွေက မိဘတွေရဲ့သဘောတူညီချက်နဲ့ ကျောင်းသားတွေကို အစုလိုက်ထိုးပေးတာရှိပါတယ်။

မေး။ ။ အခုလို ပြည့်ပြည့်စုံစုံသိရလို့ ကျေးဇူးတင်ပါတယ် ဆရာ။

ဖြေ။ ။ အခုအချိန်မှာ လူအများသိချင်နေတဲ့ ဒီရာသီတုပ်ကွေးကာကွယ်ဆေးအကြောင်း ပြောပြခွင့်ရလို့ ကျွန်တော်ကလည်း ဝမ်းသာပါတယ်ဗျာ။ ။

---

## ရန်ကင်းမြို့နယ်၌ ရာသီတုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေး

**ရန်ကင်း ဇွန် ၂၆** - မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ရာသီတုပ်ကွေးရောဂါ $A(H_1N_1)$ ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ယမန်နေ့က ရန်ကုန်အရှေ့ပိုင်းခရိုင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဇင်မာအောင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းမောင်မောင်တို့က အမှာစကားပြောကြားခဲ့သည်။

ဒုတိယမြို့နယ်ကျန်းမာရေးမှူးက ရာသီတုပ်ကွေး၏ ရောဂါလက္ခဏာများမှာ ချောင်းဆိုးခြင်း၊ အဖျားတက်ခြင်း၊ လည်ချောင်းနာခြင်း၊ နှာရည်ယိုခြင်း၊ ကိုယ်လက်ညောင်းညာကိုက်ခဲခြင်း၊ ခေါင်းကိုက်ခြင်း၊ ချမ်းတုန်ခြင်း၊ မောပန်းခြင်းတို့သာမက ယင်းထက်ပိုမိုပြင်းထန်ပါက နမိုးနီးယားကဲ့သို့သော အဆုတ်ကူးစက်ရောဂါများကိုပင်ဖြစ်ပွားစေနိုင်ကြောင်း၊ ရိုးရိုးတုပ်ကွေးနှင့် $H_1N_1$ တုပ်ကွေးရောဂါလက္ခဏာများသည် တူညီသဖြင့် ဓာတ်ခွဲခန်းများတွင် စစ်ဆေးမှသာ သိရှိနိုင်ကြောင်း၊ ကာကွယ်ခြင်းသည် ကုသခြင်းထက် ပိုမိုထိရောက်သဖြင့် လူထူထပ်သောနေရာများကို ရှောင်ကြဉ်ကြရန်၊ လက်ကို ဆပ်ပြာဖြင့် မကြာခဏဆေးကြောပေးရန်၊ မျက်လုံး၊ နှာခေါင်းနှင့် ပါးစပ်တို့ကို လက်ဖြင့်မကြာခဏ မကိုင်တွယ်ရန်၊ နှာချေချောင်းဆိုးပါက လက်ကိုင်ပဝါ(သို့) လုံခြုံစွာဖုံးအုပ်နိုင်မည့်အရာများဖြင့် ကာထားပေးရန်၊ လေဝင်လေထွက်ကောင်းသောနေရာများတွင် နေထိုင်ရန်၊ အာဟာရပြည့်ဝစွာစားသောက်၍ ပြည့်ပြည့်ဝဝအနားယူကြရန် စသည်တို့ကို အသိပညာပေးဟောပြောခဲ့သည်။

လင်းလင်းထွန်း

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 69W/13467 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃/မာန်ပြေ၊ မြေကွက်အမှတ်-၂၁၄၊ မြေဧရိယာ ၂၄၀၀ စတုရန်းပေ၊ အတိုင်းအတာ(ပေ) ၄၀'×၆၀'၊ မြေကွက်တည်နေရာအမှတ်-၂၁၄၊ သုမနလမ်း၊ ၃/မာန်ပြေရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးကျော်မင်း ၁၂/သကတ(နိုင်)၀၁၅၀၁၇ အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ကိုယ်တိုင်မှ ဦးကျော်မင်း အမည်ပေါက် နှစ်(၆၀) ဂရန်မူရင်းတင်ပြ၍ ဘဏ်ချေးရန် မြေပုံကူးလျှောက်ထားလာရာ မြေစာရင်းမှတ်ချက်ရှိ ၂၀၁၄ ခုနှစ်တွင် ဦးကျော်မင်းမှ ဘဏ်ချေးမြေပုံကူးယူခဲ့ခြင်းနှင့်ပတ်သက်၍ ယင်းမြေပုံမြေရာဇဝင်မူရင်းမှာ မည်သည့်ဘဏ်၊ မည်သည့်အဖွဲ့အစည်းများထံတွင်မှ ဘဏ်ငွေချေးယူခြင်းမရှိဘဲ အထားအသိုမှားယွင်းကာ ပျောက်ဆုံးသွားခဲ့ပါကြောင်း၊ မြေငှားဂရန်မူရင်းမှာ ၎င်းလက်ဝယ်ရှိပါကြောင်း၊ အဆိုပါ မြေကွက်နှင့် ဘဏ်ချေး မြေပုံမြေရာဇဝင်မူရင်းအား အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှ ရောင်းချထားခြင်း၊ ပေါင်နှံထားခြင်း၊ ပေးကမ်းထားခြင်း၊ စွန့်လွှတ်ထားခြင်း၊ လှူဒါန်းထားခြင်း၊ အာမခံအဖြစ်တင်သွင်းထားခြင်းတို့ လုံးဝမရှိကြောင်း၊ အရှုပ်အရှင်း ပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်လာပါက တာဝန်ယူဖြေရှင်းပေးမည်ဖြစ်ကြောင်း ၅-၆-၂၀၁၉ ရက်စွဲပါ ကျမ်းကျိန်လွှာဖြင့် တင်ပြလာသဖြင့် တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၃၊ မြေကွက်အမှတ်-၁၄၅၃၊ မြေကွက်တည်နေရာအမှတ် (၁၄၅၃)၊ စေတနာလမ်း၊ ၄၃ ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဗိုလ်မှူးကြီး ကျော်ဦးလွင် ၁၂/ဒဂန(နိုင်)၀၁၂၀၃၆ အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဗိုလ်မှူးကြီးကျော်ဦးလွင်ဖြစ်ပြီး ယခုအခါ ဗိုလ်မှူးချုပ်ကျော်ဦးလွင်ထံမှ အထူးကိုယ်စားလှယ်လွှဲစာ အမှတ်(၁၅၈၅၉/၂-၉-၁၃) ဖြင့်လွှဲအပ်ခြင်းခံရသူ SP ဦးမြင့်သောင်း ၉/မဟမ (နိုင်)၀၀၀၀၁၂မှ ဂရန်မူရင်း၊ နိုင်ကတ်၊ ပါ၀ါမူရင်း၊ ပါ၀ါမရုပ်သိမ်းသေးကြောင်း မင်္ဂလာတောင်ညွန့်မြို့နယ် တရားရုံး ကျမ်းကျိန်ဆိုသူအရာရှိရှေ့တွင် ပြုလုပ်ထားသည့် ၃-၄-၂၀၁၉ ရက်စွဲပါ ကျမ်းကျိန်လွှာအမှတ်စဉ် (၄/၃၄၆)တို့ တင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ၂၈-၂-၂၀၁၈ရက်တွင် ထုတ်ယူခဲ့သော မြေပုံမူရင်း(၁)ရွက်နှင့်မြေရာဇဝင်(မူရင်း)တစ်ရွက်တို့အား ဌာနသို့ ပြန်လည်အပ်နှံခဲ့သော်လည်း မြေပုံမူရင်းတစ်ရွက်မှာ မိမိ၏လက်ဝယ်တွင် ပျောက်ဆုံးသွားသည်မှာ မှန်ကန်ကြောင်း မင်္ဂလာတောင်ညွန့်မြို့နယ် တရားရုံးကျမ်းကျိန်ဆိုသူ အရာရှိရှေ့တွင် ပြုလုပ်ထားသည့် ၁၃-၃-၂၀၁၉ရက်စွဲပါ ကျမ်းကျိန်လွှာအမှတ်စဉ် (၃/၁၀၆၅)တို့ ပူးတွဲ၍ ၃-၄-၁၉ ရက်စွဲပါစာဖြင့် ဦးမြင့်သောင်းမှ အရှုပ်အရှင်းတစ်စုံတစ်ရာ ပေါ်ပေါက်လာပါက တာဝန်ယူဖြေရှင်းပေးမည်ဖြစ်ကြောင်း ဝန်ခံကတိပြု တင်ပြလာပါသဖြင့် SPဦးမြင့်သောင်း ၉/မဟမ (နိုင်)၀၀၀၀၁၂ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ**




## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် 9J/2513 Toyota Hiace ယာဉ်လက်ဝယ်ရှိသူ ဦးမိုးဇော် ၉/အမရ(နိုင်)၀၉၉၃၉၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံးခွဲ၊ အောင်ပန်း**

## ဖခင်အမည်မှန်

ဖားဆောင်းမြို့နယ်၊ အထက(ခွဲ)၊ လိုခါးလိုကျောင်း တက္ကသိုလ်ဝင်တန်းမှ မောင်စောထီးဝါးခူ၏ ဖခင်အမည်မှန်မှာ ဦးချားထယ်ဘဲ ၂/ဖဆန(နိုင်)၀၀၅၈၉၃ ဖြစ်ပါကြောင်း။

**ဦးချားထယ်ဘဲ**

## မွေးသက္ကရာဇ်အမှန်

လှိုင်ကော်မြို့ လှိုင်ကော်တက္ကသိုလ်မှ တာဝန်ထမ်းဆောင်နေသော ဒေါ်လေတီးရှာ၏ မွေးသက္ကရာဇ် အမှန်မှာ ၁၆-၄-၁၉၇၆ ဖြစ်ပါကြောင်း။

**ဒေါ်လေတီးရှာ**

## မိဘအမည်မှန်

လှိုင်ကော်မြို့၊ အထက (၁) တက္ကသိုလ်ဝင်တန်းမှ မသန်းမြင့်ဝေနှင့် နဝမတန်းမှ မစုဇာနွေတို့၏ မိဘအမည်မှန်မှာ ဦးမောင်ထွန်း ၁၃/ဖခန(နိုင်)၀၂၄၉၄၀နှင့် ဒေါ်ရင်ရင်ထွေး ၁၃/ဖခန(နိုင်)၀၂၄၈၄၆ တို့ ဖြစ်ပါကြောင်း။

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် EE-2094 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မအူပင်)၊ မအူပင်**

## ဖခင်အမည်မှန်

လှိုင်ကော်မြို့၊ အထက(ခွဲ) ထေးငှါးလျား၊ Grade-6 မှ မစေးစေးဦးနှင့် Grade-8 မှ မဆော်မြာထူးထူးအေးတို့၏ ဖခင်အမည်မှန်မှာ ဦးလှအောင် ၂/ဒမဆ(နိုင်)၀၃၀၇၆၇ ဖြစ်ပါကြောင်း။

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4H/4032 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့**

## ဖခင်အမည်မှန်

တောင်ကြီးမြို့၊ အထက(၂)၊ တက္ကသိုလ်ဝင်တန်း(G)မှ ခွန်မိုးသီး၏ ဖခင်အမည်မှန်မှာ ဦးမျှင် ၁၃/တကန(နိုင်)၂၄၂၂၉၀ ဖြစ်ပါကြောင်း။ **ဦးမျှင်**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂၊ မြေကွက်အမှတ် ၈၄၆/က၊ မြေကွက်တည်နေရာအမှတ် (၈၄၆/က)၊ မင်္ဂလာလမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပ (ဒေါ်စန်းမြင့် ၁၂/ဥကတ(နိုင်)၀၃၀၇၀၉) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်စန်းမြင့် ၁၂/ဥကတ(နိုင်)၀၃၀၇၀၉သည် ၉-၂-၂၀၀၁ ရက်တွင်လည်းကောင်း၊ (ခင်ပွန်း) ဦးဟုတ်ကြည်သည် ၁-၁-၁၉၇၇ ရက်တွင်လည်းကောင်း အသီးသီးကွယ်လွန်သဖြင့် ဦးအေးကို ၁၂/ဥကတ(နိုင်)၁၁၃၁၀၀၊ ဒေါ်စိုးစိုးဝါ ၁၂/ဥကတ(နိုင်)၁၁၂၇၉၀၊ ဒေါ်ဖြိုးဖြိုး ၁၂/ဥကတ(နိုင်)၁၁၂၇၇၃၊ ဒေါ်အေးအေးမွန် ၁၂/ဥကတ(နိုင်)၁၁၃၀၉၄၊ ဦးမျိုးခိုင် ၁၂/ဥကတ(နိုင်)၁၁၅၅၆၆၊ ဦးနေလင်းဇော် ၁၂/ဥကတ(နိုင်)၁၄၆၃၄၆ တို့မှ သားသမီးများတော်စပ်ကြောင်း မင်္ဂလာတောင်ညွန့်မြို့နယ် တရားရုံးတွင် ကျိန်ဆိုသော ကျမ်းကျိန်လွှာအမှတ်-၃/၄၁၉(၆-၃-၂၀၁၉)၊ သေစာရင်းများနှင့် ဒေါ်စန်းမြင့်အမည်ပေါက် ဂရန်မူရင်းတို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာသဖြင့် ကွင်းဆင်းစစ်ဆေးရာ မြေပြင်တွင်နှစ်ထပ်တိုက်(၁)လုံးရှိပြီး လျှောက်ထားသူ (၆)ဦးလုံးနေထိုင်ကြောင်း စိစစ်တွေ့ရှိရသဖြင့် အဆိုပါ လျှောက်ထားမှုအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက် အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဖခင်အမည်မှန်

မိုးမိတ်မြို့နယ်၊ အထက (မိုးမိတ်)၊ တက္ကသိုလ်ဝင်တန်း(က)မှ မယမင်းခင်ခင်နှင့် အမက(၂)၊ တတိယတန်းမှ မောင်အောင်အောင်ပိုင်တို့၏ ဖခင်အမည်မှန်မှာ ဦးညီညီ ၉/သပက(နိုင်)၀၃၈၁၂၂ ဖြစ်ပါကြောင်း။

## အမည်ပြောင်း

တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ အကွက်ကြီး(၁၇)၊ ရပ်ကွက်(၄)၊ အိမ်အမှတ်(၁)နေ ဦးဆီထန်း၏သမီး မယောဟန်နားထန်အား မယောဟန်နားဆိုင်ဟိန်ထန်ဟု ပြောင်းလဲခေါ်ပါရန်။

## ဖခင်အမည်မှန်

မိုးမိတ်မြို့နယ်၊ အမှတ်(၃၅)၊ အလက(ဝဲပေါင်း)၊ စတုတ္ထတန်းမှ မောင်ဇင်မျိုးထက်၏ ဖခင်အမည်မှန်မှာ ဦးထွန်းထွန်း ၁၃/မမတ(နိုင်)၀၃၈၈၉၁ဖြစ်ပါကြောင်း။**ဦးထွန်းထွန်း**

## ဖခင်အမည်မှန်

လှိုင်ကော်မြို့၊ အထက (၁) တက္ကသိုလ်ဝင်တန်းမှ မောင်ကျော်လင်းဦး၏ ဖခင်အမည်မှန်မှာ ဦးဌေးရယ် ၂/လကန(နိုင်)၀၀၃၇၈၇ ဖြစ်ပါကြောင်း။ **ဦးဌေးရယ်**

## အမည်ပြောင်း

ဦးဆီထန်း၏သား တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ အထက (၁)၊ ဆဋ္ဌမတန်း(ခ)မှ မောင်ရှော လုမှန်ဘွေရားထန်အား မောင်ဆော်လမွှန်ဘွေရားထန်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ဆော်လမွှန်ဘွေရားထန်**

## အမည်ပြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ILMC ကိုယ်ပိုင်ကျောင်း စတုတ္ထတန်း(A)မှ ဦးတင်ဌေးအောင်၏သား မောင်သူရိန်ထွန်းအား မောင်ရဲလင်းသန့်ဟု ပြောင်းလဲခေါ်ပါရန်။

## တစ်ဦးတည်းဖြစ်ပါကြောင်း

လှိုင်လင်မြို့၊ ခရိုင်ပညာရေးမှူးရုံးမှ ဝန်ထမ်း(စာရေးအဆင့်-၂)၊ ဒေါ်နန်းဝင်းဥမ္မာဖေ(ခ) ဒေါ်ဝင်းဥမ္မာဖေ ၁၃/လလန(နိုင်)၀၀၀၀၁၇မှာ တစ်ဦးတည်းဖြစ်ပြီး မွေးသက္ကရာဇ် အမှန်မှာ ၁၄-၅-၁၉၇၂ ဖြစ်ပါကြောင်း။

## ဖောင်းကြွ ပျောက်ဆုံးကြောင်း

ယာဉ်အမှတ် 1H/4610 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့**

## (၂)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း

### ဦးသီဟလွင်(ခ)ကိုဆူပါ (Ko Super) LL.B,LL.M,D.B.L,P.G.D.E

### ဒုတိယမြို့နယ်တရားသူကြီး (တ/၃၁၅၁)၊ ဝေါမြို့၊ ပဲခူးတိုင်းဒေသကြီး

သားကြီးရေ ၂၇-၆-၂၀၁၉ရက်မှာ ကွယ်လွန်တာ (၂)နှစ်ပြည့်ခဲ့ပြန်ပြီ။ မန္တလေးမြို့၊ ၃၀×၃၁လမ်းကြား၊ ၇၇လမ်း၊ ရွှေဘုံသာဘုရားပရိဝုဏ်မှာ ကဋ္ဌနဓိမာန စေတီတော်ကြီးတည်ဆောက်လှူဒါန်းနေပါတယ်။ သားကြီးကွယ်လွန်ကတည်းက သားကြီးနာမည်နဲ့ သီဟဖောင်ဒေးရှင်း တည်ထောင်ထားခဲ့တယ်။ သားကွယ်လွန်တဲ့ (၂)နှစ်ပြည့်အမှတ်တရနေ့အတွက် အမရပူရမြို့၊ မဟာဂန္ဓာရုံကျောင်းတိုက်က သံဃာတော်တွေကို ဆွမ်း၊ ဝါဆိုသင်္ကန်း၊ ထီး၊ ဖိနပ်၊ နဝကမ္မဝတ္ထုငွေများကပ်လှူပူဇော်ခဲ့ပါတယ်။ ဆင်းရဲနွမ်းပါးတဲ့လူနာတွေ ဆေးရုံတက်လို့ ငွေကြေးအခက်အခဲဖြစ်တဲ့အခါ သီဟဖောင်ဒေးရှင်းက ဆေးဝါးစမ်းသပ်စစ်ဆေးခ၊ အစားအသောက်တွေအတွက် လှူဒါန်းပေးခဲ့ပါတယ်။ ဆေးရုံကြီးအတွက် ခွဲစိတ်ကိရိယာအပိုပစ္စည်းချုပ်စက်တွေလှူဒါန်းပေးခဲ့ပါတယ်။ သားကြီးမွေးနေ့သောကြာနေ့တိုင်း မေမေက သံဃာတော်တွေကို အပတ်စဉ် အရုဏ်ဆွမ်းလောင်းလှူပါတယ်။ ရေအခက်အခဲဖြစ်တဲ့ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွေ၊ ရိပ်သာတွေကို ရေဂါလန်(၁၆၀၀) ဆံ့ကားတွေနဲ့ရေပေးဝေလှူဒါန်းခဲ့ပါတယ်။ ဧရာဝတီတိုင်းဒေသကြီး၊ ဓနုဖြူမြို့နယ်၊ ကျောင်းကုန်းကျေးရွာက သုံးမြွာပူးကလေးမိခင်ကို နို့မှုန့်တစ်နှစ်စာထောက်ပံ့လှူဒါန်းနေပါတယ်။ ရေဘေးနဲ့ကြုံတွေ့ခဲ့ရတဲ့ ဒေသတွေ(သားဝန်ထမ်းအဖြစ်နေထိုင်တာဝန်ထမ်းဆောင်ခဲ့တဲ့ ပဲခူးတိုင်းဒေသကြီး)က ရွာတွေကို စားသောက်ဖို့ ဆန်အိတ်တွေ လှူဒါန်းခဲ့ပါတယ်။ ဖေဖေ၊ မေမေတို့ပြုခဲ့သမျှ ကုသိုလ်ဒါနတွေကို သားကြီးအတွက် ရည်စူးလှူဒါန်းပြီး သာဓုအနုမောဒနာခေါ်ဆိုပါ သားကြီးရေ။

**ကုသိုလ် …အမျှ…အမျှ…အမျှ…သာဓု…သာဓု…သာဓု**

**သားကြီးကိုအမြဲသတိရနေတဲ့**

**ဖေဖေ - ဦးမောင်မောင်လွင်(ဥက္ကဋ္ဌ-သီဟဖောင်ဒေးရှင်း သီဟအထွေထွေစီးပွားရေးလုပ်ငန်းစု)**
**မေမေ - ဒေါ်ခင်နီလာအေး(ရွှေမြန်မာ-ဟိုတယ်)**
**ညီလေး - ကိုအာကာလွင်**
**လမ်း(၃၀)၊ ၇၆×၇၇လမ်းကြား၊**
**ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့**

## ဖြည့်စွက်ဖတ်ရှုပေးပါရန်

၂၅-၆-၂၀၁၉ရက် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ-၃၁ပါ ဒေါ်ဘေဘီစံ (၅၉)နှစ် နာရေးကြော်ငြာတွင် ဦးတင်ငွေ-ဒေါ်သန်းဝင်း (ဦးတင်ငွေရွှေဆိုင်၊ဖျာပုံ)ဟု ဖြည့်စွက်ဖတ်ရှုပါရန်။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 62W/98505 Honda Dream 125 ယာဉ်လက်ဝယ်ရှိသူ NCX Myanmar Co.,Ltd.က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မိတ္ထီလာမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 65W/23358 Honda Scoopyi -110 ယာဉ်လက်ဝယ်ရှိသူ Bamboo Shade Family Co.,Ltd. က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မိတ္ထီလာမြို့)**

## အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဇောတိကလမ်း၊ အိမ်အမှတ်(၃၇) တွင်နေထိုင်သော ဦးစိန်အောင် ၁၂/တမန(နိုင်)၀၀၈၆၉၆၏သား မောင်သက်ကိုကိုအောင် ၁၂/တမန (နိုင်)၀၀၇၆၇၂သည် မိဘဆိုဆုံးမမှုကို နာခံခြင်းမရှိပါ၍ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စအရပ်ရပ်ကို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း။

**မိဘ ဦးစိန်အောင်-**
**ဒေါ်မာမာဝင်း**

## (၃)နှစ်ပြည့်အလွမ်း ရည်စူးတမ်းတ ဝေမျှကုသိုလ်

၂၆-၆-၂၀၁၆ ရက်က ဘဝတစ်ပါးသို့ပြောင်းသွား ကွယ်လွန်ခဲ့ပြီးဖြစ်သော ကျေးဇူးရှင် ခင်ပွန်းဖြစ်သူ ဘုရား၊ ရဟန်း၊ တန်ဆောင်း၊ မုခ်ဦးပြာသာဒ်၊ သိမ်၊ ကျောင်း၊ ဇရပ်၊ ရေတွင်း၊ ရေကန်၊ မဟာရုံတံတိုင်း၊ လမ်းနှင့်တံတား၊ မော်တော်ယာဉ် အလှူရှင်-

အလှူ့ဒါယကာကြီး ဦးကျော်သိန်း (ရွှေဝယ်သဇင်၊ ထားဝယ်မြို့)အား ကောင်းမွန်မြင့်မြတ်ရာဘုံဌာနသို့ လားရောက်ပါစေ၊ ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းရာအမှန် မြတ်နိဗ္ဗာန်သို့ မျက်မှောက်ပြုရပါစေဟု ရည်စူးသမျှ အာရုံပြုလျက်-

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ခုံဝင်းဒပ်ရပ်၊ မင်္ဂလာလမ်း၊ အမှတ် (၁၈၈)နှင့် တရုတ်ကျောင်းလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့နေ အလှူ့ဒါယိကာမကြီး ဒေါ်အေးသီနှင့် သားသမီး မြေးမြေးသားတစ်စုတို့က ၂၆-၆-၂၀၁၉ရက်(ဗုဒ္ဓဟူးနေ့)တွင် ထားဝယ်ခရိုင်၊ သရက်ချောင်းမြို့ နယ်၊ ညောင်ဇင်ရွာ၊ ညောင်ဇင်ကျောင်းကြီးတိုက်၌ မြတ်စွာဘုရားအမှူးရှိသော ပင့်သံဃာတော်အရှင်သူမြတ် (၇၂) ပါးနှင့် သီလရှင်(၁၁)ပါးတို့အား နေ့လယ်ဆွမ်းနှင့် နဝကမ္မ အစရှိသော ဒါတဗ္ဗဝတ္ထုအစုစုတို့ဖြင့် ဆက်ကပ်လှူဒါန်းခြင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ သဘာဝတရားရိပ်သာနှင့် ထားဝယ်ခရိုင်၊ သရက်ချောင်းမြို့နယ်၊ တောက်ထိန်တောင်ဇောဓိရိပ်သာတို့တွင် စတုပစ္စယဒါန၊ ဝေယျာဝစ္စနဝကမ္မ အလှူတော်ငွေကျပ်သိန်း (၅၀)စီတို့ဖြင့် ထောက်ပံ့လှူဒါန်းခြင်း အစရှိသော ကုသိုလ်ဒါနများ၊ နှစ်စဉ်မပျက်လှူဒါန်းခဲ့သော ကောင်းမှုကုသိုလ်များနှင့် အသက်ထင်ရှားရှိခဲ့စဉ်က စိတ်တူရည်တူကြည်ဖြူစွာလှူဒါန်းခဲ့ဖူးသော ဒါန သီလ ဘာဝနာ ကုသိုလ်အပေါင်းအစုမြတ်ကောင်းမှုတို့၏ အဖို့ဘာဂကို သွားလေသူနှင့်တကွ ဝေနေယျသတ္တဝါအပေါင်းတို့အား ကုသိုလ် အမျှ ပေးဝေငှသည် နတ်လူသာဓုခေါ်ဆိုနိုင်ကြပါစေသော်ဝ်-

**ဒေါ်အေးသီနှင့် သားသမီးမြေးများ**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးမောင်ချစ် (ကျောက်တွေ)

လုပ်ငန်းအရာရှိ၊ ပန်းထိမ်ဆရာကြီး၊ ကျောက်မျက်(ငြိမ်း)

အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၄)ရပ်ကွက်၊ ရွှေစင်လမ်း၊ အမှတ် ၃၀၆နေ (ဒေါ်သန်းသန်း)၏ခင်ပွန်း၊ ဦးမျိုးလွင်(လ/ထ ညွှန်မှူး-ငြိမ်း၊ ရေကြောင်းဦးစီးဌာန)-ဒေါ်နုနုခင် (ဒု-ဦးစီးမှူး-ငြိမ်း၊ ဆညန)၊ဦးမြတ်သူ (Senior Program Manager-Mercy-Corps)-ဒေါ်နှင်းမေထူး၊ ဦးမြတ်ဆွေ၊ ဦးအောင်ဆွေ(တပ်မတော်-လေ၊ ငြိမ်း)-ဒေါ်ဝင်းမာထွန်း၊ (ဒေါ်မြင့်မြင့်သန်း)၊ ဒေါ်မြင့်မြင့်ကြည် (မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း)တို့၏ဖခင်၊ Mr.Kong Swee Peng -ဒေါ်မျိုးသက်ထား(ခေတ္တ-စင်ကာပူ)၊ ဦးကျော်သူ (Sky Net)-ဒေါ်မျိုးဆုမွန်(Columbus Travels & Tours)၊ ဒေါ်အိသစ်သစ် လွင်(အမက-၃၊ လှိုင်သာယာ)၊ မောင်ဘုန်းမြတ်သူ(ဒုတိယနှစ်၊ နိုင်ငံ ရေးသိပ္ပံ၊ ရန်ကုန်တက္ကသိုလ်)၊မောင်ဇေယျာရဲထွဋ်(နဝမတန်း၊ ရွှေပင်ရွှေထီး ကိုယ်ပိုင်အထက်တန်းကျောင်း)၊ မအိမ့်ဟေသူမျိုး(အမက-၁၈၊ တာမွေ)၊ မောင်ခန့် ကိုကိုသူတို့၏အဘိုးသည် ၂၄-၆-၂၀၁၉ရက် (တနင်္လာနေ့)ညနေ ၅း၄၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၆-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၄၅ နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ယမုံနာ(၂)ရပ်ကွက်၊ (၁)လမ်း၊ အမှတ်(၂၀၇)ရှိ (၂)ခန်းတွဲ (၄)ထပ်ခွဲအနက် ဒါဘာအခန်း (မျက်နှာမူလျှင်ညာဘက်အခြမ်း)၊ အပေါ်ဆုံးထပ် အကျယ်အဝန်း(၁၁½ပေ×၅၅ပေ)တိုက်ခန်း(၁) ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရောင်းချပိုင်ခွင့်ရှိသူ ကန်ထရိုက်တာ ဒေါ်ဖြူဖြူဝင်း၏ကိုယ်စား ဦးကျော်ဇေယျာထွန်း ၁၂/တမန(နိုင်)၁၀၁၃၄၄ထံမှ ကျွန်မ ဒေါ်မြင့်မြင့်သန်း ၁၀/သထန(နိုင်)၂၁၄၉၁၀က ကြိုပွိုင့်စနစ်အရ ငွေအရစ်ကျပေးချေကာ ဝယ်ယူထားသော တိုက်ခန်းဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကျွန်မ ဒေါ်မြင့်မြင့်သန်း၏ သဘောတူခွင့်ပြုချက်မရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ အခြားတနည်းနည်းဖြင့် ပြုလုပ်လာပါက မည်သူကိုမဆို တည်ဆဲဥပဒေနှင့်အညီ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကြေညာသူ-**
**ဒေါ်မြင့်မြင့်သန်း**
**၁၀/သထန(နိုင်)၂၁၄၉၁၀**
**အမှတ်(၄၇/ခ)၊ ၁၆ လမ်း၊ ယမုံနာ(၂)ရပ်ကွက်**
**ဒေါပုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4J/2451 Mitsubishi Canter Truck (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးတင်မောင်နီ ၅/ခတန(နိုင်)၀၀၅၇၁၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး)၊ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ စံပြရန်ကင်းဈေး၊ မြေအောက်ထပ်၊ ဆိုင်ခန်းအမှတ်၁၃၊ ဆိုင်ခန်းအငှားချထားခံရသူ ဦးအေးမင်းလတ် ၁၄/ဒဒရ(နိုင်)၁၂၆၇၇၉၏ ဆိုင်ခန်းမှတ်ပုံတင်စာအုပ်အမှတ် (S-44886) ပျောက်ဆုံးသွားပါ၍ မိတ္တူမှန်ထုတ်ယူခွင့်လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက ၁၄ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ **ဈေးများဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဖုန်း-၀၉-၇၉၉၈၇၉၄၁၇**



## ကိုရီးယား-မြန်မာချစ်ကြည်ရေး(ဒလ) တံတား တည်ဆောက်ရေးလုပ်ငန်းခွင် မြင်ကွင်း

ကိုရီးယား-မြန်မာ ချစ်ကြည်ရေး(ဒလ) တံတားတည်ဆောက်ရေးအတွက် ဘိုးပိုင်တူးဖော်ခြင်းလုပ်ငန်းအား ဇွန် ၂၈ ရက်တွင် ပြုလုပ်မည်ဖြစ်ရာ ဘိုးပိုင်တူးဖော်ခြင်းလုပ်ငန်း အတွက် ဒလဘက်ခြမ်းလုပ်ငန်းခွင်ဧရိယာအတွင်း တည်ဆောက်ရေးလုပ်သားများက လိုအပ်သည်များ ပြင်ဆင်နေသည်ကို ဇွန် ၂၆ ရက်က တွေ့မြင်ရစဉ်။

မောင်ယဉ်ဦး(ဒလ)

# MNL ပွဲစဉ်(၁၄)တွင် ထိပ်ဆုံးမှ ဟံသာဝတီနှင့် လက်ရှိချန်ပီယံ ရန်ကုန် ထိပ်တိုက်တွေ့ဆုံ

ရန်ကုန် ဇွန် ၂၆

**၂၀၁၉ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၄)ကို ဇွန် ၂၈ ရက်မှ ၃၀ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ဇယားထိပ်ဆုံးမှ ဟံသာဝတီအသင်းနှင့် လက်ရှိချန်ပီယံ ရန်ကုန်အသင်းတို့ ထိပ်တိုက်တွေ့ဆုံလျက်ရှိသည်။**

ပွဲစဉ် (၁၄) ကို ပုံမှန်ကျင်းပနေသည့် စနေ၊ တနင်္ဂနွေနေ့အပြင် သောကြာနေ့တွင်ပါ ကျင်းပမည်ဖြစ်ပြီး ဟံသာဝတီနှင့် ရန်ကုန်၊ ရှောဝတီနှင့် ရတနာပုံ၊ ရှမ်းယူနိုက်တက်နှင့် စစ်ကိုင်းအသင်းတို့ ထိပ်တိုက်တွေ့ဆုံမှုများကြောင့် စိတ်ဝင်စားဖွယ် ကောင်းနေသည်။ ပွဲစဉ် (၁၄) အဖြစ် ဇွန် ၂၈ ရက်တွင် သုဝဏ္ဏကွင်း၌ Chinland အသင်းနှင့် Southern အသင်း၊ ဇွန် ၂၉ ရက်တွင် ပဲခူး Grand Royal ကွင်း၌ ဟံသာဝတီအသင်းနှင့် ရန်ကုန်အသင်း၊ သုဝဏ္ဏကွင်း၌ မကွေးအသင်းနှင့် ရခိုင်အသင်း၊ ဇွန် ၃၀ ရက်တွင် သုဝဏ္ဏကွင်း၌ ဇွဲကပင်အသင်းနှင့် ဒဂုံအသင်း၊ တောင်ကြီးကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့် စစ်ကိုင်းအသင်း၊ ပုသိမ်ကွင်း၌ ရှောဝတီအသင်းနှင့် ရတနာပုံအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ပွဲစဉ် (၁၃) အပြီးတွင် ဟံသာဝတီအသင်းက ၂၅ မှတ်ဖြင့် ထိပ်ဆုံးသို့ ရောက်ရှိလာပြီး ရန်ကုန်အသင်းက ၂၄ မှတ်၊ ရှမ်းယူနိုက်တက်နှင့် စစ်ကိုင်းအသင်းက ၂၃ မှတ်စီ၊ ရှောဝတီနှင့် ရတနာပုံအသင်းက ၂၁ မှတ်စီ၊ ရခိုင်အသင်းက ၁၉ မှတ်၊ ဇွဲကပင်အသင်းက ၁၄ မှတ်၊ ဒဂုံအသင်းက ၁၂ မှတ်၊ မကွေးအသင်းက ၁၀ မှတ်၊ Chinland နှင့် Southern အသင်းက ကိုးမှတ်စီ ရရှိထားသည်။ အမှတ်ပေးဇယားရပ်တည်မှုအရ အသင်းများအကြား အမှတ်ကွာဟမှု မရှိသောကြောင့် ပြိုင်ဆိုင်မှုပြင်းထန်လျက်ရှိပြီး ချန်ပီယံတိုက်ပွဲနှင့် တန်းဆင်းဇုန်တိုက်ပွဲအတွက် အသင်းများ အပြိုင်ဖြစ်နေသည်။ ယခုတစ်ပတ်တွင် တွေ့ဆုံနေသည့် ထိပ်ဆုံးမှ ဟံသာဝတီနှင့် ဒုတိယနေရာမှ ရန်ကုန်အသင်းတို့ တွေ့ဆုံမှုမှာ စိတ်ဝင်စားစရာအကောင်းဆုံးဖြစ်ပြီး ပြီးခဲ့သည့်ရက်ပိုင်းက ရန်ကုန်နည်းပြဟောင်း ဦးမျိုးမင်းထွန်းကို ဟံသာဝတီအသင်းက ခေါ်ယူခဲ့ခြင်းကြောင့် ယခုပွဲ၏ Tempo ကို ပိုပြီးမြင့်စေမည်ဖြစ်သည်။ ယင်းနှစ်သင်း ထိပ်တိုက်တွေ့ဆုံမှုကို အမှတ်တူရထားသည့် ၂၃ မှတ်စီ ရထားသော ရှမ်းနှင့် စစ်ကိုင်း၊ ၂၁ မှတ်စီရထားသော ရှောဝတီနှင့် ရတနာပုံအသင်းတို့က အခွင့်ကောင်းယူနိုင်ခြင်း ရှိ၊ မရှိ စောင့်ကြည့်ရမည်ဖြစ်သည်။




ရန်ကုန်နှင့် ဟံသာဝတီအသင်း ပထမအကျော့ တွေ့ဆုံခဲ့စဉ်။

ဓာတ်ပုံ-စိုးညွန့်

**စိတ်ဝင်စားစရာကောင်း**

ထို့ပြင် တန်းဆင်းဇုန်အတွင်းမှ အသင်းများ၏ ရုန်းကန်မှုကိုလည်း စောင့်ကြည့်ရမည်ဖြစ်ပြီး ဇယားအောက်ဆုံးနှစ်သင်းဖြစ်သည့် Chinland အသင်းနှင့် Southern အသင်း၊ တန်းဆင်းဇုန် အန္တရာယ်ရှိနေသည့် ဇွဲကပင်နှင့် ဒဂုံအသင်းတို့၏ ထိပ်တိုက်တွေ့ဆုံမည့်ပွဲများမှာ စိတ်ဝင်စားစရာကောင်းနေသည်။

**ညီမြတ်သော်တာ**

## (၇၂)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ်အဖြစ် ဝန်ကြီးများရုံးကို အခမဲ့ဖွင့်လှစ်ပေးမည်

စာ » ၁၁

................

## အရှေ့အလယ်ပိုင်းဒေသ၌ ဖြစ်ပွားနေသည့် တင်းမာမှုများနှင့် ပတ်သက်၍ မက်ခရွန်နှင့် ရူဟာနီဆွေးနွေး

စာ » ၁၄

# မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း တရုတ်ကလပ်အသင်းများနှင့် ခြေစမ်းပွဲကစားမည်

**ရန်ကုန် ဇွန် ၂၆**

၂၀၁၉ အာဆီယံ အမျိုးသမီးပြိုင်ပွဲအတွက် လေ့ကျင့်ပြင်ဆင်နေသည့် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် တရုတ်ကလပ်အသင်းများနှင့် ခြေစမ်းပွဲယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် တရုတ်ဘောလုံးအဖွဲ့ချုပ်တို့၏ ညှိနှိုင်းမှုအရ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ပြိုင်ပွဲအကြိုပြင်ဆင်မှုအဖြစ် ဇူလိုင် ၂၅ ရက်မှ ဩဂုတ် ၄ ရက်အထိ တရုတ်နိုင်ငံ ပေကျင်းမြို့၌ သွားရောက်လေ့ကျင့်မည်ဖြစ်ပြီး ခြေစမ်းပွဲသုံးပွဲကစားမည်ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် တရုတ်ပထမတန်းကလပ် ပေကျင်းအသင်း၊ ဒုတိယတန်းကလပ် ဟီဘီအသင်းတို့နှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး နောက်ထပ်တစ်သင်းအား ညှိနှိုင်းလျက်ရှိသည်။

*စာမျက်နှာ ၁၂ ကော်လံ ၁* ✻

